www.burmeseclassic.com



# နဂါးမင်းစံအိမ်
နှင့်
# ရှေးဟောင်းတရုတ်ပုံပြင်များ

BURMESE CLASSIC

လင်းထွန်း

www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုး ၃၀၀ ကျပ်

စောင်ရေ ၂၀၀၀ အုပ်

ပထမအကြိမ် ဖေဖော်ဝါရီလ၊ ၁၉၉၆ ခုနှစ်။
ဒုတိယအကြိမ် နိုဝင်ဘာလ၊ ၂၀၀၂ ခုနှစ်။

အတွင်းရိုက်
ပိုးတရင်ပုံနှိပ်တိုက်၊ ဦးမန်းနော်တင်၊
၁၂၈၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးရိုက်
မြင့်မေတ္တာအော့ဖ်ဆက်၊ ဦးမျိုးမြင့် (၀၅၂၁၀)၊
၁၂၁၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ချိုတေးသံစာပေ၊ ဒေါ်မိုးကေခိုင်၊
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလာဒုံမြို့နယ်။

ဖြန့်ချိရေး
လင်းထွန်းစာပေ

စာမူခွင့်ပြုမှတ် (၃၅/၂၀၀၂) (၉)
အဖုံးခွင့်ပြုမှတ် (၅၃/၂၀၀၂) (၁၀)

BURMESE CLASSIC

# နဂါးမင်းစံအိမ်
နှင့်
# ရှေးဟောင်းတရုတ်ပုံပြင်များ

## လင်းထွန်း

Famous Chinese Short Stories
Retold by LIN YUTANG

www.burmeseclassic.com

www.burmeseclassic.com

## ရွှေဟောင်း
## တရုတ်ပုံပြင်များ


| | |
|---|---|
| ငါးဘဝပြောင်းလဲခြင်း | ၆ |
| လူဝင်စားကျား | ၁၆ |
| နှတ်အိုကြီးဟောတဲ့ ဖူးစာဖက်မိန်းကလေး | ၂၇ |
| နဂါးမင်းစံအိမ် | ၃၉ |
| အရက်သမားအိပ်မက် | ၅၁ |
| ပိုနေမြဲ ကျားနေမြဲ | ၆၉ |
| စာအုပ်ထဲက ယမင်းပျို | ၇၂ |
| ဘုရားကျောင်းကဗျာဝိုင်းတစ်ခု | ၁၀၁ |
| စင်ဒရဲလား | ၁၂၁ |
| ပုရစ်နပန်းကောင် | ၁၂၉ |


www.burmeseclassic.com

www.burmeseclassic.com

# ငါးဘဝပြောင်းလဲသူ

## The Man Who Became a Fish

薛偉

ချင်ချန်းနယ် တရားသူကြီးအဖြစ် ရှီဟာ အမှုထမ်းနေတယ်။ အသက် သုံးဆယ်ကျော် ရှိတယ်၊ တရားသူကြီးချုပ်က ကျိုဆိုသူ ဖြစ်သတဲ့။ ဒီတရား သူကြီးချုပ်ရဲ့ လက်ထောက်တရားသူကြီး နှစ်ယောက်ကတော့ လေနဲ့ပေတို့ ဖြစ်သတဲ့။

၇၅၈ ခုနှစ် ဆောင်းဦးပေါက်ချိန်မှာ ရှီဟာ အကြီးအကျယ် နာမကျန်းဖြစ်တယ်။ အဖျားတက်အားကြီးလို့ ဆေးဆရာတွေနဲ့ ကုသပေမယ့် မသက်သာခဲ့ဘူး။ ခုနစ်ရက် ဖျားနေရင်းနောက် သတိမရဘဲ ရှိသတဲ့။ ရက်နည်းနည်းကြာတော့ မိသားစုတွေ၊ မိတ်ဆွေတွေက သူ့ကို သေပြီလို့ ယူဆတယ်။

ပထမမှာ သူက ရေဆာလို့ ရေတောင်းသောက်သေးသတဲ့။ ရေသောက်လိုက်တာ အတော်များတယ်၊ ဒါပေမယ့် နောက်ဆုံး မေ့မြော နေပြီး ဘာတစ်ခုမှ မစားဘူးတဲ့။ ဒီလို အိပ်နေရင်းက ရက်နှစ်ဆယ်မြောက် နေ့မှာ သန်းဝေလျက် ရုတ်တရက် ထထိုင်သတဲ့။

သူဟာ ဇနီးကို လှမ်းမေးလိုက်တယ်။



"ငါ အိပ်ပျော်တာ ဘယ်လောက်ကြာသလဲ"

"သုံးပတ်လောက် ရှိလိမ့်မယ်"

"အင်း ငါလဲ ဒီလောက်ကြာလိမ့်မယ်လို့ ထင်သားပဲ၊ အလုပ်က သူငယ်ချင်းတွေကို ငါသတိရပြီဆိုတာ သွားပြောချေ၊ သူတို့ ငါးဖယ်ဆုပ် ဟင်း စားနေကြသလားလို့ ကြည့်လာခဲ့၊ တကယ်လို့ ငါးဖယ်ဟင်း စားနေ ကြရင် ချက်ချင်းထားလိုက်ပါ၊ သူတို့ကို ငါပြောစရာရှိတယ်၊ ရုံးက မင်းစေ လုလင်ချန်ကိုလဲ တွေ့ချင်လို့ သူ့ကိုပါခေါ်လာခဲ့"

အိမ်ဖော်တစ်ယောက်ကို တရားရုံးဆီ စေလွှတ်လိုက်တယ်။ ရုံးမှာ သူတို့နေ့လယ်စာ စားနေကြသတဲ့။ အငွေ့ထနေဆဲ ငါးဖယ်ဆုပ်ဟင်း တစ်ခွက်လည်း ရှိနေသတဲ့၊ အိမ်ဖော်က ပြောပြလို့ သူတို့ဟာ မှာတဲ့အတိုင်း ရှီရဲ့အိမ်ဆီ လာကြတယ်။

မိတ်ဆွေဖြစ်သူ နေကောင်းပြီမှန်း သိရလို့ သူတို့ ပျော်တယ်လေ၊ ရှီက မေးပါရော။

"မင်းစေလုလင် ချန်ကို ငါးဝယ်စေသလား"

"အင်း"

သူဟာ ချန်ကို လှည့်မေးပြန်တယ်။

"မင်းဟာ တံငါသည် ချိုကိုဆီ ငါးဝယ်ဖို့ မသွားဘူးလား၊ သူက ငါးရောင်းဖို့ မငြင်းဘူးလား။ ငါပြောနေတုန်း စကားဖြတ်မပြောနဲ့ နော်၊ ရေကန်ကလေးထဲမှာ ကျူရိုးတွေဖုံးထားတဲ့ ငါးဖယ်ကို မင်းတွေ့ ခဲ့တယ်၊ မင်းဟာ ငါးကိုယူသွားတယ်။

ငါးမရှိဘူးလို့ လိမ်ညာလိုက်တဲ့ တံငါသည်ကိုလည်း စိတ်ဆိုးပြီး

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားတယ်၊ ရုံးစာရေးတွေက အရှေ့ဘက်ဝရန်တာမှာ ထိုင်နေကြတယ်၊ တချို့က စစ်တုရင် ကစားနေကြတယ်၊ ငါပြောတာ မှန်ရဲ့လား။ နောက်မင်းက ခန်းမဆီ ဝင်သွားတယ်၊ တရားသူကြီးချုပ်ကျုံနဲ့ လက်ထောက်တရားသူကြီးလေတို့ ဖဲရိုက်နေတယ်၊ ပေကတော့ သူတို့ ဖဲကစားနေတာကို သစ်တော်သီးစားရင်း ထိုင်ကြည့်နေတယ်၊ မင်းက တံငါသည်အကြောင်းကို ပြောတဲ့အခါ ပေဟာ တံငါသည်ကို တအားကန်လိုက်လို့ သူ အပြင်ဘက်ရောက်သွားတယ်၊ နောက် မင်းဟာ ငါးကို မီးဖိုခန်းထဲ ယူသွားတယ်၊ ထမင်းချက် ဝန်ချီလင်းက ငါးကိုသတ်ပြီး ချက်ပြုတ်တယ်၊ ဒီအတိုင်း သေချာရဲ့မဟုတ်လား”

သူတို့က ချန်ကို တစ်ယောက်တစ်ပေါက် မေးကြတယ်။ ပြောတဲ့အတိုင်း အသေးစိတ် မှန်နေသတဲ့။ သူတို့ အလွန်အံ့သြနေရင်း ရှိကို ဘာလို့ သိနေသလဲဆိုတာ မေးကြတယ်။

ရှိက သူငယ်ချင်းတွေကို ပြောပြတာ ဒီလိုကွယ့် ---

“ကျွန်တော် နေမကောင်းဘဲ ကိုယ်ချစ်ချစ်တောက်ပူနေတာ ခင်ဗျား တို့သိမှာပေါ့၊ ကိုယ်ပူလွန်းလို့ မခံမရပ်နိုင်ဘဲ ကျွန်တော်ဟာ မေ့မြောခဲ့တယ်၊ ဒါပေမယ့် ကိုယ်ပူရှိန်က ရှိနေဆဲမို့ အဖျားကျသွားအောင် ဘယ်လိုလုပ်ရပါ့ မလဲဆိုတာ စဉ်းစားတယ်၊ ပျော်စရာကောင်းတဲ့ မြစ်ဆိပ်မှာ လမ်းလျှောက်ထွက်ရင် ကောင်းမှာပဲလို့ တွေးမိတယ်။

“ဒါနဲ့ တုတ်ကောက်ကိုယူပြီး ထွက်ခဲ့တယ်၊ မြို့ပြင်ကို ရောက်ရောက်ချင်း လေအေးအေးကို ခံစားရတယ်၊ ကျွန်တော် အဖျား ချက်ချင်း သက်သာသွားတယ် ---



“အိမ်တွေဆီက လေပူတွေ ခေါင်မိုးကထွက်နေတာ မြင်ရတယ်၊ ကျွန်တော် အိမ်အပြင်လာခဲ့တာကို ဝမ်းသာမိတယ်၊ ဒါတင်ဘယ်ဟုတ်မလဲ ကျွန်တော်ဟာ ရေဆာလို့ ကန်စပ်ဆီလာတယ်၊ အရှေ့ကန်နဲ့ မြစ်ဆုံတဲ့နေရာဆီက ထောက်ထောက် လျှောက်ခဲ့တာပေါ့ ...

“မိုးမခပင်တွေအောက်က ကန်စပ်ဆီရောက်တော့ ရေပြာပြာဟာ လှိုက်လှဲစွာ ဖိတ်ခေါ်နေသလိုပဲ၊ ကန်ရေပေါ်မှာ လေအေးတိုက်ခတ်နေလို့ ငါးကြေးခွံလို လှိုင်းကြက်တွန့်ဖြစ်နေတယ်၊ ဒါနဲ့ ကန်ရေမျက်နှာပြင်တိုက် နေတဲ့လေကို ကြည့်နေမိတယ်၊ အေးအေးချမ်းသာ ရှိလိုက်တာဗျာ။ ကျွန်တော်ဟာ ရုတ်တရက် ရေချိုးချင်လာရော ...

“ကလေးတုန်းကဆို ကျွန်တော်က ရေကူးနေကျပဲ၊ ဒါပေမယ့် ကန်မှာ ရေမကူးဖြစ်တာကြာပါပြီ၊ ကျွန်တော် အဝတ်အကျီတွေချွတ်ပြီး ရေထဲဆင်းလိုက်တယ် ...

“ရေထဲစိမ်ရလို့ ကျွန်တော် ပျော်တယ်၊ ကြည်နူးတယ်၊ ရေအောက်ကို သုံးလေးခါ ငုံ့လိုက်သေးရဲ့၊ ကျွန်တော့်တစ်ကိုယ်လုံး အတော်သက်သာသွားတယ် ...

“မှတ်မိသလို ပြောရရင် ကျွန်တော့်ဘာသာပဲ ပေရယ်၊ လေရယ်၊ ကျိုရယ်၊ ငါ့ရဲ့မိတ်ဆွေတွေရယ်၊ သူ့တို့ဟာ ရုံးမှာချွေးတစိုစို တစ်နေကုန်နေရတာ သနားမိတယ်၊ ကျွန်တော်ဟာ ငါးဘဝ တစ်ခဏ ဖြစ်ချင်လာတယ်၊ ငါးဖြစ်နေရင် တံဆိပ်ခေါင်းကပ်ရတာ၊ တံဆိပ်ခတ်နှိပ်ရတာ၊ လက်မှတ်ထိုးရတာ၊ စာရွက်စာတမ်းတွေ ရေးရတာ မရှိဘူးပေါ့ ...

“ငါသာ ငါးဖြစ်ခဲ့ရင် ပျော်စရာကောင်းမှာပဲ၊ ရေထဲမှာ နေ့နေ့

www.burmeseclassic.com



ညည ကူးခပ်နေမယ်၊ အနီးမှာ ရေကလွဲလို့ အခြားဘာမျှ ရှိမနေဘူးလေ။

"ငါးတစ်ကောင်ဟာ ကျွန်တော့်ဆီရောက်လာပြီး ဆိုတာပေါ့

"ငါးဖြစ်ဖို့ အလွယ်လေးပါ၊ ကျွန်တော့်လို ငါးဖြစ်နိုင်ပါတယ်၊ ခင်ဗျား ဆန္ဒရှိရင် ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်တဲ့ ---

"ဒီလိုဆို ဟန်ကျတာပေါ့၊ ကျွန်တော်က ငါးသိပ်ဖြစ်ချင်နေတာ၊ ဒါနဲ့ ပြောရဦးမယ်၊ ကျွန်တော့်နာမည် ရှိလို့ခေါ်တယ်၊ ဒီမြို့က တရားသူကြီး ပဲပေါ့၊ ခင်ဗျားရဲ့ငါးတွေကို ပြောလိုက်စမ်းပါ၊ ကျွန်တော်ဟာ ဘယ်လို ငါး တစ်ကောင်ပဲဖြစ်စေ နေရာလဲချင်ပါတယ်၊ ကျွန်တော် ရေထဲကူးပြီးရင်း ကူးချင်နေတယ်ဗျာ"

ငါးဟာ ထွက်သွားပြီး မကြာခင် ငါးဦးခေါင်းရှိတဲ့ လူတစ်ယောက်နဲ့ အတူ ပြန်လာတယ်။ အဲဒီလူဟာ ဝါဝါတစ်ကောင်ကို စီးခဲ့တာပဲ။

ဝါဝါဆိုတာကို ပြောပြမယ်။ သူဟာ ခြေလေးချောင်းရှိပြီး ရေမှာနေတယ်။ ဒါပေမယ့် သစ်ပင်လဲ တက်တယ်။ သူ့ကို ဖမ်းမိရင်ပဲဖြစ်ဖြစ်၊ သတ်လိုက်ရင်ပဲဖြစ်ဖြစ် ကလေးလို အော်ငိုတယ်။ ငါးဦးခေါင်းနဲ့ ပုဂ္ဂိုလ်ဟာ ငါးမျိုးစုံပါဝင်တဲ့ အခြံအရံ တစ်ဒါဇင်ခေါ်ပြီး မြစ်နတ်ကြီးရဲ့ စာချွန်လွှာကို ဖတ်ပြတယ်။

ကျွန်တော် ပြောနေတာ တကယ်ပါ။ ဒီစာချွန်လွှာမှာ ရေးထားတာက သိပ်ပြေပြစ်တဲ့ စာတစ်ခုပါပဲ။

"အသင် ကုန်းမြေပေါ်ကလူသား သင်ဟာ ပင်လယ်မှာနေကြတဲ့ သတ္တဝါတွေနဲ့ အမူအကျင့်ကွဲပြားတယ်၊ အသင်ဟာ လူသဏ္ဍာန်နဲ့ နေခဲ့တာကြာလို့ရေမှာ အတော်မကျွမ်းကျင်ဘဲ ဖြစ်နေတယ်၊ စက်ရှင် တရားသူ



ကြီး ရှိဟာ စိတ်ချမ်းသာမှုကို လိုလားတယ်၊ လွတ်လပ်ငြိမ်းချမ်းတဲ့ ဘဝကို ရှာဖွေတယ်၊ ရုံးတာဝန်တွေကို မပျော်ပိုက်ဘဲ ငြီးငွေ့လျက်ရှိတယ်၊ သူဟာ အေးစိမ့်တဲ့ ကန့်ရေပြာနဲ့ မြစ်တွေကို တောင့်တနေသူဖြစ်တယ်။ ငါတို့ရဲ့ လွတ်လပ်ပြီး အတိုင်းမသိ ပျော်မွေ့ဖွယ် ရေသတ္တဝါဘဝကို ချစ်မြတ်နိုးတယ်၊ သူ့ရဲ့ဆန္ဒအတိုင်း အကြေးခွံရှိတဲ့ ရေသတ္တဝါတစ်ကောင်အဖြစ် ယခုပဲဖြစ်စေလိုက်ပါပြီ၊ သူ့ကို အညိုရောင်ငါးဖယ်တစ်ကောင်အဖြစ် အရှေ့ ရေကန်မှာ နေထိုင်စေလိုက်တယ်၊ တို့ဟာ ဒီလိုရှိတယ်ကွယ့်၊ မြစ်ချောင်း ပင်လယ်သတ္တဝါတွေဟာ မရိယာယ်ရှိတယ်၊ ဘေးအန္တရာယ် ကျရောက်လေ့ ရှိတယ်၊ အချို့က လှေသမ္ဗာန်တွေကို အမြဲရန်မူတယ်၊ အချို့က အတွေ့အကြုံနည်းပြီး စည်းမစောင့်လို့ လူတွေရဲ့ထောင်ချောက် အမျိုးမျိုးမှာ ဖမ်းဆီးခံရတယ်၊ ရေပျော်ဘဝမှာ သတိရှိဖို့ဟာ အသက်ရှည်ရေးအတွက် အကောင်းဆုံး အာမခံချက်ပါပဲ၊ ဒီထက်မှန်တဲ့စကား မရှိဘူး၊ သင့်ကို အဖွဲ့ဝင်သစ် တစ်ကောင်အဖြစ် ခွင့်ပြုလိုက်ပြီမို့ ငါးတစ်ကောင် အဖြစ် ဂုဏ်ယူဖွယ်နေထိုင်ပါလေ"

ကျွန်တော်ဟာ ဒီစာကို နားထောင်နေတုန်း ငါး တစ်ကောင် အဖြစ် ပြောင်းလဲသွားတယ်။

ကျွန်တော့်ကိုယ်မှာ လုပပြီး တောက်ပတဲ့ အကြေးခွံကို တွေ့နေတာပေါ့၊ အခုလို ပြောင်းလဲရလို့ ကျွန်တော်ဟာ ရေထဲ ကျကျနန ကူးခပ်နိုင်ခဲ့တယ်၊ အလွန်ပျော်စရာပဲပေါ့။

ဆူးတောင်တွေကို ပေါ့ပါးလွယ်ကူစွာ လှုပ်ရှားပြီး ရေမျက်နှာပြင် ထိ တက်နိုင်တယ်၊ ရေအောက်ကို ကျွမ်းထိုးနိုင်တယ်၊ ကျွန်တော်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲ ကူးသွားပြီး ကမ်းခြေက တွင်းတွေမှာ ကျက်စားတယ်၊ ချောင်းငယ် မြောင်းငယ်တွေထိလဲ သွားတယ်။ ဒါပေမယ့် ညအခါ ရေကန်ဆီ အမြဲပြန်လာတယ်။

ဒီလိုနဲ့တစ်နေ့ ကျွန်တော်ဟာ အလွန်ဗိုက်ဆာပြီး အစာရှာမတွေ့ဘဲ ဖြစ်နေရော။

ချိုကိုဟာ ငါးမျှားတံချပြီး ကျွန်တော့်ကို စောင့်နေတယ်၊ တီကောင်က မြူဆွယ်နေသလိုပဲလေ၊ ဒါကြောင့် ပါးဟပ်က သွားရည်ကျလာတယ်။

ကျွန်တော်က အန္တရာယ်အလွန်ရှိတဲ့ အရာမှန်းသိတယ်၊ ထိုးတောင် မဝံ့ရဲဘူး။ ဒါပေမယ့် တီကောင်ကို အလွန်စားချင်လို့ အောင့်အည်းမရဘဲ ဖြစ်နေတုန်း ကျွန်တော့်ကို သတိပေးထားတဲ့ စကားကို မှတ်မိပြီး လှည့်ထွက်လာခဲ့တယ်။ စားချင်စိတ်ကို မြိုသိပ်ပြီး တခြားဆီ ကူးသွားလိုက်တယ်လေ။

ဒါပေမယ့် ဗိုက်ထဲမှာ ကလီဆန်အောင် ဆာနေပြီကိုး၊ ကျွန်တော်ကြာကြာ ဘယ်နေနိုင်ပါ့မလဲ။

''ချိုကိုဟာ တီကောင်ကို ဝါးမျိုဖို့ ပြန်သွားရင်ပဲ တစ်ခါတည်းဖမ်းမိခံရတယ်။ ကျွန်တော်ဟာ ရုန်းဆန်ပေမယ့် ချိုကိုက ဆွဲယူလိုက်လို့အောက် နှုတ်ခမ်းမှာ သွေးထွက်ခဲ့ရတာပေါ့၊ ဒါနဲ့ လက်လျှော့ပြီး နေလိုက်တယ်။

သူဟာ ကျွန်တော့်ကို ဆွဲယူသွားတော့ ကျွန်တော်က ---

''ဟေး ---ချိုကို၊ ငါဟာ တရားသူကြီးရှိပါကွ၊ ငါပြောတာကြားသလား၊ ငါ့ကို မင်းသတ်ရင် အပြစ်ပေးခံရမှာပဲ''

လို့ အော်ပြောတာပေါ့။

ချိုကိုဟာ ကျွန်တော်ပြောတာကို မကြားဘဲ ကျွန်တော့်ရဲ့ နှုတ်ခမ်းမှာ ကြိုးသီပြီး ရေကန်ထဲမှာမြက်မှော်ပင်တွေနဲ့ ဖုံးထားခဲ့တယ်လေ။

ကန်ထဲမှာ ကျွန်တော် နေနေရတာပေါ့။ ကျွန်တော် ဘုရားစာဆိုရင်း ရှိနေတုန်း ရုံးက ချန်ကို လှမ်းတွေ့လိုက်တယ်။ သူတို့ပြောဆိုတာလဲ ကြားလိုက်ရတယ်၊ ချိုကိုဟာ ငါးကြီးကိုရောင်းဖို့ ငြင်းဆန်နေတယ်။

ဒါပေမယ့် ချန်ဟာ ကျွန်တော့်ကို တွေ့သွားပြီး ကန်ကြီးထဲက ကြိုး တန်းလန်းနဲ့ ခေါ်သွားတယ်၊ ကျွန်တော့်မှာ အကူအညီမဲ့ ဖြစ်နေတာပေါ့။

''ချန်ရယ်၊ မင်း ဘယ့်နှယ်လုပ်တာလဲ၊ မင်းတို့ ငါ့ အလုပ်ခန့်ထားတာပဲ၊ ငါဟာ တရားသူကြီးရှိပါကွ၊ ငါးအဝကို ခဏပြောင်းလဲပြီး နေတာပါ၊ ငါ့ကို မင်း ရိုသေရမယ်လေကွာ''

ဒါပေမယ့် ချန်က မကြားရုံမဟုတ်ဘဲ လုံးလုံးဂရုမစိုက်ဘူး။ ကျွန်တော်ဟာ အတတ်နိုင်ဆုံး အော်ပြောတယ်၊ သူ့ကို ဆဲဆိုတယ်၊ တဖျပ်ဖျပ်ခုန်တယ်၊ ဒါပေမယ့် အချည်းနှီးဖြစ်ခဲ့ပါတယ်။

ရုံးထဲရောက်တော့ စာရေးတွေ စစ်တုရင် ကစားနေကြတယ်၊ တံခါး အနီးမှာ သူတို့ ရှိနေတာပေါ့၊ သူတို့ကို တစ်ခါ အော်ပြောလိုက်တယ်၊ တရားသူကြီးမှန်း သူတို့မသိကြဘဲ စာရေးတစ်ယောက်က ''ဟင် ---အတော်လှတဲ့ငါးပါလား၊ သူဟာ သုံးဆယ်သား လေးဆယ်သားလောက် အလေးချိန်ရှိလိမ့်မယ်'' လို့ ဆိုလိုက်သေးရဲ့။

www.burmeseclassic.com



အခန်းထဲမှာ စောစောက ပြောသလို လူတွေကို တွေ့ရတာပဲ၊ ချန်က ခင်ဗျားကို ချိုကိုဟာ ငါးကြီးကို ဖက်ထားပြီး ငါးကလေးသော ရောင်းတဲ့အကြောင်း ပြောခဲ့တယ်လေ၊ ဒါကို ပေက လက်သီးလက်မောင်း တန်းပြီး ဒေါသဖြစ်နေတာပေါ့၊ ခင်ဗျားတို့ဟာ ငါးကြီးတစ်ကောင်ရလို့ ဝမ်းသာနေကြတယ်။

"သူ့ကို ထမင်းချက်သမားဆီ ပို့လိုက်၊ ထမင်းချက်ကို ကြက်သွန်နီ ပါးပါးလှီးပြီး မှိုနဲ့ရောချက်ဖို့ ပိုင်အရက် နည်းနည်းထည့်ဖို့ ပြောလိုက်ပါ"

လို့ ပြောသူဟာ ပေပဲ ဖြစ်မှာပါ။

ကျွန်တော်က ခင်ဗျားတို့ကို လှမ်းပြောလိုက်တယ်။

"အပေါင်းအသင်းတို့ရယ်၊ နေကြစမ်းပါဦး၊ ငါပြောတာ နားထောင်ပါ၊ မင်းတို့မှားနေကြပြီ၊ ငါဟာ ရှီပါကွ၊ မင်းတို့ ငါ့ကို တရားသူကြီးမှုန်း သိသင့်တယ်၊ ငါ့ကို မသတ်ပါနဲ့၊ မင်းတို့ ရက်စက်လှချည်လား ကွာလို့ဆိုပြီး မရပ်မနား ရှန်းကန်တာပေါ့။

ဒါပေမယ့် အလကားပဲလေ။ ခင်ဗျားတို့ဟာ နားမကြားဘဲ နေကြတယ်။ ကျွန်တော်ဟာ အသနားခံပြီး တောင်းပန်ပြောဆိုတယ်။

"ငါ့ကို ကြက်သွန်နီ ပါးပါးလှီးပြီး ချက်မှာလား၊ ပိုင်နည်းနည်း ထည့်ဦးမှာလား၊ မင်းတို့မှာ နှလုံးသားမရှိကြဘူး၊ သူငယ်ချင်းတစ်ယောက် အပေါ် ဒီလိုလုပ်ရမလား"

ကျွန်တော် စဉ်းစားရုံပဲ တတ်နိုင်လေသည်။ ဘယ်လိုမှ ပြောဆို မရဘဲ ရှိတာကိုး။

ချ[illegible]ဟာ ကျွန်တော့်ကို ထမင်းချက်ခန်းဆီ ယူသွားတယ်။ ထမင်း



ချက်ဟာ ကျွန်တော့်ကိုတွေ့တော့ မျက်လုံးကျယ်သွားတာပဲ။ သူဟာ ဓားကိုသွေးပြီး ကျွန်တော့်ကို မီးဖိုစားပွဲပေါ် တားလိုက်တယ်။ သူ့ရဲ့ မျက်နှာဟာ ပြောင်လက်ပြီး ရှိနေတာပေါ့။

"ဝန်ရှီလင်းရယ် --- မင်းဟာ ငါ့ရဲ့ ထမင်းချက်ပါ၊ ငါ့ကို မသတ်ဖို့ တောင်းပန်ပါတယ်"

ဝန်ရှီလင်းဟာ ကျွန်တော့်ကို ခါးလယ်က တင်းတင်းကိုင်လိုက်တယ်၊ ဓားသွားတလဲ့လဲ့ဟာ ကျွန်တော့်ရဲ့ ဦးခေါင်းပေါ်မှာပေါ့။ အဲဒီဓားဟာ ဝှီခနဲ ခုတ်ပိုင်းလိုက်ရော ကျွန်တော် ချက်ချင်းနိုးခဲ့တာပဲ။

ရှီရဲ့သူငယ်ချင်းတွေဟာ နားထောင်ရင်း အလွန် စိတ်မကောင်းဘဲ ဖြစ်ကြရှာတယ်။ သူပြောပြတာကိုလည်း အလွန်အံ့သြလျက်ရှိတယ်။ ဒါတွေဟာ တကယ်ပဲ မှန်နေတာကိုး။ သူငယ်ချင်းအချို့က ငါးရဲ့ ပါးစပ်ဟာ တလှုပ်လှုပ်ပြောနေမှန်း တွေ့ရသတဲ့၊ ဒါပေမယ့် ဘာစကားမှ မကြားရဘူးတဲ့။

အဲဒီနောက် ရှီဟာ လုံးလုံးနေကောင်းလာတယ်။ သူ့ရဲ့ သူငယ်ချင်းတွေဟာ ငါးဖယ်ဟင်းကို တစ်သက်လုံး မစားဘဲ ရှောင်လိုက်ကြသတဲ့။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

# လှ၀င်စားကျား

## *The Tiger*

張逢

ချန်ဖန်းဟာ ဖူကင်းမြို့ဆီ ခရီးထွက်လာသတဲ့။ ယွန်ဟိုမင်း (၈၀၆– ၈၂၀)နန်းတက်ချိန်ကာလပေါ့လေ၊ သူက မြောက်အရပ်သားမို့ သမပိုင်းရာသီက ရှန်းစိုချိုမြတဲ့ သစ်သီးဝလံတွေကို အကြိုက်တွေ့နေတယ်။ အချို့သီးနှံတွေကို သူ မမြင်ဖူးဘူး။

တခြားတစ်ခုက တောင်ဘက်အရပ်မှာ ကျားတွေရှိမှန်း ကြားသိခဲ့တယ်။ တစ်နေ့မှာ သူဟာ ဖူးချောင်းမြို့အနီးက ဟွန်ရှန်မြို့ကလေးဆီ အစေအပါးတစ်ယောက်နဲ့အတူလာရင်း ဧည့်ဂေဟာတစ်ခုမှာ တည်းခိုသတဲ့။

ဖူးချောင်းနယ်ဟာ ဖူကင်းမြို့နဲ့ ချိကိုင်မြို့ကို ပိုင်းခြားထားတဲ့ တောင်တန်းတွေ အထက်ပိုင်း မြစ်ဖျားအရပ်တစ်ခုပဲပေါ့။ ဝန်စည်စလယ်တွေကို နေရာချပြီးတဲ့အခါ သူ အပြင်ထွက်လည်သတဲ့။ ဒီအရပ်က တောတောင်ရေမြေတွေ နယ်သူနယ်သားတွေ အမျိုးသမီးတွေရဲ့ ဝတ်စားဆင်ယင်မှုတွေဟာ သူ ပထမဆုံး မြင်ဖူးတာဖြစ်သတဲ့။



လက်ထဲ တုတ်ကောက်တစ်ခုနဲ့ တစ်ယောက်တည်း တဖြည်းဖြည်း လာခဲ့ရင်း မိုးစဲပြီးစ မြက်ခင်းတွေကို ကြည်နူးနေတယ်။ တောင်တန်းတွေဘက်က လေတိုက်လျက်ရှိတယ်။ ရှုခင်းတွေက ထူးခြားဖွယ်ပဲလေ။

ရှေ့ဆီမှာဆိုရင် ရောင်စုံခင်းတွေလို့ ထင်ရတယ်။ ဆောင်းဦးပေါက်ချိန်ဖြစ်လို့ တောင်ခြေလျှောမှာ အနီရောင်၊ ရွှေရောင် မေပယ်လ်သစ်တောဟာ လန်းဆန်းနေတာပေ့ါ။

တောထူတဲ့ တောင်ခါးလယ်မှာ လှပတဲ့ အဖြူရောင်ဘုရားကျောင်း တစ်ခုရှိတယ်။ ရွှေရောင်အလင်းကိုပေးတဲ့ နေရောင်က သဘာဝရှုခင်းကို မှုန်ရီတောက်ပစွာ ဖန်တီးလျက်ရှိတယ်။

အပြာရောင်၊ ပန်းနုရောင်၊ အစိမ်းရောင် ဒီအရောင်တွေဟာ တော်ဝန်းကျင်မှာ စုံလင်စွာရှိကြတယ်။ အနီရောင်နဲ့ ရွှေရောင် ရောထွေးလျက် တောက်ပနေတယ်။ မှော်တောတစ်ခုလို ထင်ရဖွယ်ရှိတယ်။

သူဟာ ရုတ်တရက် မူးမေ့လောက်အောင် ခံစားလိုက်ရတယ်။ မျက်စိအစုံဟာ ကခုန်နေကြတဲ့ ကြယ်တွေကို မြင်လိုက်တယ်။ ဦးခေါင်းထဲ ချာချာလည်သွားသတဲ့။ အင်းလေ . . . မရောက်ဖူးတဲ့အရပ်၊ ရှုမောဖွယ် အလွန်ကောင်းတဲ့အရပ်၊ ရာသီဥတုကလည်း လုံးဝခြားနား လျက်ရှိတာကိုး။ နေရောင်ကောင်းစွာကျရောက်တဲ့ ဒေသတစ်ခုမို့ ဖြစ်မှာပါပဲ။

ရှေ့ဆီနည်းနည်းလျှောက်သွားတဲ့အခါ ကတ္တီပါမြက်ခင်းလွှမ်းထားသလို လှုင်ပြင်တစ်ခုရှိတယ်။ တောင်ခြေလျှော မြက်ခင်းတွေပဲပေါ့။ သူဟာ အပေါ်အင်္ကျီကို ချွတ်ပြီး တုတ်ကောက်နဲ့အတူ သစ်ပင်တစ်ခုမှာ ချိတ်ပြီးထားလိုက်တယ်။ အဲဒီမှာ အနားယူလဲလျောင်းလို့ အမောပြေသွား

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ကွယ်။

ကောင်းကင်ပြာဆီ သူ မော့ကြည့်လိုက်တယ်။ သဘာဝဟာ အလွန်လှပ အေးချမ်းလှပါဘိ။ လူတွေဟာ ငွေရဖို့၊ ရာထူးစည်းစိမ် ရဖို့ ကျော်ဇောထင်ရှားဖို့ လိမ်ညာကြတယ်၊ လှည့်စားကြတယ်၊ သတ်ဖြတ်ကြတယ်။ ဒါပေမယ့် အခုလို သဘာဝလောကဟာ ငြိမ်းချမ်းဖွယ် ကောင်းပါဘိ။

သူဟာ မြက်ခင်းပေါ် လူးလိမ့်ရင်း ပျော်ရွှင်ကြည်နူးလျက် ရှိတယ်။ မြေကြီးရနံ့ရယ်၊ လေပြေညင်းတွေရယ်ကြောင့် မကြာမီ သူ အိပ်ပျော်သွားသတဲ့။

နိုးလာတဲ့အခါ ဗိုက်ဆာနေပြီလေ။ ညနေခင်းချိန်မှန်း သိလိုက်တယ်။ ဝမ်းဗိုက်ကို ပွတ်သပ်တဲ့အခါ နူးညံ့တဲ့ အမွေးတွေကို ထိတွေ့လိုက်ရတယ်။

သူဟာ ချက်ချင်း ရပ်လိုက်ပြီး ငုံ့ကြည့်တဲ့အခါ လှပတဲ့အမည်းရောင် အစင်းတွေကို တွေ့တယ်။ လက်နှစ်ဖက်ကို ဆန့်တန်းကြည့်တယ်။ သူ့ရဲ့လက်တွေဟာ အားအင်အသစ်တွေရှိမှန်း ဝမ်းမြောက်ဖွယ် သိရသတဲ့။ ရိုးတွင်းခြင်ဆီမှာ ခွန်အားကောင်းနေပြီပေါ့။

သူ သန်းဝေလိုက်တဲ့အခါ အားအင်ရှိလှတဲ့ ဟိန်းသံကြီး ထွက်ပေါ်လာတယ်။ သူ့မျက်နှာကို သူကြည့် လိုက်တော့ နှုတ်ခမ်းမွေးအဖျား တွေကို မြင်တယ်၊ အလို ကြည့်စမ်းပါဦး။ သူဟာ ကျားတစ်ကောင်အဖြစ် ပြောင်းလဲသွားတာကိုး။

အခု သူဟာ ဝမ်းသာဖွယ်ပဲပေါ့။ ငါဟာ လူမဟုတ်တော့ဘဲ



ကျား ဖြစ်နေပြီလို့ သူ တွေးမိလိုက်တယ်။ ဒီလိုပြောင်းလဲသွားတာ ဆိုးလှပါဘူးလေ။

သူ့ရဲ့အင်အားကို စမ်းကြည့်ဦးမှပဲ။ သူဟာ တောထဲပြေးဝင်သွားတယ်။ ကျောက်တောင်တွေပေါ်မှာ ခုန်ပေါက်ရင်း ခွန်အားသစ်တွေ တိုးပွားလျက်ရှိတာမို့ ပျော်နေသတဲ့။ သူဟာ ဘုန်းကြီးကျောင်းဆီ လာခဲ့တယ်။ ခြံဝင်းတံခါးဆီရောက်တော့ ဝင်ခွင့်တောင်းဖို့ ရပ်နေသတဲ့။

ဘုန်းကြီးရဲ့ စကားသံကို အထဲဆီက ကြားလိုက်ရတယ်။

“ကျားလာတယ်ဟေ့၊ ငါ ကျားအနံ့ရတယ်၊ တံခါး မဖွင့်ကြနဲ့”

အခုမှ ခွကျပြီလေ၊ သူ့ဘာသာလည်း ငါဟာ ထမင်းစားဖို့နဲ့ ဗုဒ္ဓ တရားကို ဆွေးနွေးဖို့လာခဲ့တာ။ ဒါပေမယ့် ငါဟာ ကျားဖြစ်နေပြီကိုး။ ကိုယ်ငါလည်း ကျားနံ့ရသလိုလိုပဲဆိုပြီး တွေးနေတာပေါ့။

သူ့စိတ်ထဲ တောင်ခြေဆီဆင်းပြီး ရွာမှာအစာရှာဖို့ ဖြစ်ပေါ်လာတယ်။ လမ်းနံဘေးကချုံထဲ ဝင်ပုန်းနေတဲ့အခါ လှပတဲ့ မိန်းကလေးတစ်ယောက် ရှေ့ကလျှောက်သွားတာ မြင်သတဲ့၊ သူ့စိတ်ထဲ တွေးနေတာပေါ့လေ။

ဖူးချောင်းက မိန်းကလေးတွေဟာ အသားဖြူဖွေးတယ်၊ ကိုယ်ခန္ဓာ သေးသွယ်တယ်လို့ လူတွေပြောကြတယ်၊ တကယ်ပဲ ဖူးချောင်းသူတွေ ချောမောလှပသကိုး။

သူဟာ မိန်းကလေးဆီ ချဉ်းကပ်သွားတဲ့အခါ လုံမလေးဟာ ကြောက်အားလန့်အား အော်ဟစ်ပြေးရောတဲ့။

ဒီအတိုင်းဆို ကျားဘဝဟာ ဘာအသုံးကျမှာလဲ၊ လူတိုင်းက

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ရန်သူလို သဘောထားနေမှတော့ အနေရခက်ပါဘိ၊ ဒီမိန်းကလေးဟာ ချောမောလှပလို့ သူ့ကို ငါစားမှာမဟုတ်ဘူး။ ငါဟာ ဝက်တစ်ကောင်ကိုရှာပြီး စားသောက်ရလိမ့်မယ်။

သူဟာ ဆူဆူဖြိုးဖြိုး ဝက်ပို့တစ်ကောင်ကိုတွေ့ပြီး ဝက်သားစားဖို့ သွားရည်ကျလာသတဲ့။ ဒီလိုစားသောက်ရတာ ရုက်ဖွယ်အကောင်းသားပါပဲ။ ဒါပေမယ့် သူမှာ အစာစားချင်လို့ ဗိုက်ထဲက ကလီဆန်နေပြီလေ၊ သူ တစ်ခုခုကို စားသောက်ရမှာပဲ။ ဒါမှမဟုတ် အစာငတ်သေဖို့ ရှိမှာပေါ့။

သူဟာ ရွာထဲမှာ ဝက်ဖြစ်ဖြစ် နွားပေါက်တစ်ကောင်ပဲဖြစ်ဖြစ် ဒါမှမဟုတ် ကြက်တစ်ကောင်ပဲဖြစ်ဖြစ် ရှာဖွေသတဲ့။ ဒါပေမယ့် တိရစ္ဆာန်တွေကို ခြံထဲလှုံခြုံစွာထားလိုက်ပြီကိုး၊ အိမ်တံခါးတွေလည်း ကျားကိုကြောက်လို့ ပိတ်ထားကြတယ်။

သူဟာ အမှောင်ထဲ အိမ်တံခါးတွေကြားဝင်ပြီး လမ်းပေါ်က တိရစ္ဆာန်တစ်ကောင်တလေ တွေ့မလားဆိုပြီး ချောင်းလျက်ရှိတယ်။ ရွာသူရွာသားတွေဟာ သူတို့အရပ်ထဲ ကျားရောက်နေမှန်းသိလို့ ပြောဆိုနေကြတာပေါ့။

သူဟာ အစာမစားရဘဲ တောင်ပေါ်ပြန်လာခဲ့တယ်၊ ညဘက်မှာ အိမ်ပြန်လာတဲ့လူကို ချောင်းမြောင်းနေတယ်၊ ဒါပေမယ့် တစ်ယောက်မျှ ပေါ်မလာလို့ ခဏအိပ်လိုက်ဦးမှပဲဆိုကာ အိပ်နေတော့သတဲ့။

အရုဏ်တက်ခါနီးမှာ သူ နိုးလာတယ်၊ မကြာမီ တောင်ပေါ်လမ်းမှာ လူတွေရောက်လာကြတာပေါ့၊ မြို့ကလာတဲ့ လူတစ်ယောက်ဟာ လမ်းမှာတွေ့သူတွေကို ဖူးချောင်းမြို့နယ်မှူး ချန်ချိုယူကိုတွေ့



ပါသလားလို့ မေးနေသတဲ့။ မြို့နယ်မှူးက ဒီနေ့ရုံးကို ပြန်လာမှာကိုး။

"သင်းက စာရေးတစ်ယောက်ဖြစ်ဟန်တူပြီး မြို့နယ်မှူးဖြစ်သူကို ကြိုဆိုဖို့ လွှတ်လိုက်တာဖြစ်မှာပဲ။

ကျားဟာ ချန်ချိုယူကို စားချင်စိတ်ဖြစ်လာတယ်။ သူက ဘာကြောင့် လူသားကိုစားချင်ရသလဲဆိုတာ မသိနိုင်ဘူးပေါ့လေ။ ဒါပေမယ့် လူသားကို သူသိပ်စားချင်တာမို့ ချန်ချိုယူဟာ ပထမဆုံး သားကောင်ဖြစ်နေတယ်။

"ကျွန်တော် ထွက်လာတော့ ညွှဲဂေဟာမှာ သူနိုးနေပါပြီ၊ နောက်က လိုက်လာပါလိမ့်မယ်" လို့ လူတစ်ယောက်က ရုံးစာရေး ကို ပြောဆိုသံကြားလိုက်တယ်။

"သူတစ်ယောက်တည်းလား၊ အခြားအဖော်ပါသေးသလား၊ သူ ဘာဝတ်ဆင်လာသလဲဆိုတာ ပြောစမ်းပါဦး။ ဒါမှ ကျွန်တော်က သူ့ကိုသိမှာပေါ့၊ သူ့ကို ကြိုဆိုနှုတ်ဆက်တဲ့အခါ လူမမှားဖို့လိုတယ်"

"သူတို့သုံးယောက် လာကြတယ်၊ အကျီအမည်း ဝတ်ဆင်ထားသူဟာ ချန်ချိုယူပဲ"

ပုန်းနေရာဆီက ကျားဟာ သူတို့ပြောဆိုတာ သိရလို့ မျှော်လင့်ထားသလို ဟန်ကျပါဘိ၊ သူဟာ ချန်ချိုယူဆိုသူကို ကြားဖူးမြင်ဖူးတာမှ မဟုတ်ဘဲ၊ သူ့ရဲ့ သားကောင်ကို တောထဲကချောင်းနေရမ်ရှိသတဲ့။

မကြာမီ ချန်ချိုယူဟာ သူ့ရဲ့အတွင်းရေးမှူးတွေနဲ့အတူ တောင်ပေါ်လမ်းဆီ ရောက်လာတယ်။ သူတို့ဟာ အခြားခရီးသည်တွေနဲ့ ရော

www.burmeseclassic.com

www.burmeseclassic.com



နောပြီး ရောက်လာသတဲ့။

ချန်ချိယူဟာ ဝမြိုးတယ်၊ အသားနူးညံ့ပြီး စားလို့ကောင်းမှာပဲပေါ့။ သူ့ကို ခုန်အုပ်နိုင်လောက်တဲ့ နေရာဆီရောက်ရင်ပဲ ကျား ဖြစ်တဲ့ ချန်ဖန်းဟာ တစ်ဟုန်ထိုး ထွက်ခဲ့ပြီး သူ့ကို မြေပေါ်လှဲလိုက် တယ်၊ တောင်ပေါ် ကိုက်ချီခဲ့တယ်။ ခရီးသည်တွေဟာ ကြောက်လန့် ပြီး အားလုံးပြေးကုန်ပါရော။

ချန်ဖန်းရဲ့ ဆာလောင်မှုကို ဖြည့်ဆည်းခဲ့ရပြီလေ။ သူဟာ အရင်ကထက် ထူးခြားစွာ စားသောက်ပွဲကြီးတစ်ခုလို စားရသတဲ့။ မြို့နယ် မှူးကို စားပြီးတဲ့အခါ ဆံဝင်နဲ့ အရိုးတွေသာ ကျန်တော့သတဲ့။

အစာဝလို့ ခဏလှဲအိပ်နေလိုက်တယ်။ နိုးလာတဲ့အခါ သူ့ကို ရန်ပြုသူမဟုတ်တဲ့ လူသားကို စားမိတာကြောင့် စိတ်မကောင်းဖြစ်နေ သတဲ့၊ သူ ခေါင်းအေးအေးထားပြီး စဉ်းစားလို့ရပြီလေ၊ ကျားရဲ့ဘဝ ဟာ ဟန်မကျပါဘူး။

မနေ့ညက အဖြစ်ကို မှတ်မိနေတယ်။ သူ ဆာလောင်ပြီး မနေ နိုင်လို့ ရွာထဲဝင်လာတယ်။ တောင်ပေါ်တက်ခဲ့တယ်။ သူ့ဘာသာ ထိန်း ချုပ်ဖို့ ဘယ်လိုမှမရခဲ့ဘူးလေ။

"ဘာကြောင့် ငါဟာ မြက်ခင်းပြင်ဆီမသွားဘဲ နေရမှာလဲ၊ အဲဒီကိုရောက်ရင် ငါဟာ လူပြန်ဖြစ်ချင်ဖြစ်မှာပါ"

အဲဒီနေရာကိုရောက်တော့ သစ်ပင်အနီးမှာ သူ့ရဲ့အကျႌရယ်၊ တုတ်ကောက်ရယ် ရှိနေတာပေါ့။ သူ အိပ်လှဲလိုက်တယ်။ နိုးလာခဲ့ရင် လူပြန်ဖြစ်လိမ့်မယ်လို့ တွေးမိတာပေါ့လေ။ မြက်ခင်းပေါ် လူးလိမ့်ရင်း



ကြွန်ပိုင်းအချိန်မှာ လူသားအတိုင်း ပြန်ဖြစ်လာရောတဲ့။

သူ အလွန်ဝမ်းသာပေမယ့် ထူးဆန်းတဲ့ အဖြစ်အပျက်ကို ဇဝေဇဝါဖြစ်နေတုန်းပဲ၊ သူ့အကျႌကို ဝတ်ဆင်လိုက်တယ်။ တုတ်ကောက် ကို ယူလိုက်တယ်။ သူ မြို့ကိုလာခဲ့တယ်။

တည်းခိုခန်းဆီရောက်တော့ သူဟာ နှစ်ဆယ့်လေးနာရီလုံး လုံး တခြားကိုရောက်နေမှန်း သိသတဲ့။

သူ့ရဲ့တပည့်က မေးလိုက်တယ်။

"သခင် ဘယ်သွားနေသလဲ၊ ကျွန်တော် တစ်နေ့ကုန်ထိ လိုက်ရှာခဲ့တယ်"

တည်းခိုခန်းပိုင်ရှင်လည်း ရောက်လာပြီး သူ့ကို မျက်မြင်တပ် အပ်တွေ့လိုက်ရတယ်။

"ခင်ဗျားအတွက် စိတ်ပူလိုက်ရတာ ဘယ်ပြောကောင်းမလဲ၊ ဒီနယ်မှာ ကျားတစ်ကောင် ရောက်နေတယ်ဗျ။ မနေ့ညက အဲဒီကျား ကို မိန်းကလေးတစ်ယောက်က ရွာအနီးမှာ မြင်ရသတဲ့၊ ဒီနေ့မနက် မှာ ရုံးကိုသွားတဲ့ မြို့နယ်အရာရှိကို ကျားကိုက်စားလိုက်တယ်"

ချန်ဖန်းဟာ ညက ဘုရားကျောင်းမှာ ဗုဒ္ဓရဲ့ အဘိဓမ္မာတရား ကို ဆွေးနွေးရင်းရှိတယ်လို့ ပြောလိုက်တယ်။

တည်းခိုခန်းပိုင်ရှင်ဟာ ခေါင်းတဆတ်ဆတ် ညိတ်ကာ "ခင်ဗျား ကံကောင်းပေတယ်၊ အဲဒီဘက်မှာ ချန်ချိယူကို ကျားကိုက်သတ်ခဲ့တယ်" လို့ ဆိုတယ်။

"ဒီကျားက ကျွန်တော့်ကို ကိုက်စားမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ"

ချန်ဖန်းဟာ ဝေခွဲမရဘဲ ဆိုလိုက်တယ်။

"သူက ကျွန်တော့်ကို ကိုက်စားလို့မရနိုင်ပါဘူးလေ"

ချန်ဖန်းဟာ သူ့ရဲ့လျှို့ဝှက်ချက်ကို မပြောဘဲနေသတဲ့။ လူတစ်ယောက်ကို ကိုက်စားခဲ့တာ ပြောဖို့နေနေသာသာ သူ့နှုတ်က စကားဟဖို့တောင် ဝန်လေးဖွယ်ပဲပေါ့။

သူဟာ ဟိုနန်မှာရှိတဲ့ သူ့အိမ်ကို ပြန်လာခဲ့တယ်။ နှစ်နှစ်သုံးနှစ်အကြာမှာပေါ့။ တစ်နေ့မှာ ဟူအိုင်မြစ်အနီးက ဟူအိုင်ယန်မြို့မှာ ရှိနေခိုက် မိတ်ဆွေတွေက ထမင်းကျွေးတယ်။ ဝိုင်အရက်တွေ သောက်စားကြတယ်။ ထုံးစံအတိုင်း အရက်ဝိုင်းတစ်ခု ဖြစ်နေတာ ပေါ့။

စကားပြောဆိုရင်း အရက်ကိုကျိုက်လိုက်ရင်း သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် ထူးခြားတဲ့အတွေ့အကြုံတွေ ပြောပါရော။ ဒီလိုထူးခြားတဲ့အဖြစ်ကို မပြောနိုင်ရင် ဝိုင်တစ်ခွက်တိုက်ရမှာ ဖြစ်သတဲ့။

ချန်ဖန်းဟာ သူ့ရဲ့အဖြစ်အပျက်ကို ပြောသတဲ့။ ဒီအခါ သူတို့အထဲမှာ ချန်ချိုယူရဲ့သားတစ်ယောက် ရှိနေသတဲ့။ ချန်ချိုယူကို သူက ကိုက်စားခဲ့တာကိုး။

သူ့ရဲ့အတွေ့အကြုံကိုပြောနေတုန်း လူငယ်ဟာ တဖြည်းဖြည်း ဒေါသထွက်နေပါရော။ မျက်လုံးတွေ ပြူးကျယ်လာတယ်။ နားထင်ကြောတွေ ထောင်လာတယ်။

"ဒါဆို ခင်ဗျားက ကျွန်တော့်အဖေကို သတ်ခဲ့တာပေါ့"

ချန်ဖန်းက ပျာပျာသလဲ ထပြီး တောင်းပန်လိုက်တယ်။ သူဟာ



အကျပ်အတည်းထဲ ကျရောက်ခဲ့တာပေါ့။

"ဝမ်းနည်းပါတယ်၊ ငါက မင်းအဖေမှန်းမသိခဲ့ပါဘူး"

လူရွယ်က ဓားမြှောင်ကိုရုတ်တရက်ထုတ်ပြီး သူ့ဆီ ပစ်ပေါက်လိုက်သတဲ့။ ကံသီပေလို့ ဓားမြှောင်ဟာ လွဲချော်သွားကာ ကြမ်းပေါ် ချွင်းခနဲ ကျသွားတယ်။ လူရွယ်က သူ့ဆီပြေးဝင်ပြီး သတ်ပုတ်ဖို့ဆဲဆဲ မိတ်ဆွေတွေက ဖျန်ဖြေလိုက်ရသတဲ့၊ သူတို့လည်း ဘုမသိဘမသိဖြစ်နေကာ အရက်ဝိုင်းပျက်သွားတယ်။

လူရွယ်က အခဲမကျေနိုင်ဘူးပေါ့။

"ကျုပ်အဖေသေရသလို ခင်ဗျားကိုသတ်ပြီး လက်စားချေမယ်"

မိတ်ဆွေတွေက ချန်ဖန်းကို အမြန်ပြန်သွားဖို့ တိုက်တွန်းပြီး ခေတ္တခဏပုန်းနေစေတယ်။ အဲဒီတုန်းမှာ ချန်ချိုယူရဲ့သားကို ဖျောင်းဖျပြောဆိုသတဲ့။

"ဖခင်သေဆုံးခဲ့လို့ လက်စားချေဖို့က လျော်ကန်သင့်မြတ်ပေမယ့် တကယ်တမ်းပြောရရင် ချန်ဖန်းဟာ ကျားဖြစ်နေတုန်းမှာ ချန်ချိုယူကို ကိုက်စားခဲ့တာဖြစ်တယ်၊ ဘယ်သူမှ လူသတ်ချင်မှာ မဟုတ်ဘဲကိုး။ အခုကိစ္စက ထူးခြားလျက်ရှိတယ်၊ အမှားအမှန်ကို လွယ်လွယ်ယူဆလို့ မဖြစ်ဘူး။ ဒီလို အခြေအနေမှာ လက်စားချေဖို့ မှန်ကန်တယ် မမှန်ကန်ဘူးဆိုတာ ခွဲခြားသိရလိမ့်မယ်"

လူရွယ်ဟာ ဖခင်ရဲ့ ဝိညာဉ်အတွက် ကြိမ်းဝါးပြောဆိုနေဆဲ ဖြစ်သတဲ့။

နောက်ဆုံးမှာ မိတ်ဆွေတွေက မြို့နယ်တပ်မှူးဆီ ပြောပြတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ တုပ်မှူးအရာရှိက ဟွာအိုင်မြစ်တစ်ဖက်မှာ လူရွှယ်ကို နေစေ လိုက်ပြီး မြောက်ဘက်ကမ်းဆီ မလာဖို့ တားမြစ်သတဲ့။

ဒီအတောအတွင်း ချန်ဖန်းဟာ နာမည်ပြောင်းလဲပြီး သူ့နောက်ကို ရေမြေဆုံးတိုင် လိုက်လာမယ့် ရန်သူနဲ့ဝေးရာ အနောက်မြောက်ဘက်ဆီ ထွက်သွားတယ်။

လူရွှယ်ဟာ သူ့အိမ်ရာကို ပြန်ရောက်တဲ့အခါ မိတ်ဆွေတွေက ပြောကြသတဲ့။

“ငါတို့က ဖခင်အတွက် လက်စားချေဖို့ကိစ္စမှာ မင်းအပေါ် ကိုယ်ချင်းစာပါတယ်၊ ဒါဟာ သားတစ်ယောက်ရဲ့ တာဝန်ဖြစ်ပေမယ့် ချန်ဖန်းဟာ ကျားဖြစ်ပြီး မင်းရဲ့ဖခင်ကို ကိုက်စားခဲ့တာမို့ သူ့ကို အပြစ်ပြောဖွယ်မရှိဘူး။ သူဟာ မင်းရဲ့ဖခင်မှန်း မသိဘူး၊ သူ့ကို သတ်ဖို့ကြံရွယ်ချက်လဲ မရှိဘူး။ ဒီကိစ္စက ဆန်းကြယ်တဲ့ ထူးထူးခြားခြား အဖြစ်အပျက်တစ်ခုပဲကွယ့်၊ လူသတ်မှုတစ်ခုလို မဟုတ်ဘူး။ တကယ်လို့ မင်းက သူ့ကိုသတ်မယ်ဆိုရင် မင်းပဲ လူသတ်မှုကိုကျူးလွန်ရာ ဖြစ်လိမ့်မယ်”

သူဟာ ဒီစကားကို လက်ခံလိုက်ပြီး ချန်ဖန်းကိုတွေ့ဖို့ လိုက်ရှာမနေတော့ဘူးကွယ်။

♛ ♛ ♛

# နတ်ကိုကြိုးပေးတဲ့ ဖူးစာဖက်မိန်းကလေး

## *Matrimony Inn*

## 定婚店

ဝေကူဟာ လိမ္မာတဲ့ မိန်းကလေးတစ်ယောက်ကို အိမ်ထောင်ပြုချင်လျက်ရှိတယ်၊ ဒါပေမယ့် ခုချိန်ထိ မတွေ့သေးဘူးလေ၊ ဘာကြောင့်လဲဆိုတော့ သူက အိမ်ထောင်ဖက်ကို တော်တော် ရွေးလွန်းတာကိုး။

၈၀၇ – ခုနှစ်မှာ စီဟိုမြို့ကို သူ ခရီးထွက်ခဲ့တယ်။ ဆွန်ချန်းတောင်ဘက်တံခါးဆီရောက်တော့ ရွာပြင်က ထမင်းဆိုင်မှာ တည်းခိုသတဲ့။

တစ်စုံတစ်ယောက်က ပန်မိသားစုရဲ့ သမီးကို စေ့စပ်ပေးသတဲ့၊ သူနဲ့ အဆင့်အတန်းတူ မိန်းကလေးပဲပေါ့။

အောင်သွယ်သမားက သူနဲ့တွေ့ဆုံစေဖို့ လန်ရှင်းဘုရားကျောင်းမှာ ချိန်းလိုက်တယ်။ မနက်ခင်းမှာ တွေ့ရမှာဖြစ်သတဲ့။ ချမ်းသာသူ ရုပ်ရည်ချောသူလို့ သတင်းကြီးတဲ့ မိန်းကလေးကို ပေါင်းဖက်ရတော့မှာမို့ သူ စိတ်လှုပ်ရှားနေတာပေါ့။

ဝေဟာ မအိပ်နိုင်ဘဲ အရုဏ်တက်ချိန်မှာ ထပြီး ဖြီးလိမ်းသန့်

www.burmeseclassic.com



စင်ကာ အကျီကောက်ဝတ်လိုက်တယ်။ ချိန်းဆိုတဲ့အချိန်ကို မီအောင် ထွက်လာသတဲ့။ နီထွေးထွေး လရောင်ဟာ မှုန်ဝါးဝါးကောင်းကင်မှာ တောက်ပဆဲ။ မိုးမှ မလင်းသေးဘဲကိုးကွယ့်။

ချိန်းတဲ့နေရာကိုရောက်တော့ ဘုရားကျောင်း လှေကားမှာ အဘိုးအိုတစ်ယောက် ထိုင်နေတာတွေ့သတဲ့။ သူဟာ မှုန်ဝါးဝါးလရောင်မှာ စာအုပ်ဖတ်နေသတဲ့။ အိတ်ကလေးတစ်ခုက သူ့အနီးက ကြမ်းပြင်မှာ ရှိသတဲ့။

အချိန်မဟုတ်ဘဲ စောစောစီးစီး စာဖတ်နေတဲ့ အဘိုးအိုကို သူ စူးစမ်းမိတယ်၊ သူ့ပခုံးအထက်က လှမ်းကြည့်လိုက်တော့ သူနားမလည်တဲ့စာ ဖြစ်နေသတဲ့။

ဝေကူဟာ ရှေးစာတွေ၊ တိမ်ကောသွားတဲ့စာတွေ၊ ဒါတင် မဟုတ်ဘူး သင်္ကေတစာကိုပါ သိသတဲ့။ ဒါပေမယ့် အခုစာကိုတော့ သူနားမလည်ဘူးလေ။

"ခင်ဗျားဖတ်နေတာ ဘာစာလဲဗျ၊ တဆိတ်ရှင်းပြပါဦး။ ကျွန်တော်ဟာ ရှိသမျှဘာသာစကားကို သိပေမယ့် ဒီစာမျိုးကို တစ်ခါမှ မတွေ့ဖူးဘူး"

အဘိုးအိုက ပြုံးလျက်ဆိုသတဲ့။

"ဟုတ်တာပေါ့၊ မင်းဘယ်သိပါ့မလဲကွယ့်၊ ဒီစာက မင်းသိတဲ့ ဘယ်လိုဘာသာစကားနဲ့မှ ရေးထားတာမဟုတ်ဘူး"

"ဒါဖြင့် ဘယ်လိုစာလဲ"

"မင်းဟာ လူသားတစ်ယောက်ကွယ့်၊ ဒီစာက နတ်တွေရဲ့စာပဲလေ"



"ဒါဖြင့် ခင်ဗျားဟာ နတ်တစ်ယောက်ပေါ့၊ ဒီမှာ ဘာလုပ်နေသလဲ"

"ငါက ဘာကြောင့် ဒီကိုမလာဘဲနေရမလဲ၊ စောစောစီးစီး ငါလာတာပေါ့၊ မင်းသိတဲ့အတိုင်း ခုအချိန်က ညဘက်နဲ့ နေ့ဘက်စပ်ကြားပဲ ရှိသေးတာ၊ ခုနေချိန်မှာ တွေ့ရတဲ့ လူတွေဟာ တစ်ဝက်က လူသားတွေ၊ တစ်ဝက်က နတ်တွေပဲကွယ့်၊ မင်းဟာ လူနဲ့နတ်ကို သေသေချာချာ သိရမှာ မဟုတ်ဘူး၊ အဘိုးက လူသားတွေကိစ္စမှာ ထိန်းသိမ်းနေရသူပဲ၊ ညဘက်မှာဆို လူတွေရယ်၊ သူတို့ရဲ့ လိပ်စာတွေရယ် ဒါကို စုံစမ်းရတာ အဘိုးရဲ့အလုပ်ပဲပေါ့"

"ဘယ်လိုကိစ္စလဲဗျ"

"ဖူးစာရေးကိစ္စလေကွာ"

ဝေကူဟာ အလွန် စိတ်ဝင်စားသွားတယ်။

"ခင်ဗျားက ကျွန်တော်သိချင်နေတဲ့ ဖူးစာရေးနတ်ကြီးပဲကိုး၊ တဆိတ်ဗျာ ကျွန်တော်က သင့်တော်တဲ့ မိသားစုထဲက မိန်းကလေး တစ်ယောက်ကိုယူဖို့ ရှာမတွေ့ဘဲ ဖြစ်နေတယ်။ အခု ပန်မိသားစုထဲက မိန်းကလေးကို ချိန်းထားတာဗျ၊ အဲဒီမိန်းကလေး သိပ်ချောတယ်လို့ဆိုတယ်၊ ယဉ်ကျေးသိမ်မွေ့တယ်၊ အကျင့်သီလကောင်းတယ်၊ ကျွန်တော် သူနဲ့ ညားမလားဆိုတာ ပြောစမ်းပါဦး"

"သူ့နာမည်နဲ့ လိပ်စာက ဘာလဲ"

ဝေကူက ပြောပြလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုဟာ လက်ထဲကစာအုပ် မှာ လှန်လှောကြည့်လိုက်ပြီး နောက် သူ့ကိုပြောသတဲ့။

''ဝမ်းနည်းစရာပဲ၊ လင်နဲ့မယား ညားဖို့ ဖူးစာရေးနတ်က စီရင်မှန်း မင်းသိတယ်နော်၊ အဲဒီလူတွေကို ဒီစာအုပ်မှာ ရေးမှတ်ထားတယ်၊ အဘိုးတွေ့တာက မင်းရဲ့ဇနီးဟာ အခုသုံးနှစ်သမီးပဲ ရှိသေးတယ်၊ သူ ဆယ့်ခုနစ်နှစ် ရောတဲ့အခါ မင်းနဲ့ညားလိမ့်မယ်၊ စိတ်ပူမနေပါနဲ့''

''စိတ်ပူမနေနဲ့ ဟုတ်စ၊ ကျွန်တော်ဟာ နောက်ထပ် ဆယ့်လေးနှစ်အထိ လူပျိုကြီးဖြစ်နေဦးမယ်လို့ ဆိုတာလား''

''ဒီအတိုင်းပဲ ရှိတာကိုး''

''ပန်တို့ရဲ့မိန်းကလေးကို ကျွန်တော် မညားဘဲနေမှာလား''

''ဟုတ်တယ်ကွယ့်''

ဝေ ဟာ အဘိုးအိုရဲ့စကားကို ယုံရနိုးနိုး မယုံရနိုးနိုး တွေးနေပြီး မေးလိုက်တယ်။

''ဟိုအိတ်ထဲမှာ ဘာရှိသလဲဗျာ''

အဘိုးအိုရဲ့မျက်နှာဟာ ပြုံးရွှင်လျက် ဂရုတစိုက် ရှင်းပြလိုက်တယ်။

''အနီရောင် ပိုးကြိုးတွေကွယ့်၊ အဲဒါ အဘိုးရဲ့တာဝန်မှန်း မင်းသိသားပဲ၊ ဒီစာအုပ်မှာ ဖူးစာရေးနတ်ဖြစ်တဲ့ မောင်မယ်တွေကို ရေးမှတ်ထားတယ်၊ ယောကျ်ားကလေးရယ်၊ မိန်းကလေးရယ် သူတို့ မွေးလာပြီဆိုရင် သူတို့မှာ လင်ရယ် မယားရယ်ဖြစ်ဖို့ နဖူးစာပါလာတယ်ကွယ့်၊ အဘိုးဟာ ညဘက်မှာ ရောက်သွားပြီး သူတို့ရဲ့ခြေမှာ



ဖူးစာရေးကြိုး ချည်နှောင်လိုက်ရင် သူတို့ရဲ့ဖူးစာဟာ အလွန်မြဲနေတာပဲ၊ သူတို့ကို ဘယ်လိုမှခွဲမရဘူး၊ တစ်ယောက်က ဆင်းရဲမယ်၊ တစ်ယောက်က ချမ်းသာမယ်၊ ဒါမှမဟုတ်ဘူး တို့ဟာ မိုင်ပေါင်းထောင်သောင်းမက ဝေးပါစေ၊ ဒါမှမဟုတ် မသင့်မြတ်တဲ့မိသားစုထဲက ဖြစ်ပါစေ၊ နောက်ဆုံး သူတို့ဟာ လင်နဲ့မယားဖြစ်ပြီး ညားရတာပါပဲ၊ သူတို့ကိုယ်တိုင် ဖူးစာဖက်ကို လိုချင်တိုင်းရနိုင်မှာ မဟုတ်ဘူး''

''ကျွန်တော်ရဲ့ ဖူးစာဖက်ကိုလဲ ကြိုးချည်ထားပြီးပြီလား''

''အင်း''

''ကျွန်တော်နဲ့ညားမယ့် သုံးနှစ်အရွယ်ကလေးမဟာ ဘယ်မှာလဲ''

''သူက ဈေးထဲ ဟင်းသီးဟင်းရွက်ရောင်းတဲ့ အမျိုးသမီးဆိ ကျ နေတယ်၊ ဒီကနေ သိပ်မဝေးပါဘူး၊ အမျိုးသမီးက ဈေးကို နေ့တိုင်းလာတယ်၊ မင်းစိတ်ဝင်စားရင် မိုးလင်းတော့ ငါ့နောက်လိုက်ခဲ့ ပေါ့၊ အဘိုး ညွှန်ပြပါ့မယ်''

အရုဏ်တက်ချိန်မှာ ချိန်းထားတဲ့သူ ရောက်မလာဘူး။

အဘိုးကပြောတယ်။

''သူ့ကိုစောင့်နေလို့ အလကားပဲဆိုတာ သိရပြီမဟုတ်လား''

သူတို့ စကားလက်ဆုံကျပြီး ပြောတဲ့အခါ ဝေ က အဘိုးဟာ ရင်းနှီးဖွယ် ပြောဆိုတတ်မှန်း သိရသတဲ့၊ အဘိုးက ဒီအလုပ်ကို အလွန် သဘောကျတယ်လို့ ဆိုသတဲ့။

''အဲဒါ အတော်ထူးဆန်းတယ်၊ ပိုးကြိုးကလေးရဲ့ ဖူးစာပေါ်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်၊ ကောင်လေးနဲ့ ကောင်မလေးကို သူတို့အိမ်မှာ ကိုယ်စီကြီးပြင်းလာကြတာပဲ၊ တစ်ခါတစ်ရံမှာ တစ်ယောက်ယောက် မွေးဖွားပြီးမှန်းကို မသိဘူး၊ ဒါပေမယ့် အချိန်တန်ရင် သူတို့ချင်းဆုံမိကြပြီး ကျွမ်းထိုးမှောက်ခုံ ချစ်ကြိုက်ပါရော၊ သူတို့ဟာ ဘယ်သူခွဲခွဲ အမြဲချစ်ပြီးနေတယ်၊ မိန်းကလေးဖြစ်ဖြစ် ယောကျ်ားကလေးဖြစ်ဖြစ် ကြားဝင်လာရင် အဲဒီသူဟာ ဖူးစာကြိုးမှ တုတ်မိပြီး သူဘာသာ သတ်သေတဲ့ အဖြစ်ကို ငါ ထပ်တလဲလဲ ကြုံဖူးတယ်''

ဈေးက အနီးလေးရယ်၊ အခုဆို လူစည်လျက် ရှိနေပြီလေ။

အဘိုးက ခေါင်းညိတ်ခေါ်ကာ အိတ်ကိုယူပြီး ထလိုက်တယ်။

''အဘိုးနောက်က လိုက်ခဲ့ပါ''

သူတို့ ဈေးဆီရောက်တဲ့အခါ အဘိုးက ဆိုင်ကလေးတစ်ခုကို ညွှန်ပြသတဲ့။ ဆိုင်ငယ်အတွင်းမှာ ဆံပင်ဖားလျားနဲ့ မွဲညစ်ညစ် အမျိုးသမီးကြီးတစ်ယောက်ဟာ ဟင်းရွက်ရောင်းနေသတဲ့။ ကလေးငယ်ကိုလည်း နို့စို့စေထားတယ်၊ အဘွားရဲ့ မျက်လုံးအစုံဟာ ပြာမွဲနေတာ မို့ မမြင်ရှာဘဲရှိသတဲ့။

''ဟိုကလေးမပဲ၊ ဒီသမီးငယ်ဟာ မင်းရဲ့ဇနီး ဖြစ်လာလိမ့်မယ်''

ဝေ ဟာ အသံထွက်ပြီး ကျိန်ဆိုလိုက်တယ်။ ''ခင်ဗျားဘယ့်နှယ်ပြောတာလဲ၊ ကျွန်တော့ကို ကျီစယ်နေတာလား''သူက အဘိုးအိုကို စိတ်ဆိုးပြီး လှည့်ကြည့်လိုက်တယ်။

''မဟုတ်ပါဘူးကွယ်၊ ဒီကလေးဟာ ကံကောင်းတဲ့ ကြယ်တာရာအောက်မှာ မွေးဖွားခဲ့သူပဲ၊ သူက မင်းနဲ့ညားပြီး ချမ်းချမ်းသာသာ



နေရလိမ့်မယ်၊ နောင်အခါမှာ သားဖြစ်သူရဲ့ဂုဏ်ကြောင့် အထက်တန်းစားတစ်ယောက် ဖြစ်လိမ့်မယ်''

ဝေ ဟာ ပိန်ခြောက်ခြောက်လမ်းပေါ်က အဘိုးအိုကို မုန်းတီးချက်ရှိသတဲ့။ သူ့ကို ရန်တွေ့လိုက်ချင်တယ်လေ၊ ဒါပေမယ့် သူ လှည့်ကြည့်တဲ့အခါ အဘိုးအိုကွယ်ပျောက်သွားပြီပေါ့။

သူဟာ တစ်ယောက်တည်း အိမ်ပြန်လာခဲ့တယ်။ စိတ်ထဲ ကျေမချမ်းဘဲ ရှိတယ်၊ ဘာကြောင့်လည်းဆိုတော့ အဘိုးအိုပြောတဲ့ စကားကို ယုံရခက်ခက် ဝေခွဲမရဘဲ ဖြစ်နေတာကိုး။

သူ့စိတ်ထဲမှာ ငါဟာ ပညာတတ် တစ်ယောက်ပဲလေ၊ မျိုးရိုးကောင်းတဲ့ မိသားစုထဲက သမီးနဲ့ မညားရင်တောင် လောကမှာ လှပတဲ့ အမျိုးသမီးတစ်ယောက်ကို ရနိုင်ပါတယ်လို့ ဖြေသိမ့်လိုက် တယ်။

သူဟာ စဉ်းစားလေလေ ပေကျံလျက်ရှိတဲ့ ကလေးမကို မုန်းတီးစိတ်ဖြစ်လေလေရှိပြီး မသတီဘဲ ဖြစ်နေတော့သတဲ့။ ဒီအတိုင်း ဖြစ်လေမလားဆိုတာ အဲဒီညက အိပ်မပျော်ဘဲ ရှိသတဲ့။

နောက်နေ့မနက်မှာ တပည့်နဲ့အတူ ဈေးဘက်ကို သွားသတဲ့။ ကလေးငယ်ကို ဓားနဲ့ထိုးသတ်ရင် ဆုအများကြီးပေးမယ်လို့ ကတိပြုပြီး တပည့်ကို ခိုင်းစေသတဲ့။

အမျိုးသမီးဟာ ကလေးကိုချီပြီး ဆိုင်ထဲမှာရှိသတဲ့၊ အခွင့်ရတဲ့အခါ တပည့်က ဓားကို လက်ခနဲထုတ်ကာ ကလေးကိုထိုးပြီး ထွက်ပြေးသွားသတဲ့။

ကလေးငိုသံနဲ့ အမျိုးသမီးကြီး အော်ဟစ်သံကြောင့် ဈေးမှာ

www.burmeseclassic.com

www.burmeseclassic.com



ရုတ်ရုတ်သဲသဲဖြစ်ကုန်တယ်။ "လူသတ်သမားကို ဖမ်းကြပါ" လို့ အမျိုးသမီးကြီးက အော်လိုက်တာပေါ့။ အဲဒီလို ဖြစ်နေတုန်း ဝေနဲ့ သူ့တပည့်ဟာ လွတ်မြောက်သွားသတဲ့။

"ကလေးမငယ်ကို သတ်ခဲ့သလား"

"ဟင့်အင်း ကျွန်တော် သူ့ကိုချိန်ပြီး ဓားနဲ့ထိုးလိုက်တဲ့အခါ သားငယ်ဟာ ရုတ်တရက်လှည့်လိုက်တာမို့ သူ့ရဲ့မျက်ခုံးဆီမှာ ရှသွားဟန်တူတယ်"

ဝေ ဟာ မြို့က အမြန်ဆုံး လစ်ထွက်ခဲ့တယ်။ မကြာခင် ဒီအဖြစ်အပျက်ကို မေ့ပျောက်နေရောတဲ့။

အဲဒီနောက် သူဟာ နေပြည်တော်ကို ထွက်ခဲ့တယ်။ နောက်ဆုံးတွေ့တဲ့ချစ်သူကို လက်လွှတ်ရလို့ စိတ်ပျက်နေတာပေါ့။ လက်ထပ်ဖို့ စိတ်ကူးကို မေ့လိုက်တော့သတဲ့။

သုံးနှစ်အကြာမှာ တန်မိသားစုထဲက မိန်းကလေးတစ်ယောက်ကို ဟုတ်တိပတ်တိ ဆုံစည်းဖို့ ဖြစ်လာသတဲ့။ ကွမ်းတောင်ကိုင်မိန်းကလေးတစ်ယောက်ပဲပေါ့၊ ပညာလည်း တတ်သတဲ့။ သူ့ရဲ့အချောအလှကြောင့် လူတိုင်းက သိနေသတဲ့။ လူတွေက ဝေကို ချီးမွမ်းလျက်ရှိတယ်။

ဒီဖနီးလောင်း သတ်သေတဲ့သတင်းဆိုးကို သိရတဲ့မနက်မှာဆိုရင် လက်ထပ်မင်္ဂလာပွဲအတွက် ပြင်ဆင်ပြီးစီးနေပြီကွယ်၊ မိန်းကလေးက အခြားသူတစ်ယောက်ကို ချစ်နေတာကိုး။

ဝေဟာ အိမ်ထောင်ပြုဖို့ နှစ်နှစ်မစဉ်းစားဘဲ နေလိုက်တယ်။



သူ့အသက်ဟာ နှစ်ဆယ့်ရှစ်နှစ်ရှိခဲ့ပြီလေ၊ လူကုံထံအသိုင်းအဝိုင်းက မိန်းကလေးကို လက်ထပ်လိုတဲ့ စိတ်ကူးကို ပြောင်းလဲလိုက်တယ်။

တစ်နေ့တော့ ရွာထဲက ဘုရားကျောင်းမှာ နားနေခိုက် လယ်သမားရဲ့သမီးကိုတွေ့ပြီး ချစ်ကြိုက်လေသတဲ့၊ မိန်းကလေးကလည်း သူ့ကို အရူးအမူးချစ်သတဲ့၊ သူတို့ စေ့စပ်လိုက်ကြတယ်။ သူဟာ မြို့တက်ပြီး မိန်းကလေးအတွက် ပိုးအင်္ကျီနဲ့ လက်ဝတ်ရတနာတွေ ဝယ်သတဲ့။

သူပြန်လာတဲ့အခါ ဖနီးလောင်းဟာ ရောဂါဆိုး ရုတ်တရက်ဝင်ပါရော၊ သူက နေကောင်းတဲ့အထိ စောင့်ပါသေးရဲ့။ ဒါပေမယ့် တစ်နှစ်ကျော်ထိ နေကောင်းမလာဘူး၊ မိန်းကလေးဟာ ဆံပင်တွေကျွတ်ပြီး မျက်စိကွယ်သွားလေသတဲ့။

မိန်းကလေးက သူ့ကို ငြင်းဆိုကာ အခြားထိုက်တန်တဲ့ မိန်းကလေးကို ယူပါလို့ ဆိုသတဲ့။

တကယ်တမ်း ဆုံစည်းသူနဲ့ မတွေ့ခင် နှစ်နှစ်သုံးနှစ် ကြာခဲ့ပြန်တယ်။ မိန်းကလေးဟာ ချောမောလှပရုံ မဟုတ်ဘဲ အသက်ငယ်ရွယ်သတဲ့။ စာပေကို ချစ်မြတ်နိုးသတဲ့။ အနုပညာနဲ့ ဂီတကို ဝါသနာပါသတဲ့။ ဒီလိုမိန်းကလေးနဲ့ ယှဉ်ရလောက်အောင် ရှိမနေဘူးပေါ့။ သူ့ကို စေ့စပ်လိုက်တယ်။

မင်္ဂလာမဆောင်ခင် သုံးရက်မှာ မိန်းကလေးဟာ လမ်းနံဘေးက လျှောက်နေတုန်း ကျောက်တုံးတစ်ခုကို ခလုတ်တိုက်မိပြီး လဲကျသေဆုံးလေသတဲ့။

ဝေကျူဟာ အခု ကြမ္မာဆိုတာကို နားလည်နေပြီလေ။ မိန်းကာ

www.burmeseclassic.com

www.burmeseclassic.com



လေးကို ဒုက္ခခံကာ လိုချင်မနေတော့ဘူး။ ရန်ချောင်မြို့မှာ အရာရှိ ဖြစ်ပြီး တာဝန်တွေ ထမ်းဆောင်နေရင်း အိမ်ထောင်ပြုဖို့ စိတ်မကူး ဘဲ နေသတဲ့။

ဒါပေမယ့် သူဟာ အလုပ်ကြိုးစားလို့ တရားသူကြီးဝမ်တိတ်က တူမဖြစ်သူနဲ့ လက်ထပ်ပေးစားဖို့ ကမ်းလှမ်းသတဲ့။

ဒီကိစ္စကို ဝေကူဟာ စိတ်နာကြည်းနေတယ်။

"ဘာကြောင့် ခင်ဗျားရဲ့တူမကို ကျွန်တော်နဲ့ပေးစားချင်တာလဲ၊ ကျွန်တော် အသက်ကြီးနေပြီပဲ"

တိုက်တွန်းအားကြီးလို့ သူလက်ခံပေမယ့်၊ စိတ်အားထက်သန် မနေဘူး။ လက်ထပ်မယ့် နေ့အထိ သူဟာ သတို့သမီး မမြင်တွေ့ခဲ့ဘူး။ ဒါပေမယ့် မိန်းကလေးက ယဉ်ရှယ်သူမို့ ဝေဟာ သဘောကျ သွားသတဲ့။ ဘာပဲဖြစ်ဖြစ် မိန်းကလေးဟာ သူ့အဖို့ ဇနီးကောင်း တစ်ယောက်ပါပဲ။

မိန်းကလေးဟာ ဆံပင်ကို ညာဘက်နဖူးပေါ် ဖြီးသတဲ့။ ဒီလို ဆံပင်ဖြီးတာကို ဝေဟာ လှတယ်လို့ သဘောကျတယ်။ ဒါပေမယ့် ဆံပင်ဖြီးတာ ထူးခြားသလိုဖြစ်နေတော့ နှစ်လ သုံးလအကြာမှာ မေးသတဲ့။ ဒီအချိန်မှာ ဝေဟာ မိန်းကလေးကို စွဲလမ်းနေပြီပေါ့။

"မင်းရဲ့ဆံပင်ကို တစ်ခါတလေ ဘာကြောင့် မပြောင်းလဲဘဲ ဖြီးသတုန်း။ ကိုယ်ပြောတာက ဆံပင်ကို ဘာကြောင့် ညာဘက်ခြမ်း အမြဲချထားရသလဲလို့ပါ"

ဇနီးက ဆံပင်ကိုမကာ အမာရွတ်တစ်ခုကို ပြသတဲ့။

"တွေ့သလား"

"ဒဏ်ရာ ဘယ်လိုရခဲ့သလဲ"



"ကျွန်မ သုံးနှစ်သမီးအရွယ်က ဒဏ်ရာပေါ့၊ အဖေဟာ ရုံးမှာ လုပ်ကိုင်ရင်း ဆုံးသွားတယ်၊ အမေနဲ့အစ်ကိုလည်း တစ်နှစ်တည်း မှာ ဆုံးရှာတယ်။ ကျွန်မကို ကလေးထိန်းအမျိုးသမီးက စောင့်ရှောက် ထားတာပဲ။ တောင်ဘက်ဝင်းအနီးမှာ ကျွန်မတို့အိမ်ရှိတယ်လေ၊ အဖေ ရဲ့ရုံးက ဆွန်ချန်းမှာရှိတာကိုး၊ ကျွန်မကိုစောင့်ရှောက်တဲ့ ကလေးထိန်း က ဥယျာဉ်စိုက်ပြီး ဈေးမှာရောင်းတယ်။

တစ်နေ့မှာ သူခိုးတစ်ယောက်ဟာ အကြောင်းမဲ့သက်သက် ကျွန်မကိုသတ်ပါတယ်။ ဒါကို ကျွန်မတို့ နားမလည်နိုင်ဘူးလေ။ ကျွန်မ တို့မှာ ရန်သူမရှိပါဘူး။ သူခိုးက အကြံမအောင်ပေမယ့် ကျွန်မဟာ နဖူးမှာ ဒဏ်ရာမပျောက်ဘဲ ရှိရတော့တယ်။ ဒါကြောင့် အမာရွတ်ကိုဖုံးပြီး ဖြီးတာပါပဲရှင်"

"ဒီကလေးထိန်းမိန်းမဟာ မျက်စိကန်းနေသလား"

"ဟုတ်ကဲ့၊ ရှင် ဘယ်လိုကြောင့်သိတာလဲ"

"ကျွန်တော်ဟာ အဲဒီသူခိုးပဲ၊ ဒါ ထူးဆန်းမနေပါဘူး၊ အရာရာ တိုင်းဟာ ကံတရားစီမံရာကို ခံရမှာပဲလေ"

သူက မိန်းကလေးကို လွန်ခဲ့တဲ့ ဆယ့်လေးနှစ်က အဘိုးအို တစ်ယောက်နဲ့ကြုံဆုံတာကို ပြောပြတယ်။ ဇနီးကလည်း သူ ခြောက် နှစ် ဒါမှမဟုတ် ခုနစ်နှစ်အရွယ်မှာ ဦးလေးက ဆွန်ချန်းမှာတွေ့လို့ ဦးလေးရဲ့မိသားစုနဲ့အတူနေဖို့ ခေါ်ခဲ့တယ်။ အခု ရန်ချောင်းမှာ ဝေကာ မြင်တွေ့တာပါလို့ ပြောတယ်။

အဲဒီအခါမှာ သူတို့ဟာ ဖူးစာကံ ကောင်းကင်ဗိမာန်မှာ ရှိတာ

www.burmeseclassic.com

www.burmeseclassic.com



မို့ သူတို့ဟာ ဖူးစာနှောင်ကြိုးအတိုင်း ချစ်ကြိုက်တာကို သိရသတဲ့။

မကြာမီ သူတို့ဟာ ကလေးတစ်ယောက် မွေးသတဲ့။ ကလေးကို ကွန်လို့ခေါ်တယ်။ သူဟာ နောင်အခါ တိုက်ကျုန်မြို့မှာ တရားသူကြီးဖြစ်လာသတဲ့။ ဒီသားကြောင့် မိခင်ဟာလည်း ဂုဏ်သရေရှိ အမျိုးသမီးအဖြစ် လေးစားခံရတယ်။

ဆွန်ချန်းမြို့က တရားသူကြီးဟာ သူတို့မြို့က ဒီအဖြစ်အပျက်ကိုသိရတဲ့အခါ ဝေကူ တည်းခိုဖူးတဲ့ ထမင်းဆိုင်ကလေးကို ကင်ပွန်းတပ် နာမည်ပေးလိုက်တယ်။

"ဖူးစာရေး ညှိဂေဟာ"တဲ့။

♛ ♛ ♛



## နဂါးမင်းစံရာ

## A Lodging For The Night

李衛公靖

ဗိုလ်ချုပ် လီချင်းလို့ မထင်မရှား လူငယ်တစ်ယောက်ဖြစ်တုန်းကပေါ့။ သူဟာ အမဲပစ်လေ့ရှိသတဲ့။ ဟိုတောင်ရိုးဘက်မှာ အမဲပစ်ထွက်တာမို့ သူ့ကို ဟိုရွာသားတွေက သိနေကြပြီကွယ့်။

ဒါ့အပြင် သူက အနုပ်မြင့်မြင့် ရုပ်ရည်ချောမောပြီး လူအားလုံးကို ခင်မင်စွာဆက်ဆံလို့ လူတွေက သဘောကျတာပေါ့ကွယ်။

သူ အမဲပစ်ထွက်တဲ့အခါ ထမင်းစားဖို့ နားလေ့ရှိတဲ့ရွာတစ်ရွာရှိတယ်။ အဲဒီရွာက အစ်ကိုကြီးတစ်ယောက်က သူ့ကို တည်းခိုဖို့၊ စားသောက်ဖို့ အမြဲခွင့်ပြုသတဲ့။ သူနောက်ကျတဲ့အခါ မြို့ထဲဝင်လို့ ရောဲကို။

အစ်ကိုကြီးက ချမ်းသာတာမို့ သူတည်းခိုတဲ့အခါ အခမဲ့ထား။ လီချင်းကို နွေးပြီးသားစားစရာ၊ နွေးထွေးတဲ့အိပ်စရာကို ပေးသတဲ့။ ဒီလိုနဲ့ သူတို့ဟာ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်ခဲ့တယ်။

တစ်နေ့မှာ လီချင်းဟာ သမင်တစ်အုပ်ကိုတွေ့လို့ ခြေရာခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့ရော။ သူက မြင်းစီးကျွမ်းကျင်တာကိုး။ တောင်ပေါ်တက်ခဲ့ ပြီး တောင်ကြားဆီ ချက်ချင်းရောက်လာသတဲ့။ တစ်ခါတစ်ရံ တောင် ထိပ်မှာ ဆိတ်တွေရဲ့ခြေရာကို တွေ့တယ်။ အဲဒီမှာ သမင်တွေကို တွေ့မှာပဲလို့ ထင်ပေမယ့် သူတို့ ရှောင်ပြေးလွတ်မြောက်သွားသတဲ့။

ကိုက်ငါးရာဆီက လှုပ်လှုပ်ရှားရှား ဖြစ်နေတာမို့ မုဆိုးကျော် တစ်ယောက်ဟာ ဘယ်လက်လွတ်ခံပါ့မလဲကွယ်။ သူဟာ တောင် တွေကို တစ်ခုပြီးတစ်ခု ကျော်လာခဲ့တယ်။ ဒီအချိန်မှာ အဝေးတော် မှောင်လာလို့ ဘယ်ဆီရောက်နေမှန်းတောင် မသိဘဲ ဖြစ်နေသတဲ့။

သူဟာ အားခဲပြီး ပြန်လာပေမယ့် ဒီတောကို သူ လမ်းမသိ ဘူးလေ။ မကြာခင် တောင်ထိပ်ဆီက မီးရောင်တစ်ခုကို တွေ့လိုက် ရလို့ ဝမ်းသာသွားသတဲ့။ တောင်က တစ်ဖက်ဆီကဖြစ်ပေမယ့် အဲဒီကို နာရီဝက်အတွင်းမှာရောက်လာတယ်။

တစ်ညတာတည်းခိုဖို့ ဟန်ကျပြီပေါ့လေ။ မီးရောင်မြင်ရတဲ့ အိမ်ဟာ အိမ်ကြီးရှိုင်တစ်ခုဖြစ်ပြီး မြင့်မားတဲ့ အဖြူရောင်နံရံတွေ ရှိတယ်။ ဝင်းတံခါးက အနီရောင်ဖြစ်သတဲ့။

တံခါးခေါက်လိုက်ပြီ စောင့်နေတဲ့အခါ အတော်ကြာမှ အစေ အပါးတစ်ယောက်က တံခါးဖွင့်ပေးသတဲ့။ ဘာကိစ္စအတွက် လာသလဲ လို့ သူ့ကိုမေးတယ်။

လီချင်းက အမဲပစ်ထွက်ရင်း လမ်းပျောက်နေလို့ တစ်ည တည်းခိုခွင့်ပြုပါလို့ ပြောသတဲ့။

''ဝမ်းနည်းပါရဲ့ဗျာ။ ခင်ဗျားကို တည်းခိုခွင့်ပြုဖို့ မဖြစ်နိုင်ဘူး။



အိမ်ကလူတွေ အပြင်ထွက်နေကြလို့ အိမ်ရှင်မတစ်ယောက်ပဲ ရှိနေတယ်''

''ဒီအိမ်ရှင်မကို ဘာပဲဖြစ်ဖြစ် တောင်းပန်ပြောဆိုမပေးနိုင် ဘူးလား''

အစေအပါးဖြစ်သူဟာ အိမ်ထဲဝင်သွားပြီး မကြာခင် ရောက်လာ ပါတယ်။

''ဝင်ခဲ့ပါ။ သခင်မက ပြောပြောချင်း လက်မခံပါဘူးဗျာ၊ ဒါပေမဲ့ ခင်ဗျားကို လမ်းမှားလာသူမှန်း သိရလို့သာ တည်းခိုခွင့်ပြုလိုက်တယ်''

သူက လီချင်းကို ခန်းမကြီးဆီ ခေါ်သွားခဲ့တယ်။ အထဲမှာ ပရိဘောဂတွေက ခမ်းနားလှပါဘိ။ တလဲ့လဲ့တောက်ပနေတဲ့မီးခွက် တွေ ထွန်းညှိထားတယ်။ အခြားလှပဆန်းကြယ်တဲ့ အရာတွေလည်း ရှိတယ်။

မကြာခင် အမျိုးသမီးတစ်ယောက် ရောက်လာပြီးဆိုတယ်။

''သခင်မကြီး လာပါလိမ့်မယ်''

သခင်မကြီးဟာ အသက်ငါးဆယ်ကျော် ရုပ်ရည်ချောမောတဲ့ အမျိုးသမီးတစ်ယောက်ပဲ။ သူဟာ အနက်ရောင်အင်္ကျီကို ရိုးရိုးပဲ ဝတ်ဆင်ထားသတဲ့။ လီချင်းဟာ အမျိုးသမီးရဲ့ကိုယ်မှာ တန်ဖိုးအရှိဆုံး တွေချည်း ဆင်မြန်းထားတာကို သတိပြုမိသတဲ့။

သူက ရိုသေစွာနှုတ်ဆက်လိုက်ပြီး သူ့ကို ဘာမှာကြားလိုပါ သလဲလို့ မေးသတဲ့။

''ဒီညမှာ သားတွေအပြင်ရောက်နေကြလို့ ခါတိုင်းဆိုရင် ညသည်တွေကို လက်မခံဘူး။ မင်းဟာ ညအချိန်မတော် လမ်း ပျောက်လာသူဖြစ်လို့ သနားကရုဏာထားပြီး ခွင့်ပြုလိုက်တယ်''

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးရဲ့စကားဟာ နူးညံ့ချိုသာလှသတဲ့။ အမျိုးကောင်းမိဘနှစ်ပါးက မွေးဖွားလာခဲ့သူတစ်ယောက်လို့ ထင်ရဖွယ်ရှိတယ်။ ဖြူတဲ့ဆံပင်တောင်မှ မြင်တွေ့ရတာ လှနေသတဲ့။

လီချင်းကို ညစာ စားမြိန်ဖွယ် တည်ခင်းတယ်။ ငါးတွေကို အမိုက်ချက်ပြုတ်ထားတဲ့ ဟင်းတွေပါသတဲ့။ ပယင်းခွက်တွေမှာ ဆင်စွယ်တူနဲ့ စားရသတဲ့။

စားသောက်ပြီးတဲ့အခါ အမျိုးသမီးက မှာကြားတယ်။

"မင်းဟာ ခရီးပန်းလာတာမို့ အိပ်ချင်ရော့မယ်၊ မင်းကို မိန်းကလေးတွေက လိုအပ်တာတွေ ဆောင်ရွက်ပေးလိမ့်မယ်"

လီချင်းက ကျေးဇူးတင်ကြောင်းဆိုပြီး နှုတ်ဆက်တယ်။ အမျိုးသမီးလည်း 'မင်္ဂလာညပါ' လို့ဆိုပြီး ထပ်မံမှာကြားသတဲ့။

"ညသန်းခေါင်မှာ ဆူဆူညံညံအသံကြားပေမယ့် မစိုးရိမ်ပါနဲ့ကွယ်"

လီချင်းရဲ့မျက်လုံးအစုံမှာ အံ့သြနေတာကို အမျိုးသမီးက သတိပြုမိလိုက်လို့ သူ့ကိုရှင်းပြသတဲ့။

"ငါ့ရဲ့သားတွေဟာ မကြာခဏဆိုသလို သန်းခေါင်ချိန်မှာ ရောက်တတ်တယ်။ ဒါကြောင့် မင်းကြောက်ရွံ့နေမှာစိုးရိမ်လို့ သတိပေးတာပါ"

လီချင်းက သူတို့ ဘယ်အရွယ်ရှိပြီလဲ၊ ဘာအလုပ်လုပ်သလဲလို့ မေးချင်ပေမယ့် စပ်စုရာရောက်လိမ့်မယ်ထင်ပြီး မပြောဘဲနေလိုက် တယ်။

မကြာမီ အမျိုးသမီးနှစ်ယောက်က အိပ်ရာလိပ်တစ်ခု ယူခဲ့



ပြီး သူအိပ်ဖို့ သန့်ပြန့်စွာခင်းပေးသတဲ့။ သူ့အတွက် အစစအရာရာ ပြီးမှ အစေအပါးနှစ်ယောက်ဟာ အခန်းထဲကပြန်ထွက်ကာ တံခါး ပိတ်လိုက်တယ်။

အခန်းထဲမှာ နွေးထွေးပြီ ဖိမ်ကျပါဘိ။ သူက အမဲလိုက်ရလို့ မောနယ်လျက်ရှိတာပေါ့။ ဒါပေမယ့် အခု သူတည်းတဲ့အိမ်မှာ ဘယ်သူ တွေပါလိမ့်ဆိုတာ စဉ်းစားမိတယ်။ သူတို့က လူသူမနီးတဲ့အရပ်မှာ ညအခါ အလုပ်လုပ်စရာရှိသူတွေဆိုတာကိုး။

လုလင်ဟာ အနားယူပြီး နှစ်ခြိုက်စွာ အိပ်ဖို့ဆဲဆဲ ဦးနှောက် ထဲ အတွေးကရှိနေတုန်းဖြစ်သတဲ့။ အမဲပစ်နိုက် သားကောင်းကို ချောင်းသလိုပဲ သူဟာ အိပ်ရာထဲ ငြိမ်သက်စွာနေကာ ဘာများကြား ပါလိမ့်ဆိုပြီး စောင့်နေသတဲ့။

ညသန်းခေါင်ချိန်မှာ တံခါးကို အလျင်စလို ကျယ်လောင်စွာ ခေါက်သံကြားလိုက်တယ်။ မကြာမီ နံဘေးတံခါးပေါက်ဖွင့်သံ ထွက် ပေါ်လာတယ်။

အစေအပါးဖြစ်သူဟာ တစ်စုံတစ်ယောက်နဲ့ တီးတိုးပြောနေ သတဲ့။ အဲဒီနောက် အစေအပါးဖြစ်သူ ခန်းမဆီ လျှောက်သွားတဲ့ ခြေသံကို ကြားလိုက်တယ်။

အမျိုးသမီးကြီး ထွက်လာပြီးတော့ မေးသတဲ့။

"ဘာဖြစ်သလဲ"

"အထောက်တော်က ဒီစာကိုယူလာတယ်၊ အရေးကြီးတဲ့စာ လို့ ပြောပါတယ်။ သခင်မရဲ့သားကြီးကို ဒီက ခုနစ်မိုင်ဝေးတဲ့ တောင်

www.burmeseclassic.com



ပေါ်မှာ မိုးရွာစေဖို့ အမိန့်ပေးလိုက်တယ်။ နောက်ပြီး မိုးကို အရှ မတက်ခင် ရပ်စဲရလိမ့်မယ်။ မိုးကို သိပ်မသည်းစေဖို့လိုတယ်။ စပ ခင်းတွေပျက်စီးဖွယ်ရှိသတဲ့"

သခင်မကြီးဟာ ပျာပျာသလဲဆိုလိုက်တယ်။

"ဘယ့်နှယ်ကြဲရပ့်မလဲ၊ သားနှစ်ယောက်စလုံး အပြင်ထွက် နေကြလို့ သွားခေါ်နေရင် နောက်ကျနေရောမယ်၊ အခြားသူတွေ ကိုလည် နိုင်းစေဖို့မရှိဘူး"

"ညီသည်ကို ပြောကြည့်ပါလား၊ သူဟာ သန့်စွမ်းပြီး အ ပစ်သူတစ်ယောက်ပဲ၊ သူ့မြင်းက သိပ်လိမ္မာတယ်"

သခင်မကြီးဟာ အစေအပါးရဲ့အကြံကို သဘောကျပြီး လီချ ရဲ့အိပ်ခန်းတံခါးကို ခေါက်လိုက်တယ်။

"နိုးနေသလား"

"ဘာကိစ္စရှိပါသလဲ"လို့ လီချင်းကဆိုတယ်။

"ပြောစရာရှိလို့ တဆိတ် အပြင်ထွက်ခဲ့ပါဦး"

သူဟာ ချက်ချင်းအိပ်ရာထပြီး ခန်းမဆီထွက်ခဲ့တယ်။

သခင်မကြီးက ရှင်းပြတာပေါ့။

"ဒီအိမ်ဟာ သာမန်မဟုတ်ဘူးကွယ့်၊ မင်းဟာ နဂါးမင်းစံအိပ် ကို ရောက်လာတာပဲ၊ ငါ့ဆီ ကောင်းကင်ဗိမာန်က မိုးချက်ချင်းရွာ အမိန့်ပေးလိုက်တယ်။ ဘယ်သူမှ နိုင်းစေဖို့မရှိဘူး။ သားကြီးက အရှေ့ပင်လယ်အရပ်က လက်ထပ်ပွဲကိုသွားနေရဲ့၊ သားငယ်က ခရီး ဝေးသွားရမယ့် နှမငယ်ကို စောင့်ရှောက်ရင်း လိုက်ပါသွားတယ်၊



းနှစ်ယောက်ဟာ မိုင်များစွာဝေးတဲ့ အရပ်တွေမှာမို့ ခေါ်စေရာမှာ ်နောက်ကျနေပြီ၊ မင်း ဒါကို တဆိတ် ကျေးဇူးပြုပြီး ဆောင် ်ပေးပါလား။ မိုးရွာစေဖို့က ငါ့ရဲ့တာဝန်ပဲဖြစ်တယ်။ ဒီအမိန့်ကို ိုက်နာနိုင်ရင် သားနှစ်ယောက်မှာ ပြစ်ဒဏ်ခံရဖွယ်ရှိပါတယ်"

ဒီတောင်းပန်စကားကို ကြားရတော့ ရယ်ရအခက် ငိုရအခက် ပြီး အံ့ဩမိတာပေါ့လေ။

"ကျွန်တော် ကုသိုလ်ချင်ရဲ့ဗျာ၊ ဒါပေမယ့် ဒီအလုပ်ကို ကျွန်တော် ဆောင်နိုင်ဖို့ ဝေးပါတယ်၊ မိုးရွာစေဖို့ တိမ်တွေပေါ်ပျံတက်ရမှာကိုး"

"မင်း မြင်းစီးကျွမ်းကျင်သလား"

"ဟုတ်ကဲ့"

"ဒါဆို ဟန်ကျပြီ၊ မင်းမှာလိုအပ်တာက ငါ့ရဲ့မြင်းပေါ်တက် ရုံပါပဲ၊ မင်းရဲ့မြင်းကိုစီးဖို့မလိုဘူး၊ ငါမှာတာကို နားထောင်ပါ။ ဒါ ွယ်လေးပါပဲ။

သခင်မကြီးဟာ လည်ဆံမွေးနက် မြင်းတစ်ကောင်ကို ယူလာ တယ်။ ကုန်းနှီးကြိုးချည်စေတယ်။ ပြီးတော့ လီချင်းကို မိုးရေ ပါတဲ့ င်းကလေးတစ်ခုကို ပေးသတဲ့။ အဲဒီပုလင်းကတော့ မြင်းခုံ ရှေ့မှာ ်တွဲထားတယ်။

"ဒါ နတ်မြင်းတစ်ကောင်ပဲ၊ မင်းက ဇက်ကြိုးကို လက်ထဲ ်ထားရုံပဲ၊ သူ့ကို အပြေးနိုင်းဖို့မလိုဘူး။ သူ့ဘာသာသွားရမယ့် လမ်းကို တယ်။ သူရပ်နားတဲ့အခါ သူ့လည်ဆံမွေးပေါ် ဒီပုလင်း ထဲက ရေတစ်စက်ကို ချလိုက်ပါ၊ ဒါပေမယ့် မိုးရေတစ်စက်ထက် ပိုပြီးမချနဲ့

www.burmeseclassic.com

www.burmeseclassic.com



သတိထားရလိမ့်မယ်ဆိုတာ မမေ့နဲ့''

လီချင်းဟာ နတ်မြင်းကိုစီးပြီး ထွက်ခဲ့တယ်။ နတ်မြင်းက ငြိမ်သက်ပြီး အလွန်မြန်တာမို့ အံ့သြစရာပါပဲ။ မကြာမီ အရှိန်နည်းနည်းပိုမြန်ပေမယ့် ငြိမ်သက်စွာပဲရှိသတဲ့။

နတ်မြင်းဟာ အမြင့်ဆီပျံနေတာကိုး။

လီချင်း ကြည့်လိုက်တဲ့အခါ တိမ်နီးအပေါ်ဆီ ရောက်နေမှန်း သိသတဲ့။ စိုစွတ်ပြီး မြန်ဆန်စွာတိုက်နေတဲ့လေက သူ့မျက်နှာဆီ တိုးနေတယ်။ အောက်ဘက်မှာ မိုးခြိမ်းသံထွက်ပေါ်လျက်ရှိတယ်။ လျှပ်စီးတွေ လက်နေတယ်။

နတ်မြင်းရပ်နားချိန်မှာ သူဟာ မှာလိုက်တဲ့အတိုင်း နတ်ဆေးရည်တစ်စက်ကို ချလိုက်သတဲ့။

ခဏအကြာမှာ လျှပ်စီးလက်နေခိုက် တိမ်ကွက်ကြားဆီက ညမိုးချုပ်ချိန် သူရောက်နေကျရွာကို မြင်လိုက်တယ်။

သူဘာသာ စဉ်းစားမိလိုက်သတဲ့။

''အစ်ကိုကြီးနဲ့ ရွာသားတွေဟာ ငါ့အတွက် ကူညီပေးခဲ့တယ်။ သူတို့ရဲ့ ဧည့်ဝတ်ကျေပွန်မှုကို ငါ ကျေးဇူးဆပ်စရာရှိတယ်၊ အခု ငါ့မှာ မိုးရွာစေတဲ့ နတ်ဆေးရည်ရှိတာပဲ၊ မနေ့က သူတို့ရဲ့လယ်တွေ မှာ နေပူလို့ စပါးတွေ ညှိုးခြောက်နေတာ မြင်ခဲ့ရတယ်။ စပါးနှံ တွေဟာလည်း ကောက်လိမ်ပြီး အပူလောင်နေပြီဖြစ်တယ်။ စိတ်ကောင်းရှိတဲ့ ဒီရွာသားတွေအတွက် နတ်ဆေးရည် နည်းနည်းချပေးလိုက်မယ်''

သူဟာ နတ်ဆေးရည် အစက်နှစ်ဆယ်ကို ရွာကလေးပေါ်မှာ



ချလိုက်လို့ မိုးတွေရွာလေရောသတဲ့။ မိုးစဲသွားတော့မှ နဂါးမင်းစံအိမ်ဆီ ပြန်လာခဲ့တယ်။

သခင်မကြီးဟာ ခန်းမထဲက ကုလားထိုင်မှာ ငိုရင်းရှိနေတယ်လေ။ သူပြန်ရောက်လာရင်ပဲ အပြစ်ဆိုသတဲ့။

''မင်း အတော်မိုက်မဲပါဘိ၊ ငါက မိုးရည်တစ်စက်ပဲချဖို့ မှာလိုက်သားနဲ့ မင်းဟာ ပုလင်းတစ်ဝက်ကုန်အောင် နတ်ဆေးရည်ကိုချခဲ့တယ်။ နတ်ဆေးရည်တစ်စက်ဟာ ကမ္ဘာမြေပေါ်မှာ မိုးရေ တစ်ပေအထိ မြင့်တက်အောင် ရေကြီးစေမှန်း မင်းမသိဘူး၊ နတ်ဆေးရည်ကို ဘယ်လောက်ချခဲ့သလဲ''

လီချင်းဟာ ကြောင်အမ်းအမ်းဖြစ်လျက်ဆိုတယ်။

''အစက်နှစ်ဆယ်တည်းပါ''

''ဆေးရည်အစက်နှစ်တယ် ဟုတ်စ၊ မင်းစဉ်းစားကြည့်လေ၊ ဒါဆို ရွာတစ်ရွာဟာ တစ်ညတည်းမှာ ပေနှစ်ဆယ်အမြင့်ထိ ရေကြီးမှာပဲပေါ့၊ လူတွေရော ကျွဲနွားတွေရော ရေနစ်မြုပ်ဖွယ်ရှိတယ်။ ကောင်းကင်ဗိမာန်က အဲဒီသတင်းကြားသိရင် ငါ့ရဲ့သားတွေမှာ အပြစ် ဒဏ်ခံဖွယ်ဖြစ်ရတော့မယ်''

လီချင်းဟာ ရှက်လည်းရှက်တယ်၊ ဘာပြောရမှန်းလည်းမသိဘဲ ဖြစ်နေတယ်။ သူမှာ ဝမ်းနည်းကြောင်း တောင်းပန်စကားပဲ ရှိတယ်။ အချိန်နှောင်းခဲ့ပြီကိုးကွယ့်။

''ငါ အပြစ်မဆိုပါဘူး၊ မင်းသိမှမဟုတ်ဘဲကိုး၊ ဒါပေမယ့် နဂါးမင်းရောက်လာရင် မင်းဒုက္ခရောက်မှာစိုးရိမ်တယ်၊ ငါ အကြံပေးချင်

www.burmeseclassic.com



တာက မင်း ဒီက အမြန်ဆုံးထွက်သွားဖို့ပဲ''

သူဟာ သခင်မရဲ့ကြင်နာစိတ်ကြောင့် ခံစားနေမိပြီး ထွက် ခွာဖို့ ချက်ချင်းပြင်ဆင်သတဲ့။ အရုဏ်တက်ချိန်ပေါ့ကွယ်။ ဘေးမသီ ရန်မခဘဲ ပြန်ရမှာဖြစ်လို့ ဝမ်းသာလျက် ထွက်ခွာနီးဆဲဆဲ သခင်မ ရဲ့စကားကြောင့် အံ့သြရပြန်တယ်။

''မင်းကူညီခဲ့တာကို ကျေးဇူးဆပ်ပါတယ်။ ငါဟာ သန်းခေါင်ချိန်မှာ ညေ့်သည်ကို လက်မခံသင့်ဘူးပေါ့၊ ဒါဟာ ငါ့ရဲ့အမှားပဲ၊ မင်းပြန်တဲ့အခါ အဖိုးတန်လက်ဆောင်ပေးစရာ မရှိပေမယ့် အစေအပါးနှစ်ယောက်ကို ပေးလိုက်မယ်။ မင်းဟာ သူတို့နှစ်ယောက်စလုံးကိုဖြစ်စေ၊ တစ်ယောက်ယောက်ကိုဖြစ်စေ ခေါ်သွားနိုင်တယ်''

လီချင်းဟာ သခင်မအနီးမှာရှိတဲ့ အစေအပါးနှစ်ယောက်ကို ကြည့်လိုက်တယ်။

အရှေ့ဘက်မှာရပ်နေသူက စိတ်ထားနူးညံ့ပြီး ကြင်နာတတ်ဟန် တူတယ်။ အနောက်ဘက်မှာ ရပ်နေသူက ခွန်အားဗလကြီးမားကာ ကြံ့ခိုင် ဟန်တူတယ်။ သူဟာ နည်းနည်းတော့ ခက်ထန်ကြမ်းတမ်းဟန်ရှိတယ်။

လီချင်းက တစ်ဦးကိုပဲယူဖို့ စိတ်ကူးသတဲ့။ သူ့ကို ထူးဆန်း တဲ့ တစ်ညတာ ညေ့်သည်လက်ဆောင်အဖြစ် ယူသွားချင်တာကိုး။

''တစ်ယောက်ပဲလိုတယ်''

''မင်းသဘောကျသူကိုရွေးပါ''

သူဟာ ခဏစဉ်းစားလိုက်တယ်၊ နူးညံ့တဲ့သူက အသိဉာဏ် ရှိမယ်၊ ချစ်ခင်ဖွယ်ကောင်းမယ်၊ ဒါပေမယ့် အမဲပစ်သွားတဲ့အခါ သူ့ကို



ခေါ်ဆောင်ဖို့ အသုံးကျမှာမဟုတ်ဘူး။ လီချင်းဟာ သန်မာတဲ့ သူကိုပဲယူဖို့ ပြောလိုက်တယ်။ သင်းက နည်းနည်းရုပ်ကြမ်းတာပေါ့။

သခင်မကိုနှုတ်ဆက်ပြီး ထွက်လာခဲ့တယ်။ သူဟာ အိမ်ဆီ လှည့်ကြည့်တဲ့အခါ နဂါးမင်းစံအိမ် ရှိမနေတော့ဘူး။ တစ်ခါ အစေအပါးကို လှည့်ကြည့်လိုက်တော့ သူလည်း ကွယ်ပျောက်သွားသတဲ့။

သူတစ်ယောက်တည်း ပြန်ခဲ့ရတာပေါ့။ သူ နားခိုနေကျရွာ ဆီရောက်တဲ့အခါ ရွာတစ်ခုလုံး ရေလွှမ်းလျက်ရှိတယ်။ သစ်ပင်ထိပ်ဖျား တွေသာ မြင်ရတော့သတဲ့။ ညက ရွာသူရွာသားအားလုံး ရေနစ် သေဆုံး သွားရရှာတယ်လေ။

နောင်အခါ လီချင်းဟာ စစ်ဗိုလ်ချုပ်ဖြစ်လာခဲ့တယ်။ တန် မင်းဆက် ထူထောင်ချိန်အထိ စစ်ပွဲတွေကို အောင်မြင်စွာ ဦးဆောင် တိုက်ခိုက်ခဲ့တယ်။ မိတ်ဆွေ ကောရာဇ်မင်းဆီမှာ နှစ်ကြာမြင့်စွာ အမှု ထမ်းပေမယ့် သူဟာ အုပ်ချုပ်ရေးကိုစီမံရတဲ့ နန်းတွင်းဝန်မင်း ဖြစ် မလာဘူး။

ဘာ့ကြောင့်လဲဆိုတော့ သူက စိတ်ထားနူးညံ့ပြီး ကြင်နာ တတ်သူကိုမှ မရွေးခဲ့တဲ့ကိုး။ စကားပုံတစ်ခုက ထူးချွန်တဲ့ဗိုလ်ချုပ် တွေဟာ အနောက်မြောက်ဆီက ရောက်လာတယ်။ ထူးချွန်တဲ့ နန်းတွင်းဝန်တွေက အရှေ့ဘက် (အလယ်ပိုင်းလွင်ပြင်အရပ်) က ရောက်လာတယ်လို့ ပြောကြတယ်။

လီချင်းကို ပေးလိုက်တဲ့ အစေအပါးနှစ်ယောက်ကို ပြောလို ရင်ဖြစ်ပါလိမ့်မယ်။ အကယ်လို့ သူဟာ အစေအပါး နှစ်ယောက် စလုံးကို

www.burmeseclassic.com



ခေါ်ဆောင်ခဲ့ရင် စစ်ဗိုလ်ချုပ်ဖြစ်ခဲ့သလို နန်းတွင်းဝန်မင်းလည်း ဖြစ်လာ ဖွယ်ရှိတာပေါ့။ နန်းတွင်းဝန်ဆိုတာက တိုင်းရေး ပြည်ရေးကိစ္စ တစ်ခုလုံးကို ဦးဆောင်ရသူဖြစ်သတဲ့။

'နဂါးမင်းစံအိမ်'မှာ မုဆိုးလုလင်ဖြစ်တဲ့ လီချင်းကို 'မှတ်ဆိတ် ဖြူနှင့်လူ' မှာလည်း တွေ့ရဦးမယ်ကွယ့် အဲဒီပုံပြင်နှစ်ခုစလုံးဟာ တန်မင်ဆက်ခေတ် ပုံပြင်တွေပါပဲ။

♛ ♛ ♛



# အရက်သမားအိပ်မက်

## *The Drunkard's Dream*

## 南柯太守傳

ချင်ယူဖန်ဟာ အရက်အလွန်သောက်သူ ဖြစ်သတဲ့။ ဖန်ဆိုတဲ့ သူ့နာမည်က လှပသောအတွေးလို့ အဓိပ္ပာယ်ရှိတယ်။ ဒီလို စီးပွားချမ်းသာတွေ ပျက်စီးခဲ့တာ သူ့သူငယ်ချင်းတွေနဲ့ သောက်စားမိန်းမတွေနဲ့ပျော်ပါးလို့ပဲလား၊ သူ့ဘဝကို စိတ်ပျက်လို့ပဲလား၊ လှပ သောအတွေးကို မှုးယစ်စေချင်လို့ပဲလားဆိုတာ တိတိကျကျမပြော နိုင်ဘူးတဲ့။

တစ်ခါက သူဟာ စစ်တပ်မှာ လက်ထောက်ဗိုလ် ဖြစ်ခဲ့တယ်။ ဒါပေမယ့် သူ့ကို အရက်သောက်စားမှု၊ အမိန့်ဖီဆန်မှုကြောင့် စစ်တပ်က ထုတ်ပစ်လိုက်တယ်။

အခု သူဟာ အလုပ်မရှိဘဲ လူလွတ်တစ်ယောက် ဖြစ်နေပြီပေါ့။ အရက်သောက်ဖက် မိတ်ဆွေတွေနဲ့သာ အချိန်ကုန်နေတယ်။ သူ့ရဲ့ငွေကြေးတွေ လျော့ပါးလာသလို၊ အရက်သောက်တဲ့အချိန်က ပိုကဲလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ သူအရက်မူးတဲ့အခါ ငယ်စဉ်က တက်ကြွဖွယ် လက်ထောက်ဗိုလ်ဘဝကို စဉ်းစားနေမိသတဲ့။ သူ့ရဲ့ဆုံးရှုံးသွားတဲ့ ဘဝကို မျက်ရည်ကျရှာတယ်။ ဒါပေမယ့် ယစ်ရွှေရည်ကလေး သောက်ပြီးရင် ပျော်လို့နေပြန်သတဲ့။

သူဟာ ဘိုးဘွားထားရစ်တဲ့ ကွန်လင်ရွာကအိမ်မှာနေတယ်။ မြို့နဲ့သုံးမိုင်လောက်ဝေးသတဲ့။ အိမ်ရဲ့တောင်ဘက်မှာ မြေကွက်လပ်တစ်ခုရှိတယ်။ ဒီမြေကွက်လပ်မှာ သစ်ပင်အိုကြီးတစ်ပင် ရှိတယ် ကွယ်။

သစ်ပင်ရိပ်မှာ သူနဲ့မိတ်ဆွေတွေဟာ အရက်ဝိုင်းဖွဲ့သောက်ကြတယ်။ ဒီသစ်ပင်တွေဟာ အတော်နှစ်ရှည်ကြသတဲ့။ တစ်ခါတစ်ရံ အပင်သေသွားပြီး နှစ် သုံးဆယ် လေးဆယ်ကြာရင်ပဲ အပင်ငုတ်ကြီးက စိမ်းစိမ်းစိုစို အမြစ်တွေရှင်သန်လာပြန်တယ်။

အခု ဒီသစ်ပင်ကြီးဟာ ဒုတိယအကြိမ် ဘဝသစ်စနေပြီပေါ့ ကွယ်။

ဖန်ရဲ့အိမ်ရှေ့က သစ်ပင်ကြီးဟာ ကြာညောင်းလှပြီမို့ အကိုင်းရှည်တွေ အရပ်ရှစ်မျက်နှာဆီ ထိုးထွက်လျက်ရှိတယ်။ မြေကြီးထဲ ရှိတဲ့အပိုင်းဟာ ဆွေးမြည့်နေပြီလေ။ အမြစ်တွေဟာ ဖုထစ်ရှုံ့တွနေ လို့ ပိုးမွှားတွေရဲ့ ဂေဟာတစ်ခုလိုဖြစ်နေတယ်။

တစ်နေ့မှာ ဖန်ဟာ အရက်သောက်မူးပြီး ငိုပါရော။ (အဲဒီ နေ့ကို သူမိတ်ဆွေတွေက ၇၉၂ ခုနှစ်၊ စက်တင်ဘာလလို့ဆိုတယ်) သူဟာ ဒီထည်ဝါလှတဲ့ အပင်အိုကြီးကြောင့် စိတ်ထဲ အလွန်ခံစားရတယ် လို့ပြောတယ်။



ကလေးဘဝက သူဟာ ဒီအပင်ကြီးအောက်မှာ ကစားခဲ့တာ။ အခု သူဟာ အသက်ကြီးပြီလေ။ (အမှန်အတိုင်းပြောရရင် သူဟာ သက်သုံးဆယ်နီးပါးရှိတယ်။)

သူဟာ အော်ဟစ်လျက်ရှိတာမို့ သူငယ်ချင်းဖြစ်တဲ့ ချိုနဲ့တီအဝ် ာ အိမ်ဆီသယ်ဆောင်ပြီး အိမ်ရှေ့ကွပ်ပျစ်မှာ အိပ်စေလိုက်တယ်။

“ခင်ဗျား တစ်မှေးအိပ်လိုက်ရင် နေကောင်းသွားလိမ့်မယ်။ ျွန်တော်တို့လည်း ခဏလောက် မြင်းတွေကို အစာကျွေးစရာရှိ တယ်။ တော့ ကျွန်တော်တို့ ခြေထောက်တွေကို ဆေးကြောရဦး မယ်။ ခင်ဗျား တ်သာလာတဲ့အထိ စောင့်နေပါ့မယ်”

ဖန်ဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ သူမျက်စိ တ်လိုက်ရင်ပဲ ပန်းရောင်ဝတ်စုံနဲ့ အမတ်နှစ်ယောက်ဟာ သူ့ဆီ က်လာတာ တွေ့သတဲ့။ သူတို့က ရိုသေစွာဦးညွှတ်လိုက်တယ်။

“သစ်ပုတ်ပင်မင်းကြီးက နှုတ်ခွန်းဆက်လွှာပေးလိုက်တယ်။ အတွက် ရထားယာဉ်ကိုစေလွှတ်ပြီး ဖိတ်ခေါ်လိုက်ပါတယ်”

ဖန်ဟာ ချက်ချင်းထပြီး အကောင်းဆုံးဦးထုပ်နဲ့ ဝတ်စုံကို ဆင်လိုက်တယ်။ ခြံဝဆီရောက်တော့ မြင်းလေးကောင်ဆွဲ လှပ တဲ့ မ်းရောင်ရထားယာဉ်ကို တွေ့သတဲ့။

မြင်းတွေကို ရွှေဇက်ကြိုးရယ်၊ အနီရောင် ပန်းဖွားတွေရယ် ဆင်ထားတယ်။ နန်းတွင်းသား ခုနစ်ယောက် ရှစ်ယောက် အမှုထမ်းတစ်စုက သူ့ကို စောင့်နေသတဲ့။

သူ ရထားယာဉ်ထဲ ရောက်ရင်ပဲ ရထားယာဉ်ဟာ ချိုင့်တစ်ခု

www.burmeseclassic.com



ဆီ ဦးတည်သွားနေသတဲ့။ အဲဒီချိုင့်ဟာ သစ်ပင်အိုကြီးရဲ့ အမြစ်တွေကြားက အခေါင်းပေါက်တစ်ခုပေါ့လေ။ ရထားယာဉ်ဟာ အဲဒီ သစ်မြစ်ခေါင်းထဲဝင်သွားလို့ အံ့ဩနေမိသတဲ့။

သစ်မြစ်ခေါင်း အခြားတစ်ဖက်မှာ မြို့ကွက်အသစ်ကို လှပစွာတွေ့ရသတဲ့။ တောင်ကုန်းတွေ၊ မြစ်တွေလည်းရှိတယ်။ ဒါတွေ ဟာ သူ့အဖို့ ထူးဆန်းဖွယ်ပဲလေ။

သုံးမိုင် လေးမိုင်လောက်ဆီမှာတော့ မြင့်မားတဲ့ မြို့ရိုးကြီးကို မျှော်စင်တွေ အစောင့်တွေနဲ့ တွေ့ရသတဲ့။ နန်းတော်ဆီသွားတဲ့လမ်းက အထူးစည်ကားတယ်။ ဘုရင့်ရဲ့ညီသည်တော်ပါလာတဲ့ ရထားယာဉ်ကို လူတွေ လမ်းနံ့ဘေးဖယ်ပြီး ကြည့်လျက်ရှိတယ်။

မြို့တံခါးဆီရောက်တဲ့အခါ မျှော်စင်တစ်ခုမှာ သစ်ပုပ်ပင်နေပြည်တော်''လို့ ရွှေရောင်စာတန်းကို မြင်တွေ့သတဲ့။

မြို့ရိုးဟာ မိုင်ပေါင်းများစွာ ရှည်လျားပြီး နန်းတော်ကိုဝိုင်းရံထားတယ်။ လမ်းတွေမှာ လူတွေ ပွတ်သိပ်လျှက် တွေ့ရပါတယ်။ သူတို့ဟာ တက်ကြွနိုးကြားမှုရှိကြတယ်။ အဲဒီလူတွေဟာ အဝတ်အဆင်ကောင်းတွေနဲ့ ရိုသေကိုင်းရှိုင်းမှုရှိကြလို့ ဖန်ဟာ အံ့ဩမိတယ်။

သူတို့မှာ အလုပ်ချိန်တိုတောင်းဟန်ရှိသလို အချင်းချင်း ကပျာကယာနှုတ်ဆက်ပြီး သွားလာကြတယ်။ သူတို့ ဘာကြောင့် အလုပ်တွေများပြားနေမှန်း ဖန် ဘယ်သိမလဲကွယ်။ အထမ်းသမား တွေက အိတ်ကြီးတွေကို ခေါင်းပေါ်ရွက်ပြီး သယ်ဆောင်ကြတယ်။

အစောင့်တွေကို ကင်းတဲတွေမှာ ရပ်လျက်တွေ့ရတယ်။ ဒီအစောင့်တွေဟာ အရပ်မြင့်ပြီး ရုပ်ရည်ချောမောတယ်။ စင်ကြယ်သပ်ရပ်စွာ ဝတ်ဆင်ထားသတဲ့။

ဘုရင့်ကိုယ်စားလှယ်အဖွဲ့ကို နန်းတော်တံခါးမှာ တွေ့ပြီး သူ့ကို ဦးရံကာ အဆောက်အအုံတစ်ခုဆီ ခေါ်သွားသတဲ့။ အဲဒီအဆောက်အအုံမှာ အထူးမွမ်းမံထားတဲ့ ဥယျာဉ်တွေရှိတာပေါ့။ ဘုရင့်ညီသည်တွေအတွက် တည့်ဆောက်ထားဟန်တူတယ်။

ညီသည်ဂေဟာကို ရောက်ပြီး ငါးမိနစ် မကြာပါဘူး။ အမတ်တစ်ယောက်က နန်းတွင်းဝန် လာတွေ့လိမ့်မယ်ဆိုတဲ့အကြောင်း ပြောပါတယ်။ သူနဲ့ နန်းတွင်းဝန်တို့ နှုတ်ဆက်ပြီးနောက် နန်းတွင်း ဝန်က ဆိုသတဲ့။

မင်းကြီးက အသင်နဲ့ ဒုတိယမြောက် သမီးတော်ကို လက်ထပ်ပေးမှာ ဖြစ်တယ်''

''ကျုပ်ဆီ သင့်ရဲ့အမတ်ကို စေလွှတ်လိုက်တာ မသင့်တော်ပါဘူး''

ဒါပေမယ့် အရက်သမားဟာ အခုလို စိုင်ကော်လို့ ချူပေါ်ရောက်ခဲ့တာကို ကျိတ်ပြီး အလွန်ဝမ်းသာနေသတဲ့။

သူဘာသာ တွေးလျက် ဆိုတာပေါ့။

''ငါ့ကံဇာတာဟာ ပြောင်းလဲခဲ့ပြီပဲ၊ ပြည်သူတွေကို ချန်ယုခန့်ဟာ ဘယ်လိုလူစားလဲဆိုတာ သိစေရသေးတာပေါ့၊ မင်းကြီးဆီမှာ ငါဟာ ရိုးသားပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်ရလိမ့်မယ်၊ ပြည်သူတွေအတွက် အရာရှိကောင်းတစ်ယောက် ဖြစ်စေရမယ်၊ ငါ့ရဲ့


www.burmeseclassic.com

www.burmeseclassic.com



ဘဝဟာ စိတ်ပျက်နေဖွယ် မရှိတော့ဘူးလေ၊ ငါ အတတ်နိုင်ဆုံး ကြိုးစားရမှာပဲ''

ဧည့်သည်အဆောင်မှ ကိုက်တစ်ရာဝေးတဲ့ အနီရောင်မှန်တံခါးဆီ ဖန်နဲ့ နန်းတွင်းဝန်တို့ ဝင်လိုက်တယ်။ အစောင့်တွေ စစ်သည်တွေဟာ လှံ၊ ဓား ကိုယ်စီနဲ့ ရှိကြတယ်။ ဘုရင့်ဧည့်သည်တော်တွေကို ကြည့်ဖို့ နန်းတွင်းဝတ်စုံ ဆင်မြန်းထားတဲ့ မှူးမတ်တွေဟာ လမ်းကြောင်း ဘယ်ညာက ရပ်နေကြတယ်။

အခုလို အရေးပါခဲ့မယ်လို့ ဖန် တွေးဖူးတာ မဟုတ်ဘူးကွယ့်။ သူ့မိတ်ဆွေတွေကို မြင်လိုက်တယ်။ ချိုနဲ့ တီအမ်တို့လည်း ရပ်ကြည့်နေသူအထဲမှာ ရှိနေတာကိုး။ သူဟာ အမူအရာနဲ့ နှုတ်ဆက်ပြီး သူတို့ရှေ့က လျှောက်သွားခဲ့တယ်။ သူတို့ မနာလိုဘဲရှိနေမှာလို့ စိတ်ထဲ တွေးမိလိုက်တယ်။

နန်းတွင်းဝန် ခေါ်ဆောင်ခဲ့လို့ ခန်းမကြီးဆီ လှေကားက တက်ခဲ့တယ်။ ဘုရင်ရဲ့ ညီလာခံအဆောင် ဖြစ်လိမ့်မယ်။ ဖန်ဟာ ဦးခေါင်းမော့ ထောင်ကြည့်ဖို့ မဝံ့ဘူးပေါ့။

ညီလာခံအဆောင်မှူးက ဒူးထောက်ခစားဖို့ ပြောတဲ့အတွက် သူဟာ ဒူးထောက်လျက်နေရသတဲ့။

ဘုရင်ကြီးက ဆိုသတဲ့။

''သင့်ရဲ့ ဖခင်ဆီက စာကို ငါ ရရှိခဲ့တယ်၊ သူ့ကို ကြည်ညိုဂုဏ်ပြုရမှာဖြစ်လို့ သင်နဲ့ ဒုတိယသမီးတော်ကို ငါ လက်ထပ်ပေးစားလိုတယ်''



အရက်သမားဟာ အလွန်ဝမ်းမြောက်သွားပြီး ကျေးဇူးတင်စကား ပြောဆိုဖို့ ထစ်ငေါ့နေမိသတဲ့။

''မှန်း၊ အခု မင်းလဲ အနားယူချင်ရော့မယ်၊ နှစ်ရက် သုံးရက်အနားယူနေဦးပေါ့၊ မြို့တော်ကိုလဲ လည်ပတ်ကြည့်ရှုပါ၊ နန်းတွင်း ဝန်ကကြည့်ဖွယ်ရာဌာနတွေကို လိုက်ပြလိမ့်မယ်၊ မကြာခင် လက်ထပ်ပွဲပြုဖို့မှာ စီမံစရာရှိသေးတယ်ကွယ့်''

ဘုရင်ကြီးရဲ့စကား ပြောပြီးချိန်မှာပဲ လက်ထပ်ပွဲကို ဆောင်ရွက်ကြပြီလေ။ နှစ်ရက် သုံးရက် အကြာမှာ ပြည်သူတွေဟာ မင်းသမီးရဲ့ လက်ထပ်မင်္ဂလာပွဲကိုကြည့်ဖို့ ခြိမ့်ခြိမ့်သဲသဲ လာကြတယ်။

မင်းသမီးဟာ အလှဆုံး အပါးဆုံး ဓာပဝါကို လွှမ်းခြုံထားပြီး ပဝါမှာတော့ ရတနာတွေ စီခြယ်ထားလေရဲ့။ အပျိုတော် မိန်းကလေးတွေက ခြံရံနေကြသတဲ့။ သမီးတော်ဟာ စိတ်ထားကောင်းသူ၊ ဉာဏ်ပညာရှိသူ၊ သနားကြင်နာတတ်သူ ဖြစ်သတဲ့။

ဖန်ဟာ မင်းသမီးကို မြင်မြင်ချင်း ချစ်ကြိုက်သွားတယ်။ လက်ထပ်ပွဲညမှာပဲ မင်းသမီးက ဆိုသတဲ့။

''ရှင့်အတွက် ရာထူးနေရာကို ဖခင်ထံမှာ ပြောပေးမယ်၊ ဘာရာထူးကို ရှင် လိုချင်သလဲ''

အရက်သမား သတို့သားက ပြန်ဖြေသတဲ့။

''အမှန်အတိုင်းပြောရရင် ကျုပ်ဟာ ဘာမှမလုပ်ဘဲနေတာကြာပြီ၊ နန်းတွင်းတာဝန်တွေကို သိမနေဘူး၊ ပြည်သူတွေကို အုပ်ချုပ်ဖို့ ကျုပ် နားမှမလည်တာကိုး''

www.burmeseclassic.com

www.burmeseclassic.com



"ဒါအတွက် မပူပါနဲ့၊ ကျွန်မ ကူညီမှာပေါ့ရှင်"လို့ မင်းသမီးက ချိုသာစွာ ဆိုသတဲ့။

စားရက်ကြုံလို့ မုတ်ဆိတ်ပျားစွဲခဲ့တာ မင်းသမီးကြင်ရာ ဖြစ်ခဲ့ပြီး အခုဆို ရာထူးအာဏာလည်း ရဦးမှာကိုး။ သူ ငိုချပစ်လိုက် ချင်သတဲ့။ ဒါပေမယ့် သမီးတော်ရှေ့မှာမို့ မျက်ရည်ကို မျိုသိပ်ထား လိုက်တယ်။

နောက်တစ်နေ့မှာ သမီးတော်က ဖခင်ထံ ပြောပြလိုက်တယ်။ ဒီတော့ ဘုရင်ကြီးက အမိန့်ရှိသတဲ့။

"သူ့ကို တောင်စွန်းကိုင်းနယ်မှာ မြို့စား ခန့်ရလိမ့်မယ်၊ တောင်စွန်းကိုင်းမြို့စားဟာ တာဝန်မကျေပွန်လို့ သူ့ကို ထုတ်ပယ်လိုက်ပြီ ကွယ်၊ ဒီမြို့ဟာ တောင်ခြေမှာရှိတာမို့ လှပတဲ့ မြို့တစ်ခုပဲ၊ ကျယ်ပြန့်တဲ့ သစ်တောရှိတယ်၊ ရေတံခွန်တွေရှိတယ်၊ မြို့ပြင်အရပ်မှာ ဂူတွေ ရှိတယ်၊ မြို့သားတွေဟာလဲ ကြိုးစားကြတယ်၊ စည်းကမ်းလိုက်နာသူတွေ ဖြစ်တယ် ကွယ်၊ သူတို့က ငါတို့ထက် အသားညိုတယ်၊ ဒါပေမယ့် ရဲရင့်တဲ့စစ်သည်တွေပေါ့၊ သမီးတော်နဲ့ သမက်တော်တို့ မြို့စားဖြစ်ရင် သူတို့ဝမ်းမြောက်ကြလိမ့်မယ်၊ မင်းတို့ကိုလဲ ချစ်မြတ်နိုးမှာပါပဲ၊ ဒီမြို့စားရာထူးကို မင်းလက်ခံလိမ့်မယ်လို့ ငါထင်တယ်"

မြို့စားဖြစ်ရပြီမို့ ဖန်ဟာ ဝမ်းသာနေသတဲ့။ သူ့အနီးမှာ သမီးတော်ရှိနေတာပဲ၊ သူ ဘယ်လောက်ကြာကြာ နေရပါစေ ဘာကိုမှ ဂရုစိုက်ဖွယ်ရှိမနေဘူးပေါ့။

"ကျုပ်ဟာ တောင်ဘက်စွန်းသစ်ကိုင်းမြို့စားဖြစ်ပြီနော်"

သမီးတော်က စကားကို ပြင်ပေးလိုက်တယ်။



"မဟုတ်ဘူးရှင့်၊ တောင်စွန်းကိုင်းမြို့စား ဖြစ်ရမှာပါ"

"အို ဘယ်လိုပဲခေါ်ပါစေ၊ ကိစ္စရှိမနေပါဘူး"

ဖန်ရဲ့ တောင်းဆိုချက်တစ်ခုက ချိုနဲ့ တီအမ်တို့ကို လက်စွဲတော်အဖြစ် ခေါ်သွားချင်သတဲ့။ သူတို့ကို နှုတ်ဆက်တဲ့အနေနဲ့ နန်းတွင်းမှာ စားသောက်ပွဲကို ပြုလုပ်တယ်၊ ဘုရင်ကိုယ်တိုင် သူတို့ကို နန်းတော်ဝင်းအထိ လိုက်ပို့ခဲ့တယ်။

ပြည်သူတွေဟာ သမီးတော်နဲ့ ကြင်ရာတော်တို့ ရထားယာဉ် ထွက်ခွာသွားတာကို ကြက်ပျံမကျ ထွက်ကြည့်ကြသတဲ့။ အမျိုးသမီးများက ငိုကြတယ်၊ သစ်ပုပ်ပင် ပြည်သားတွေက စိတ်ထားနူးညံ့သိမ်မွေ့သူတွေ ဖြစ်တာကိုး။

သမီးတော် မောင်နှံရဲ့ ရထားယာဉ်ကို အစောင့်တွေ ခြံရံလာတယ်။ ဗုံတွေ၊ ခရာတွေ တီးမှုတ်ကြတယ်။ စစ်သည်တော်တွေလည်း တောင်စွန်းကိုင်းမြို့ဆီလိုက်ပါခဲ့တာ မနည်းလှဘူးကွယ့်။

ခရီးက သုံးရက်ကြာသတဲ့။ သူတို့ ရောက်သွားတဲ့အခါ တောင်စွန်းကိုင်းမြို့သားတွေက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတယ်။

တောင်စွန်းကိုင်းမှာ သူတို့ တစ်နှစ် ပျော်ရွှင်စွာနေတယ်။ မြို့သူမြို့သားတွေဟာ တာဝန်ကျေပြီး စည်းကမ်းလိုက်နာကြသတဲ့။ လူတိုင်း အလုပ်လုပ်ကြသတဲ့။ အလုပ်မရှိသူ တောင်းရမ်းစားသောက်သူ မရှိဘူးလေ။

စစ်ရေးကိစ္စပေါ်လာရင် ယောက်ျားတိုင်း မိန်းမတိုင်းဟာ သူတို့ အိုးအိမ်ကို ကာကွယ်ဖို့ အသင့်ရှိကြတယ်။ အသက်ကိုမှုဘဲ တိုက်ခိုက်

www.burmeseclassic.com



ကြတယ်။ ဒါပေမယ့် သူတို့အချင်းချင်း စစ်ဖြစ်လေ့ မရှိဘူးတဲ့။

သစ်ပုပ်ဝင် တိုင်းပြည်ဆီ ရောက်ခဲ့တာကိုသိတော့ သူတို့ အံ့ဩနေသတဲ့။ သူတို့ကို သစ်ပုပ်ပင်ကြီးဆီ ခေါ်လာပြီး ကောက်လိမ် လျှက်ရှိတဲ့ သစ်မြစ်တွေကြားက လိုဏ်ခေါင်းဝကို ပြသတဲ့။

သမီးတော်က မွန်မြတ်ပြီး ကြင်နာ

တတ်သူဖြစ်လို့ ပြည်သူတွေက ချစ်တယ်။

ဖန်ကာ နဂိုစရိုက်ကပင် ပျှင်းရိသူပဲပေါ့။





သစ်မြစ်တွေကြားက လိုဏ်ခေါင်းဝကို ပြသတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဖနီးက သူ့ကို နံနက်စောစောထဖို့ တိုက်တွန်းတယ်။ တာဝန်တွေ ဆောင်ရွက်ဖို့ပြောတယ်။ ပြည်သူတွေအတွက် သူ့ကို စံပြအဖြစ် နေထိုင်စေတယ်။ ဒါက သူ့အတွက် တကယ့်ကို မနှစ်သက်ဖွယ် ဖြစ်နေသတဲ့။

သူ့ရုံးမှာ အရက်ပုလင်းကို တိတ်တဆိတ်ထားသတဲ့။ သူဟာ သမီးတော်ကိုချစ်လို့သာ အတတ်နိုင်ဆုံး ကောင်းအောင်ကြိုးစားပြီး နေတာ ဖြစ်သတဲ့။ သူဘာသာလည်း စံပြအဖြစ်နေထိုင်ရမှန်း သိတာကိုး။ ဒါဟာ ဘုရင့်အပေါ် သစ္စာသိတာပဲလို့ သူ နားလည်သတဲ့။

ဘာပဲဖြစ်ဖြစ် ညနေဘက်ဆိုရင် အချိန်ဟာ သူ့ရဲ့ကိုယ်ပိုင်တစ်ခု ပဲပေါ့။ သူနဲ့ ဖနီးတို့ဟာ မြင်းရထားစီးပြီး တောလည်ထွက်တယ်။ ကမ်းခြေမှာ ချစ်မြတ်နိုးရတဲ့ ဖနီးနဲ့ လက်ချင်းအတူယှက်ကာ လျှောက်တယ်။

ကျောက်ဂူတစ်ခုမှာ ချိုရယ် တီအမ်ရယ် သူရယ် ဝိုင်းဖွဲ့ကာ အရက်သောက်တယ်။ သူဒီလိုအရက်သောက်တဲ့အခါ မြို့စားတစ်ယောက်ရဲ့ ကြီးမြတ်မှုဟာ မလွယ်ကူမှန်း သိရသတဲ့။

ကြင်နာသူ သမီးတော်ကနောက်ဆို အရက်ကို တစ်စက်ကလေးမှ မသောက်ရဘူးလို့ တားမြစ်သတဲ့။

ဟုတ်တာပဲလေ။ လူတစ်ယောက်ဟာ အားလုံးကို ရယူချင်လို့မရဘူး။ သူဟာ ဖနီးကို အရေးကြီးတဲ့ကိစ္စတွေကို ဘုရင်ဆီ ရေးသားပေးပို့ဖို့ ကူညီတဲ့အတွက် ကျေးဇူးတင်လျက်ရှိတယ်။

အတွင်းရေးမှူးတွေ ဖြစ်ကြတဲ့ ချိုနဲ့တီအမ်တို့ဟာ သူ့ကို လေးစားရိုသေရတော့ပေါ့။ ဖန်အဖို့ ဘဝမှာ လိုအပ်ချက်တွေ ရှိမနေတော့ဘူးလေ။



တစ်နှစ်ကုန်ဆုံးတဲ့အခါ သူချစ်ဖနီးဟာ အအေးမိဖျားနာပြီး သေဆုံးလေသတဲ့။ သူ့ရဲ့ ဝမ်းနည်းမှုအားကြီးလွန်းလို့ ဖြေမဆည်နိုင်ဘဲ အရက်ကို ပြန်သောက်ရောတဲ့။

မြို့စားအရာက သူ နုတ်ထွက်ကာ နေပြည်တော်ဆီပြန်ဖို့ ခွင့်တောင်းတယ်။ ဖနီးကို ဘုရင့်သမီးတော်အဖြစ် အခမ်းအနားနဲ့ သင်္ဂြိုဟ်သတဲ့။

သူ စုဆောင်းထားတဲ့ငွေနဲ့ ဗိမာန်တစ်ခု ဆောက်လိုက်တယ်။ အဖြူရောင်လှပတဲ့ ဗိမာန်တစ်ခုပဲပေါ့လေ။ သမီးတော် ဗိမာန်ကို ကျောက်ဆောင်ထိပ်မှာ ဆောက်လုပ်ထားသတဲ့။ သူဟာ အသည်းအသန်ငိုယိုပြီး ကျောက်ဂူဆီက မခွာဘဲ သုံးလပြင်းဆန်ဖနေခဲ့တယ်။

သမီးတော် သေဆုံးတဲ့အခါ အစစအရာရာ ချွတ်ချော်ကုန်ရပြီလေ။ သူဟာ အရက်မူးလျက် မြို့ထဲ လမ်းတကာသွားသတဲ့။ အရက်ဆိုင်တွေမှာ စားသောက်တယ်။ နေ့ရောညပါ မူးယစ်နေတော့သတဲ့။

ဘုရင်ဟာ သမီးတော် သေဆုံးပြီးနောက် ဖန်ကို အရေးမပေးဘဲနေတယ်။ ဖန်ဟာ မြို့ထဲမူးယစ်နေမှန်း ဘုရင်ကြီးဆီ သတင်းပေါက်ကြားပေမယ့် သမီးတော်ကို ထောက်ထားပြီး သူ့ကို လုပ်အလယ် မရှုတ်ချချင်ဘူးပေါ့။ ဘုရင်ကြီးက ဥပေက္ခာပြုနေတာကို ပြည်သူတွေ သိလာတဲ့အခါ မိတ်ဆွေတွေဟာ သူ့ကို ရှောင်ကြဉ်လာသတဲ့။

ဖန်ဟာ ငွေကုန်ခန်းလာလို့ ချိုနဲ့ တီအမ်ဆီက ငွေချေးကာ အရက်သောက်ရသတဲ့။ တစ်ခါမှာတော့ သူဟာ အရက်ဆိုင်ထဲ တစ်ညလုံးလုံးမူးပြီး လဲနေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူတွေက ''ဒီအမူးသမားကို အပြင်ဆွဲထုတ်လိုက်ပါ။ သူရှိတာကြောင့် တို့မြို့မှာ ဂုဏ်သိက္ခာကျစရာပဲ''လို့ ကဲ့ရဲ့တယ်။

ဘုရင်ကြီးဟာ အရက်သမား သမက်ကြောင့် မျက်နှာအိုးမဲ သုတ်ခံနေရပြီပေါ့။ တစ်နေ့မှာ မိဖုရားက ဖန်ကို ပြောသတဲ့။

''သမီးတော်ဆုံးရှာလို့ မင်းမှာ အတော် စိတ်ထိခိုက်နေတာမို့ အပြောင်းအလွဲဖြစ်အောင် ဘာကြောင့် ကိုယ့်အိမ်ကိုမပြန်ဘဲ နေသလဲ''

''ဒီမှာ ကျွန်တော်ရဲ့အိမ်ပဲလေ၊ ကျွန်တော် ဘယ်ကိုသွားရမှာလဲ''

''မင်းရဲ့အိမ်ဟာ ကွန်လင်ရွာမှာ ရှိတာကို မမှတ်မိတော့ဘူးလား''

ဖန်ဟာ ကွန်လင်ရွာက အိမ်ကြီးရှိခိုင်ကို မှုန်ဝါးဝါးမှတ်မိလာသတဲ့။ သူက ဒီကို လူ့စိမ်းတစ်ယောက်အဖြစ် လွန်ခဲ့တဲ့ တစ်နှစ်က ရောက်လာတာပဲ။ အိမ်ပြန်ဖို့ကို ဝမ်းနည်းစွာနဲ့ ပြောလိုက်သတဲ့။

မိဖုရားက ဆိုတယ်။

''ကောင်းပြီလေ၊ ဒါဆို အစေအပါးနှစ်ယောက်ကို ပို့စေလိုက်မယ်''

အစေအပါးနှစ်ယောက်ဖြစ်သူကို တစ်ဖန် တွေ့ရလေပြီပေါ့။ သူတို့က ဖန်ကို နေပြည်တော်ဆီ ခေါ်ခဲ့ကြတယ်။

နန်းတော်ဝင်းဆီရောက်တဲ့အခါ ချည့်နဲ့နဲ့ ဝေါစင်အိုကို တွေ့သတဲ့။ အစောင့်တွေ၊ အခြွေအရံတွေ၊ လာရောက်နှုတ်ဆက်တဲ့ မိတ်ဆွေတွေကို မတွေ့ဘူးတဲ့လေ။ သူ့ကို ပို့ဆောင်မယ့် အစေအပါး နှစ်ယောက်



ဟာလည်း အိုမင်းနွမ်းပါးလျက်ရှိတယ်။

မြို့ရိုးတံခါးက ထွက်ခဲ့တော့ ဘယ်သူမှ ဂရုစိုက်မနေကြဘူး။ သူဟာ ဂုဏ်ယူဝင့်ကြွားခဲ့ရတဲ့ အချိန်တွေကို တွေးမိတယ်။ မြို့စားမင်း အရာက ရေပွက်ပမာ ခဏပဲ စည်းစိမ်ခံစားရပါလားလို့ သိလိုက်ရပြီလေ။

ဟိုတစ်နှစ်က သူလာတဲ့လမ်းကို မှတ်မိနေသတဲ့။ မကြာခင် ဝေါစင်ဟာ ကျောက်ဆောင်ဝဆီ ရောက်လာတယ်။ ဒီအခါမှာ သူ့ ဌာနေရွာကို မြင်တွေ့ရပြီပေါ့။ သူ မျက်ရည်ကျလာတယ်။

အစေအပါး နှစ်ယောက်ဟာ သူ့အိမ်ဆီထိ ပို့ခဲ့ပြီး အိမ်ရှေ့ ဝရန်တာက ကွပ်ပျစ်ပေါ် တွန်းချလိုက်တယ်။ သူတို့က ''မင်းအိမ်ရောက်ပြီ''လို့ စိတ်ဆိုးမာန်ဆိုး ပြောသတဲ့။

ဖန်ဟာ ဖျတ်ခနဲ နိုးလာသတဲ့။ သူငယ်ချင်းတို့ဟာ ခြံလယ်မှာ ခြေဆေးနေကြဆဲ။ ညနေခင်း နေရိပ်က အိမ်ရှေ့နံရံဆီ ကျနေတုန်းပေါ့။

''စိတ်ပျက်ဖွယ် ဘဝပါလား''

ချိုနဲ့ တီအမ်က ဆိုသတဲ့။

''ဘယ့်နှယ်လဲ၊ နိုးတာ မြန်လှချည်လား''

''နိုးတာမြန်တယ် ဟုတ်စ၊ ကျွန်တော်က တစ်ဘဝလုံးလုံး အိပ်ပျော်ခဲ့သလို ထင်နေတယ်''

သူက ထူးဆန်းတဲ့ အိပ်မက်အကြောင်း ပြောပြတယ်။ သစ်ပင် ထိတိုင်းပြည်ဆီ ရောက်ခဲ့တာကိုသိတော့ သူတို့ အံ့သြနေသတဲ့။ သူတို့ကို သစ်ပုပ်ပင်ကြီးဆီခေါ်လာပြီး ကောက်လိမ်လျက်ရှိတဲ့ သစ်မြစ်တွေကြားက

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ပေါက်ဝကို ပြလိုက်တယ်။

"ဟောဒီတွင်းထဲ ရထားယာဉ်နဲ့ ရောက်သွားတာကို ... ကောင်းကောင်း မှတ်မိတယ်"

"သစ်ပုပ်ပင်ကြီးကို စွဲလမ်းပြီး စိတ်ထဲ ဖမ်းစားခံရတာဖြစ်မှာပါ၊ ဒီအပင်က အိုလှပြီကိုး"

ဖန်က သူငယ်ချင်းတို့ကို ပြောလိုက်တယ်။

"မနက်ဖြန် မင်းတို့လာခဲ့ကြ၊ ဒီတွင်းဝကို တို့ ဖော်ကြည့်မယ်"

နောက်တစ်နေ့မှာ အစေအပါးတွေကို ပုဆိန်တို့ တူရွင်းတို့ ယူစေပြီး တူးဖော်ခိုင်းသတဲ့။ သစ်မြစ်အချို့ကို ဖယ်ရှားလိုက်တယ် သစ်မြစ်ကြီးတွေမရှိတော့မှ လိုဏ်ခေါင်းတစ်ခုကို အောက်မှာ တွေ့သတဲ့

ဆယ်ပေပတ်လည်လောက် ကျယ်လိမ့်မယ်ကွယ်၊ ကွေ့လိ... လျက်ရှိတဲ့ အစင်းကြောင်းတွေလည်း ရှိတယ်။

ဒီမြေကွက်ကလေးရဲ့ တစ်ဖက်ခပ်မြင့်မြင့် ကမူတစ်ခုမှာ မြို့ပုံစံငယ်တစ်ခုကို တွေ့တယ်။ လမ်းတွေ၊ အိမ်နေရာကွက်တွေ၊ ခြံစည်း... ရိုးတွေနဲ့ပေါ့ကွယ်။

မြို့နေရာမှာ ပုရွက်ဆိတ်တွေ အမြောက်အမြားပဲ ရှိတယ် အလယ်ကောင်နေရာက အဆောင်တစ်ခုပေါ်မှာ ပုရွက်ဆိတ်ကြီး... နှစ်ကောင် ရှိသတဲ့။ သူတို့မှာ အဖြူရောင် တောင်ပံနဲ့ အနီရော... ဦးခေါင်းရှိတယ်။ ပုရွက်ဆိတ်ကြီးတွေက သူတို့အနီးမှာ စောင့်ကြ... နေသတဲ့။

"ဒါဆို ဒီဟာက သစ်ပုပ်ပင်တိုင်းပြည် ဖြစ်လိမ့်မယ်၊ ဟို...



တွေ့လား၊ ဘုရင်ဟာ သူ့နန်းတော်မှာ ထိုင်နေတယ်"လို့ ဖန်က ...ညြလျှက်ဆိုသတဲ့။

တွင်းဝဆီက ရှည်လျားတဲ့ လမ်းကြောင်းတစ်ခုဟာ တောင် ...ဘက်ကိုရောက်ပြီး အဲဒီမှာ အခြားသိုက်မြို့တစ်ခုကို တွေ့သတဲ့။ ...တွင်းကြီးတစ်ခုထဲ ရှိနေတဲ့ သိုက်မြို့ပဲပေါ့။ ပုရွက်ဆိတ်တွေရဲ့ အရောင်က ...တွင်းလယ်မှာရှိကြတဲ့ ပုရွက်ဆိတ်တွေထက် ပိုပြီးညိုတယ်။

သူဟာ တောင်စွန်းကိုင်းမြို့တခါးကို မှတ်မိလိုက်တယ်။ ဒီမြို့ ...လေးမှာ တစ်နှစ်ပျော်ရွှင်စွာ နေခဲ့တာကိုး။ အသိုက်မြို့ကို နှောင့် ...ယှက်ခံရလို့ သူ့ရဲ့မှူးမတ်တွေ ပြေးလွှားလျက်ရှိတာမို့ စိတ်ထဲခံစား ...ရမိတယ်။

ဆွေးမြည့်နေတဲ့ သစ်မြစ်တစ်ခုကို ဖယ်ပစ်လိုက်လို့ အရာတွေ ...ပြင်ကျန်ရစ်တယ်လေ။ အစင်းရာတစ်ခုရဲ့ ဘေးဆီမှာ ချွေးကြွက် ...တစ်ခုရှိသတဲ့။ အဲဒီနေရာမှာ သူနဲ့ သမီးတော်တို့ ပျော်ရွှင်ကြည်နူးစွာ ...တော်တွဲလျှောက်လည်တဲ့တောပဲ ဖြစ်လိမ့်မယ်။

အနီးဆီမှာ ဂူကလေးတစ်ခု ရှိတယ်။ အဲဒီ ဂူကလေးထဲမှာ ...မီးတော်က သူ့ကို "နှောင်ဆို အရက်ကို တစ်စက်ကလေးမှ မသောက် ...ဘူး"လို့ ပြောခဲ့တယ်။

စိတ်ဝင်စားဖွယ် တွေ့ရလို့ လမ်းကြောင်းကလေးကို ဆက်ပြီး ...ကြည့်မိတယ်။ ဒီလမ်းမှာ သူနဲ့သမီးတော်တို့ သုံးရက်ခရီး ထွက်ခွာခဲ့ရာ ...ခရီးပဲပေါ့။

နောက်ဆုံး အခြားတွင်းငယ်တစ်ခုကို တွေ့လိုက်သတဲ့။ အရှေ့

www.burmeseclassic.com

www.burmeseclassic.com



ဘက် ဆယ်ပေလောက်အဆီမှာ ကျောက်မြေဖြစ်နေပြီး အဲဒီမှာတော့ ပု
ဆိတ်သုံးလေးကောင်ဟာ ဦးတည်ရာမရှိဘဲ သွားနေသတဲ့။

အလယ်ကောင်မှာတော့ သုံးပေလောက်မြင့်တဲ့ ကမူတ
ရှိတယ်။ ကျောက်စရစ်ခဲတွေ ကမူထိပ်မှာရှိသတဲ့။ အဲဒါဟာ သမီးတော်
သချိုင်းဂူနေရာလို့ မှတ်မိလိုက်တယ်။

သူဟာ ဒါတွေကို အိပ်မက်မှန်းသိပေမယ့် သမီးတော်
စွဲလန်းချစ်ခင်နေဆဲပေါ့လေ။ သမီးတော်ကလေးနဲ့ တွေ့ဆုံရတာ
ဘာမျှ အဓိပ္ပာယ်မရှိတဲ့ တအင် ဘဝပါလားလို့ သံဝေဂတရား ရလိုက်တ

သူ့မိတ်ဆွေတွေကို သက်ပြင်းချရင်း "ကျွန်တော်က အိပ်
မက်တာလို့ ထင်နေတာ၊ ဒါပေမယ့် အခု သစ်ပုပ်ပင်တိုင်းပြည်
တကယ်ရှိမှန်း သိရပြီ၊ အဲဒီတိုင်းပြည်ဟာ ခင်ဗျားတို့ ကျွန်တော်တို့
တကယ်ရှိခဲ့တယ်၊ ကျွန်တော်တို့အားလုံးဟာ အိပ်မက်မက်နေကြ
လူတွေပါပဲ" လို့ ဆိုသတဲ့။

ဖန်ဟာ နဂိုလူတစ်ယောက်လို ဘယ်တော့မှမဖြစ်တော့
မဟာယာန ဘုန်းကြီး ဝတ်လိုက်တယ်။ အရက်ကို အလွန်အ
ပြန်သောက်သတဲ့။ အရင်ကထက် ပိုကဲလို့သာ အရက်ချိုးဖြစ်နေ
သုံးနှစ်အကြာမှာ သေဆုံးလေတော့သတဲ့။

♛♛♛

# ပိုနေမြဲကျားနေမြဲ

## *The Wolf Of Chungshan*

## 中山狼傳

တစ်နေ့မှာ နယ်စားကြီးချာအိုဟာ ချောင်စန်တောင်တွေဆီ
အုပ်အသင်းနဲ့ အမဲပစ်လာသတဲ့။ အမဲလိုက်ခွေးတွေ၊ မုဆိုးကျော် တွေ
တယ်။ လှံတွေ၊ လေးကိုင်းတွေ၊ လှေကျင့်သင်ကြားထားတဲ့ စွန်ငှက်တွေ
ညီး ပါတယ်။

နယ်စားကြီးက ခပ်လှမ်းလှမ်း လမ်းပေါ်မှာ ထိုင်နေတဲ့ ဝံပုလွေ
ကောင်ကို တွေ့သတဲ့။ ကြံ့မှ ကြုံတတ်ပလေပေါ့။ ဒီဝံပုလွေဟာ
မတ်ထိုင်နေရုံ မကုတ်ဘဲ ဟောင်နေသေးတော့ သူ့ကို သတိပြု
တာပေါ့။

ဒါကြောင့် ပစ်မှတ်ကောင်းတစ်ခု ဖြစ်ခဲ့တယ်။

ချာအိုပစ်လိုက်တဲ့ မြှားဟာ ဝံပုလွေကို ထိမှန်ပေမယ့် သူ
ွတ်ပြေးနိုင်သတဲ့။ ဒါနဲ့ အမဲပစ်သမားတွေ လိုက်ဖမ်းကြတယ်။
သံပေးတဲ့အသံ ခွေးဟောင်တဲ့အသံဟာ တောတစ်ခုလုံး ညံစီသွား
ယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်တွေ အလိပ်လိပ် ထကုန်တာမို့ ဝံပုလွေအဖို့ လွတ်မြောက် အောင် ဖန်တီးလိုက်သလိုပဲလေ။

ဒီအချိန်မှာပဲ ဘုန်းကြီး ကွန်ကူအိုဟာ ချောင်စန်နယ်ဆီ ခရီး ထွက်ရင်း မြည်းပိန်ကိုစီးလျက် ရောက်လာသတဲ့။ သူ့မှာ စာအုပ်တွေ နဲ့ အသုံးအဆောင်ပစ္စည်း နည်းနည်းသာ အိတ်တစ်ခုထဲ ပါလာသတဲ့ ဘုန်းကြီးဟာ မော်စီဘာသာဝင်သူတော်စင်ပေါ့ကွယ်။

မော်စီဘုန်းကြီးတွေက ဘာသာရေးကိစ္စတွေ ဆောင်ရွက်ပေး တယ်။ ကိုယ်တိုင်လဲ ဒုက္ခဆင်းရဲခံကာ ကျင့်ကြံတယ်။ ဒါကြောင့် မော် သူတော်စင်တွေကို ကြည်ညိုဖွယ်လို့ သိနေတယ်။

မော်စီသူတော်စင်တွေဟာ မေတ္တာသုတ်ကို ရွတ်ဆိုတယ် ဘုရင်တွေ၊ မှူးမတ်တွေ၊ သာမန်လူတွေကို ဘာသာတရားထက်သ ဖို့ ဟောပြောတယ်။

သူတို့ကိုယ်တိုင်လည်း အပင်ပန်းခံတာကိုး။

မကြာခဏ စွန့်စားတာ သူတစ်ပါး ပျော်ရွှင်ကျေနပ်ဖို့ ကူညီပေ တတ်သတဲ့။

အမဲလိုက်သံတွေကို ဘုန်းကြီး ကွန်ကူအို ကြားသတဲ့။ ဒက်ရ နဲ့ ဝံပုလွေတစ်ကောင် သူ့ဆီပြေးလာတာ တွေ့တယ်။ သူ့နောက် မှဆိုးကျော်တွေ သဲသဲမဲမဲ လိုက်နေရဲ့။

ဝံပုလွေဟာ မော်စီသူတော်စင်ကို တွေ့တဲ့အခါ ကူညီဖို့ညည် ညူရှာတယ်။ ကွန်ကူအိုဟာ အလွန်သနားစိတ် ဖြစ်မိတာပေါ့လေ။ သူ့ရ ကျောမှာ မြားတန်းလန်းရှိနေတာကိုး။



"မစိုးရိမ်နဲ့၊ မင်းကျောကမြားကို ငါနုတ်ပေးပါ့မယ်"

"အလို ခင်ဗျားဟာ မော်စီသူတော်စင်တစ်ယောက်ကိုး၊ သေးစားပါတယ်ဗျာ၊ အမဲပစ်သမားတွေ နောက်က လာနေပြီ၊ သူတို့ ွန်သွားတဲ့အထိ ခင်ဗျားရဲ့အိတ်ထဲ ပုန်းပါရစေ၊ ကျွန်တော့ကိုကယ် င် အလွန်ကျေးဇူးတင်ဖွယ်ပဲဗျာ"

"ဝံပုလွေရယ် ဒါလောက်ပြောနေဖို့ မလိုပါဘူး၊ ကျုပ်ကို ဘုန်း ကြီးမှန်းသိရင် နားလည်ရမှာပေါ့၊ ကဲလေ အိတ်ထဲအမြန်ဝင်ချေ၊ ေျးဇူးစကားတွေ ပြောမနေနဲ့၊ မင်းကို ကူညီရတာ ငါ ဝမ်းမြောက် သူပြီ"

ဒါနဲ့ မော်စီသူတော်စင်ဟာ အိတ်ထဲက ပစ္စည်းတွေကို ထုတ် ိုက်တယ်။ ဝံပုလွေကို အထဲတဲ့အားသွတ်သွင်းတာပေါ့။ ဒါပေမယ့် ်င်းက အကောင်ကြီးတစ်ကောင်ကိုး။

အိတ် ... သေးသေးလေးရယ်၊ ဦးခေါင်းကို အရင်သွင်းတဲ့အခါ ေမွးဖွားဖွား အမြီးရယ်၊ နောက်ခြေနှစ်ဖက်ရယ်က မဆံ့ဘူး၊ အမြီးကို ရင်သွင်းတဲ့အခါ ဦးခေါင်းနဲ့ရှေ့ခြေနှစ်ဖက်ကို ချိုးလို့မှ မသွင်းရင် မဆံ့တဲ့ ြစ်နေသတဲ့။

ဘုန်းကြီးက ထပ်တလဲလဲ ကြိုးစားပြီး အိတ်ထဲဝှက်ပေမယ့် ရခဲ့ဘူး။

"ကဲ ဒါဖြင့် ကျွန်တော့်ကို မြန်မြန် ကြိုးချည်စမ်းပါ"

သူဟာ မြေကြီးပေါ်ကွေးနေပြီး မော်စီသူတော်စင်ကို ကြိုးတုပ် င်းတယ်လေ။ ခြေထောက်တွေကို ကိုယ်နဲ့ အထုပ်တစ်ခုပုံဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ချည်နှောင်စေသတဲ့။ နောက်ဆုံး အတင်းထည့်ပြီးမှပဲ ဝံပုလွေကို အိတ်ထဲဝှက်လိုက်ရသတဲ့။

အိတ်ကို မြည်းပေါ်တင်လိုက်တယ်။ တစ်ခါ သွေးစက်တွေ အိတ်ထဲက စီးကျနေလို့ စိတ်ပျက်ဖွယ် ဖြစ်ရပြန်တယ်။

ဒီသွေးစက် တွေက ကျန်နေမှာကို။ ကွန်ကူအိုရဲ့ လက်မှာလည်း ပေကျံနေရဲ့။ ဒါကြောင့် ဘုန်းကြီးဟာ ကပျာကသီသွေးတွေကို လက်စ ဖျောက်ရသတဲ့။

အိတ်ကို သတိမပြုမိအောင် မြည်းကို တစ်ဖက်ဆီလှည့်ပြီး ထားလိုက်တယ်။

အမဲဖမ်းအုပ်စု ရောက်လာတဲ့အခါ မြို့စားက ဝံပုလွေတစ် ကောင်ကို တွေ့လိုက်သလားလို့ မေးသတဲ့။

ကွန်ကူအိုက လမ်းဘေးက ရပ်လျက်ပဲ အေးဆေးစွာ ဖြေ လိုက်တယ်။

"မတွေ့ပါဘူး။ ဝံပုလွေဆိုတာ ဉာဏ်နီဉာဏ်နက်ရှိတယ်၊ ဒီလမ်း က သူလာမှာမဟုတ်ဘူး။ တောင်ရဲ့ တစ်နေရာရာမှာ သူ ပုန်းနေပါ လိမ့်မယ်"

နယ်စားက ဘဝင်မကျဘဲ ဖြစ်နေပြီး လက်ထဲကဓားကို ဝှေ့ယမ်းလျက်ဆိုသတဲ့။

"တကယ်လို့ ဒီဝံပုလွေ လွတ်မြောက်အောင် တစ်ယောက် ယောက်က ကူညီရင် သင်းကို ချမ်းသာမပေးဘူး"

ကွန်ကူအိုဟာ မြည်းပေါ် ခပ်တည်တည် တက်လိုက်ပြီး နယ်စားကို နှုတ်ဆက်သတဲ့။

"ဝံပုလွေကို တစ်နေရာရာမှာ တွေ့မိရင် ကျုပ်ပြောပါ့မယ်"

အမဲဖမ်းအုပ်စု ထွက်သွားတဲ့ ခွာသံတွေ အဝေးဆီရောက် သွားတဲ့အခါ အိတ်ထဲက ဝံပုလွေက "ကျွန်တော့ကို အပြင်အမြန် ထုတ်ပေးပါ၊ အသက်ရှူမွန်းကျပ်နေပြီ" လို့ ဆိုသတဲ့။

မော်စီသူတော်စင်ဟာ ချက်ချင်း ဆင်းခဲ့ပြီး ဝံပုလွေကို အိတ် ထဲက ထွက်စေလိုက်တယ်။ ကြိုးတွေ ဖြေလိုက်တယ်။ ဒဏ်ရာကို ပွတ်သပ်ပေးရင်း "ဒဏ်ရာက နာနေတုန်းလား။ အိတ်ထဲထည့်တုန်း က မွန်းခဲ့တာကိုး" လို့ ဆိုတယ်။

"ဒဏ်ရာက သိပ်မများပါဘူး။ ကဲ အခု ခင်ဗျားဟာ ကျွန်တော့ အသက်ကို ကယ်ခဲ့ပြီ၊ နောက်တစ်ခု ကူညီပါဦး"

"ကျုပ်ကူညီနိုင်ရင် ဘာမဆို ဝမ်းမြောက်ဝမ်းသာ ကူညီပါ တယ်၊ ကျုပ်ဟာ မော်စီသူတော်စင်မှန်း မင်းသိသားပဲ၊ မေတ္တာ တရားဟာ တစ်လောကလုံးကို ကယ်တင်ပါတယ်၊ မင်းအတွက် ဘာ ကူညီရမလဲ"

"ကောင်းပြီ၊ ကျွန်တော် ဗိုက်ဆာနေတယ်"

"အလို"

ဝံပုလွေက ဘုန်းကြီးကို ငုံ့စောင်းပြီး ကြည့်လိုက်တယ်။

"ကျွန်တော့ကို အသင် တကယ်ကူညီမှာနော်၊ ကျွန်တော် အစားမစားရတာ သုံးရက်ရှိပြီ၊ ခုညမှာ ကျွန်တော်သေသွားခဲ့ရင် ခင်ဗျား အသက်ကယ်ခဲ့ပေမယ့် အလကားပဲပေါ့၊ ခင်ဗျားကို ဘာကြောင့်စားရ မှာလဲ၊ ဘုန်းကြီးဆိုတာ အနစ်နာခံရမည်။ ကျွန်တော်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



စကားလွန်သလား”

ကွန်ကူအိုဟာ ထိတ်လန့်နေပြီပေါ့။ ဝံပုလွေက သွားကိုဖြဲပြီး ခုန်အုပ်လိုက်တယ်။ ဘုန်းကြီးဟာ မြည်းရဲ့တခြားဘက်ဆီ အမြန် ရှောင်လိုက်ပြီး တုန်ယင်လျက် ကာကွယ်နေသတဲ့။

“ကျုပ်ကို သင်မစားထိုက်ဘူး”

“ဘာကြောင့်လဲ”

“ကျုပ်က အခုပဲ သင့်ကို ကယ်ခဲ့တယ်”

သူတို့ဟာ မြည်းကို လှည့်ပတ်ပြေးပြီး တစ်ယောက်ကို တစ်ယောက် ခုခံရင်း ရှုပ်ထွေးကုန်တယ်။

ဘုန်းကြီးက မြည်းရဲ့ ကျောပေါ်က လှမ်းပြီး ဆိုသတဲ့။

“ငါတို့ ငြင်းခုံရင်း ခုခံရင်း ဖြစ်နေဖို့မလိုဘူး။ တကယ်လို့ မင်းဟာ ငါ့ကို ကိုက်စားခဲ့ရင် တရားမှာမဟုတ်ဘူး၊ ဒါအ[illegible]က် မင်း နောင်တရလိမ့်မယ်၊ ငါ့ကို ကိုက်စားဖို့ တရားနည်းလမ်း မှန်မမှန် စဉ်းစားပါဦး”

“ကျွန်တော် ဗိုက်ဆာလှပြီ၊ ဆက်ပြီး ငြင်းခုံမနေချင်ဘူး”

“ဒါဖြင့် ဒီပြဿနာပြီးစီးဖို့ အဖြေရှာကြမယ်၊ တို့ဟာ တခြားသူရဲ့ ဆုံးဖြတ်ချက်ကို မေးရလိမ့်မယ်၊ ထုံးစံအတိုင်း ပညာရှိသုံးယောက်ဆီက ငါဟာ အသက်ကို ကယ်ခဲ့လို့ မင်းက ငါ့ကို စားသင့် မစားသင့် ဆုံးဖြတ်စေမယ်”

ဝံပုလွေက ဆိုတယ် –

“ကောင်းပြီ၊ ဒါပေမယ့် အကြာကြီး လှည့်ပတ်မနေနဲ့၊ ဘုရားသခင်ဟာ ဝံပုလွေတွေ စားသောက်ဖို့ လူတွေကို ဖန်ဆင်းခဲ့မှန်း



ကျွန်တော်သိတယ်၊ ကျွန်တော်တို့က ခင်ဗျားတို့ထက် အတိုင်းထက်အလွန်သာပါတယ်၊ ခင်ဗျားတို့က ကိုယ့်ကိုယ်ကို ခုခံဖို့တောင် မစွမ်းဘူးဆိုတာ နိမ့်ကျသူတွေ ဖြစ်လို့ပေါ့”လို့ ပြောသတဲ့။

သူတို့ဟာ လမ်းမှာ တစ်ယောက်ကိုမှ မတွေ့ဘူး။ နေက မှောင်မိုက်ခဲ့ပြီကိုး။

ဝံပုလွေက “ကျွန်တော် သိပ်ဆာနေပြီ၊ ကြာကြာစောင့်မနေနိုင်ဘူး” လို့ ဆိုကာ လမ်းဘေးက သစ်ငုတ်တစ်ခုကို ညွှန်ပြသတဲ့။

“သူ့ဆီ မေးကြစို့”

“အို ... သူက သစ်ပင်ပဲဟာ၊ ဘာသိမှာလဲ”

“မေးသာ မေးစမ်းပါဦး၊ သူပြောပါလိမ့်မယ်”

မော်စီသူ[illegible]ဘ်စင်က သစ်ပင်အိုကို ဝံပုလွေရဲ့အသက်ကို ရှုန့်စားပြီး ဘယ်လို[illegible]ဆယ်ခဲ့ကြောင်း ပြောပြတယ်။

“မင်းရဲ့ဆုံးဖြတ်ချက်ကို ပြောပါကွယ်၊ ဒါ တရားပါ့မလား။ ကျုပ်ကို သူက ခုပဲ ကိုက်စားတော့မှာတဲ့၊ ဒါဟာ ကျေးဇူးတရား သိတာ ဘယ်ဟုတ်မလဲနော်”

သစ်ပင်ဆီက လိုဏ်သံပါတဲ့အသံ ထွက်ပေါ်လာသတဲ့။


“ဟုတ်ကဲ့ သူတော်စင်ပြောတာ ကျွန်တော် နားလည်ပါ တယ်၊ ခင်ဗျားက ကျေးဇူးတရားဆိုတဲ့ စကားကို ပြောတာကိုး၊ ကျွန်တော် ပြောစမ်းပါရစေ၊ ကျွန်တော်ဟာ သဖန်းပင်တစ်ပင်ပေါ့ဗျာ၊ ဥယျာဉ်မှူး စိုက်ပျိုးတုန်းက ကျွန်တော်ဟာ အစေ့တစ်ခုပဲ ရှိသေးတယ်၊ တစ်နှစ်အကြာမှာ အဖူးတွေပွင့်လာတယ်၊ သုံးနှစ်အကြာမှာ အသီးတွေ ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငါးနှစ်အကြာမှာ ကျွန်တော့်ရဲ့ ပင်စည်ဟာ လက်မောင်းအရွယ် ဖြစ်နေပြီပေါ့၊ ဆယ်နှစ်အကြာမှာတော့ ကလေးတစ်ယောက်ရဲ့ ဝမ်းဗိုက်အရွယ် ဖြစ်ခဲ့တယ်၊ အခု ကျွန်တော်ဟာ အသက်နှစ်ဆယ်ရှိပါပြီ၊ ကျွန်တော့်ဘဝတစ်လျှောက်မှာ ဥယျာဉ်မှူးရဲ့ မိသားစုကို အသီးတွေ ကျွေးမွေးခဲ့တယ်၊ သူ့မိတ်ဆွေတွေကိုလဲ ကျွေးရပါသေးတယ်၊ အချို့ကို ဈေးမှာ ရောင်းချရလို့ အမြတ်ရတယ်၊ အခု ဥယျာဉ်မှူးက ကျွန်တော့်ကို



သစ်ပင်ဆီက လိုထင်သံပါတဲ့အသံ ထွက်ပေါ်လာတယ်



အိုပြီဖြစ်လို့ မသီးတော့ဘူးတဲ့လေ၊ ကျွန်တော့်ရဲ့ အရွက်တွေကို သူ ခူးလိုက်တယ်၊ အကိုင်းအခက်တွေကို ခုတ်လိုက်တယ်၊ အကိုင်းကြီးတွေကို ဖြတ်ယူပြီး ထင်းလုပ်တယ်၊ ဒါတင် မကျေနပ်ဘဲ ကျန်ရှိသေးတဲ့ ပင်စည်ကို သစ်အဖြစ် ရောင်းချဦးမှာတဲ့လေ၊ ကျွန်တော့်ကို ပုဆိန်နဲ့ခုတ်မယ်၊ ခေါက်နဲ့တွင်းမယ်ပေါ့လေ၊ ဒီတော့ ဒါဟာ ဘဝပဲလေ၊ ဝံပုလွေက ခင်ဗျားကို ဘာကြောင့် မစားထိုက်ရမှာလဲ''

ဝံပုလွေဟာ အလွန်ကျေနပ်သွားပြီး ကွန်ကူအိုကို ခုန်အုပ်ဖို့ ရွယ်လိုက်တယ်။

''သူပြောတာ ပညာရှိစကားပဲ''

''ခဏနေပါဦး၊ အခြားပညာရှိနှစ်ယောက်ကို မေးဖို့ကျန်သေးတယ်''

''ကောင်းပြီ၊ ပြောထားတဲ့အတိုင်း ဖြစ်ပါစေ၊ ဒါပေမယ့် ခင်ဗျားရဲ့ အသားဟာ တဖြည်းဖြည်း အနံ့ပိုမွှေးလာသလိုပဲ''

ခပ်လှမ်းလှမ်းဆီ သူတို့ရောက်လာတော့ ကျွဲတစ်ကောင်ကို ခြံစည်းရိုးတစ်ခုမှာမှီရင်း ရပ်နေတာတွေ့သတဲ့။ သင်းက ဘဝကို ငြီးငွေ့နေဟန်တူတယ်။

ဝံပုလွေက ''ဒီကောင့်ကို မေးကြည့်လေ၊ သူကြည့်ရတာ လောကကို အတော်သိထားသလိုရှိသလိုပဲ''လို့ ဆိုတယ်။

မော်စီသူတော်စင်ဟာ တစ်ခါရှင်းပြလိုက်ပြီး တရားမျှတအောင် ဆုံးဖြတ်ဖို့ ဆိုတယ်။

ကျွဲက ခပ်တွေတွေ သူ့ကို ကြည့်နေသတဲ့။ ကွန်ကူအိုရဲ့ စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မချင့်မရဲ ဖြစ်မိတာပေါ့လေ။

သင်းဟာ ခဏစဉ်းစားပြီးမှ လျှာကိုလျက်ကာ ဆိုသတဲ့။

"အင်း ... သစ်ငုတ်တိုပြောတာ မှန်ပေရဲ့၊ ကျွန်တော့ကို ကြည့်ပါလား။ အိုမင်းပိန်ကြုံနေပြီလေ၊ တဖြည်းဖြည်း ဝေါ်သေဖို့ပဲ ရှိတယ်၊ ကျွန်တော် နွားပျိုစဉ်က အရွယ်ကို တွေးကြည့်စမ်းပါဦး၊ လယ်သမားဟာ ကျွန်တော့ကို ဈေးကဝယ်ခဲ့ပြီး သူ့လယ်မှာ ခိုင်းစေတယ်၊ အခြားအကောင်တွေက အိုပြီလေ၊ ကျွန်တော်ပဲ အပင်ပန်းဆုံး လုပ်ရတာပေါ့။ လယ်သမားက ကျွန်တော့ကို အချစ်ဆုံးလို့ ဆိုတယ်

"သူ ခရီးသွားတဲ့အခါ ကျွန်တော့ကို နဖားကြိုးတပ်ပြီး စီးတယ်၊ လယ်မြေသစ်ထွန်ပြီဆိုရင် သူ့အတွက် လယ်ထွန်ရတယ်၊ စိုက်ပျိုးမြေဖြစ်အောင် လုပ်ရတယ်။ မျိုးစေ့ကြဲချိန်မှာ ရွံ့ထဲထယ် ရေးညက်စေဖို့ လုပ်ရတယ်၊ ရိတ်သိမ်းချိန်မှာ စပါးခြွေရတယ်၊ ကျွန်တော့မှာ အားလပ်ဖို့အချိန်မရှိဘဲ တစ်ထက်ကနှစ်လက် ပြောင်းပြီးလုပ်ခဲ့တယ် ...

"ကျွန်တော့ရဲ့ လုပ်အားကိုရင်းပြီး လယ်သမားဟာ ကောင်းကောင်းနေရတယ်၊ သူစားတဲ့အစား၊ ဝတ်ဆင်တဲ့အကျႌ၊ အခွန်ပေးတဲ့ငွေတွေဟာ ကျွန်တော့ဆီက ရခဲ့တာပေါ့၊ အခုဆို သူ့မှာ စပါးကျီတိုက်ကိုတောင်တိုးချဲ့နေပြီ၊ သားကိုလည်း အိမ်ထောင်ပြုပေးနိုင်ပြီ၊ သားသမီးမြေးမြစ်တွေနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်ပြီ၊ ကျွန်တော် သူ့အိမ်ကိုရောက်စဉ်ကဆိုရင် ထမင်းဝိုင်းပဲ ကြည့်ပါဦး၊ သူဟာ မြေအိုး၊ မြေခွက်၊ မြေဖွန်းတွေနဲ့သာ စားနေတာ၊ အခုမှ မြေအောက်ခန်းထဲ ပိုင်တွေရှိပြီးနေနိုင်တာပေါ့ဗျာ ...



"ခင်ဗျားက ဝံပုလွေအတွက် လုပ်ဆောင်ခဲ့တာထက် ကျွန်တော်က လယ်သမားအတွက် လုပ်ဆောင်ခဲ့တာကို စဉ်းစားကြည့်ပါဦး၊ ဒါပေမယ့် သူ့ဇနီးက ကျွန်တော့ကို အသုံးမကျတော့ဘူးတဲ့၊ အိုနေပြီတဲ့လေ၊ ကျွန်တော့ကို အမိုးအကာမရှိဘဲ ထားတယ်၊ အိပ်တဲ့အခါ ဟင်းလင်းပြင်မှာ အိပ်ရတယ်၊ လေက တိုက်ပါဘိ၊ ချမ်းစိမ့်ပါဘိ၊ ဒီမှာ ကျွန်တော်နေစာလှုံပြီး ရပ်နေရတာကို မြင်နိုင်ပါတယ်လေ ...

"ဒါပေမယ့် ညဘက်ရောက်ရင် ကျွန်တော်ဟာ ထီးတည်းနေရပြန်တယ်၊ လူတိုင်းဟာ အိုရမှာဖြစ်လို့ ကျွန်တော် မမှုပါဘူး။ ဒါပေမယ့် သူ့မိန်းမက ကျွန်တော့ကို သားသတ်သမားဆီ ပို့တော့မှာတဲ့၊ ဒီမိန်းမပြောတာက သူ့အသားကို အခြောက်လှန်းမယ်၊ သူ့ အရေကို သားရေချုပ်မယ်၊ ဦးချိုနဲ့ခွာတွေကို အသုံးအဆောင် ပစ္စည်းတွေ လုပ်နိုင်တယ်တဲ့၊ ဘဝဆိုတာ ဒီလိုပဲလားဗျာ၊ လူတွေရဲ့ ကျေးဇူးတရားကို မပြောမနေစမ်းပါနဲ့၊ ခင်ဗျားကို ဝံပုလွေက ကိုက်စားမှာ မဟုတ်ရပါဘူးလို့ ကျွန်တော် နည်းနည်းတလေးမှ မထင်ပါဘူး"

ဝံပုလွေဟာ မော်စီသူတော်စင်ရဲ့ လက်မောင်းကို ကိုက်ဖို့ ရွယ်လိုက်ပေမယ့် ကွန်ကူအိုက ဆိုတယ်။

"မစားပါနဲ့ဦး၊ မင်းဟာ နှစ်ကြိမ်ထိ စောင့်ပြီးနေပြီပဲ၊ တတိယ ပညာရှိ ပြောတာကို နားထောင်ဖို့ ကျန်သေးတယ်၊ ပြောထားတဲ့ ကတိအတိုင်းပဲပေါ့"

မကြာခင် အဘိုးအိုတစ်ယောက်ကို တွေ့သတဲ့။ သူဟာ တုတ်ကောက်တစ်ခုနဲ့ သူတို့ဆီ လျှောက်လာတယ်။ မုတ်ဆိတ်ဖြူက ရှည်လျား

www.burmeseclassic.com

www.burmeseclassic.com



စွာရှိလို့ သူတော်စင်တစ်ယောက် ဖြစ်မှာပါ။

ကွန်ကူအိုဟာ လူသားတစ်ယောက်ကို တွေ့လိုက်လို့ ဝမ်းသာလျက် အပြေးသွားကာ သူနဲ့ဝံပုလွေကိစ္စမှာ ပြေလည်အောင် ဆုံးဖြတ်ပေးဖို့ တောင်းပန် သတဲ့။

"အဘိုးရဲ့ ဆုံးဖြတ်ချက်ဟာ ကျွန်တော့ကို ဝံပုလွေ လက်ထက်က ချမ်းသာစေပါလိမ့်မယ်" လို့ ပြောလိုက်တယ်။

အဘိုးအိုဟာ နားထောင်ပြီး နေသတဲ့။

"ကျေးဇူးသိစရာ မလိုဘူးတဲ့လား" လို့ သူတော်စင်ဟာ ဝံပုလွေကို စိတ်ဆိုးမာန်ဆိုးနဲ့ ဆိုတာပေါ့။

"ကျေးဇူးမရှိတဲ့လူကို အိုမင်းလာတဲ့အခါမှာ ကျေးဇူးမသိတဲ့ သားက ကျေးဇူးကန်းလိမ့်မယ်ဆိုတာ မင်း မသိဘူးလား၊ မင်းရဲ့သားကို ဘယ်လိုပဲ ပြုစုခဲ့ပေမယ့် တစ်နေ့မှာ မင်းကိုသူက ဂရုမစိုက် မကြည့်ဘဲ ဆက်ဆံလိမ့်မယ်၊ မင်းထွက်သွားစမ်း၊ နို့မဟုတ်ရင် ငါ ရိုက်နှက်လိုက်မယ်"

ဝံပုလွေက "ကျွန်တော်ပြောတာကိုလဲ နားထောင်ပါဦး" လို့ ဆိုကာ ရှင်းပြသတဲ့။

"ဒီလိုပါ၊ မော်စီသူတော်စင်ဟာ ကျွန်တော့ကို ကြိုးချည်ပြီး အိတ်ထဲအတင်းထည့်ခဲ့တယ်၊ ကျွန်တော် အထဲမှာ အသက်ရှူခက်လို့ သေရမလိုဖြစ်နေတယ်၊ အိတ်ထဲ ကျွန်တော် ဘယ်လိုဆင်းရဲဒုက္ခဖြစ်ပြီး နေရသလဲဆိုတာ အဘိုးနားမလည်ပါဘူး"

အဘိုးအိုက ဒီကိစ္စမှာ မော်စီသူတော်စင်ကိုလည်း အပြစ်ရှိတယ်



လို့ ဆိုသတဲ့။ ဒီတော့ သူတို့ ငြင်းခုံနေကြပြန်ရော။

"ငါဟာ ဘယ်သူ့စကားကို ယုံစားရမှန်း မသိဘူး၊ သင် က ဝံပုလွေရဲ့ အသက်ကို ကယ်ဆယ်တယ်လို့ ဆိုတယ်၊ ဝံပုလွေက သူ့ကို ...ကျင်စေတယ်လို့ ဆိုတယ်၊ ဘယ်သူ မှားတယ် ဘယ်သူ မှန်တယ်ဆိုတာသိဖို့ နည်းလမ်းတစ်ခုကိုတော့ တိတိကျကျသိဖို့ပဲ၊ အိတ်ထဲမှာ ဘယ်လိုဒုက္ခခံပြီး နေရသလဲဆိုတာ ငါကိုယ်တိုင် ကြည့်စမ်းပါရစေ"

"ဟုတ်ကဲ့ . . . ကျွန်တော်ပြပါ့မယ်" လို့ ပြောပြီး ဝံပုလွေက သူ့ကို ကြိုးချည်စေတယ်၊ အိတ်ထဲသွင်းစေတယ်။

အဘိုးအိုက ဒီတော့ ပြောလိုက်သတဲ့။

"သင့်မှာ ဓားထက်ထက်တစ်ခု ရှိသလား"

"ဘာလုပ်ဖို့လဲ"

"ဘာကိစ္စရှိမှာလဲကွာ"

"ဝံပုလွေကို သတ်လိုက်ဖို့ ပြောတာလား"

"မင်းသဘောပဲလေ၊ သင်က သူ့ကိုမသတ်ရင် သူက သင့်ကို ကိုက်စားလိမ့်မယ်၊ ဘယ့်နှယ်လဲ သူတော်စင်ရယ်"

အဘိုးအိုကပြောရင်း ရယ်နေလိုက်သတဲ့။ မော်စီသူတော်စင်ကို ကူညီပြီး ဝံပုလွေကို သတ်စေလိုက်မှပဲ သူတို့ ငြင်းခုံနေတဲ့ကိစ္စ အဆုံးသတ်တော့သတဲ့။

♛♛♛

www.burmeseclassic.com

www.burmeseclassic.com

# စာအုပ်ထဲကယမင်းပျို

## *The Bookworm*

## 童痴

မစ္စတာလန်းဟာ ပညာတတ်မိသားစုက မွေးခဲ့တာ ဖြစ်တယ်
သူငယ်စဉ်ကတည်းက ဖခင်ဆီက ရှားပါးတဲ့စာအုပ်တွေ၊ ထင်ရှား
စာအုပ်တွေကို ကြားသိခဲ့တယ်၊ ဒီမိသားစုဟာ စာပေကဗျာတွေ ပြော
ရင်း ပျော်ရွှင်စွာ နေထိုင်ကြတယ်။

ဖခင်က ရိုးသားတဲ့ အမှုတော်ထမ်းတစ်ယောက်ပါပဲ။ သူ့
ကိုယ်ပိုင်ပစ္စည်းဆိုလို့ များများ မရှာဖွေခဲ့ဘူး။ သူရရှိတဲ့ဝင်ငွေက
စာကြည့်တိုက်အတွက် စာအုပ်တွေ ဝယ်တယ်။ အဲသလို စာအုပ်စုဆော
တာဟာ အဘိုးလက်ထက်ကတည်းက ဖြစ်သတဲ့။

ဒါကြောင့် ဖခင်သေဆုံးတဲ့အခါ ဒီစာအုပ်တွေဟာ လန်းအတွ
အမွေဖြစ်ခဲ့တယ်။ ဒီလိုနဲ့ သူဟာ စာပေကလွဲလို့ လူရေးလူရာ မသိ
ဖြစ်နေသတဲ့၊ လောကထဲ သူဟာ စာပေအတွက် မွေးဖွားကြီးပြင်းလာသူ
လေ။ စာပေခန်လွှန်းအားကြီးသူ ဖြစ်ခဲ့တယ်။

သူဟာ ဘယ်လိုဝင်ငွေရှာဖွေမလဲဆိုတာ မသိဘူး။ သူပိုင်ဆို



ထားတဲ့ စာအုပ်တွေကို တဖြည်းဖြည်း ရောင်းချရင်းနေတယ်၊ ဘယ်လို
ပဲဖြစ်ဖြစ်ပေါ့၊ သူ့စာအုပ်တွေကို တစ်ခုမှ မပျောက်ချင်ဘူးလေ။ ဒါကြောင့်
လည်း စာအုပ်တွေမြဲပြီး ရှိနေခဲ့တယ်။

စာပေတွေထဲက သူအနှစ်သက်ဆုံးစာအုပ်တွေက ဆွန်ချင်း
ဆွန်မင်းကြီး ရေးသားတဲ့ ပညာမျက်ပွင့်စာအုပ် ဖြစ်သတဲ့။ ဒီစာကို ဖခင်
ကိုယ်တိုင် သားအတွက် ရေးသားကူးယူထားတယ်။ သူ မသေခင် ထားရစ်
တဲ့ လက်ရေးစာပဲလေ။

သားငယ်ဟာ စာရွက်ကို မှန်ဘောင်တပ်ထားပြီး စာကြည့်စားပွဲ
အထက်မှာ ချိတ်ထားလိုက်တယ်။ ဒါကြောင့် နေ့တိုင်း မြင်တွေ့ကာ
သူ့အတွက် ဆောင်ပုဒ်တစ်ခု ဖြစ်ခဲ့တယ်။ နောက်ပြီး ဖုန်တွေ မကပ်ငြိရ
အောင် ဇာပိတ်တစ်ခုနဲ့ ကာရံထားသေးသတဲ့၊ သူ့အတွက် ကိုးကွယ်ဆည်း
ကပ်ဖွယ်တစ်ခုပဲပေါ့။

မြေရှင်တွေက လယ်[illegible]ကိုင်းကျွန်းတွေ
ပိုင်ဆိုင်ပေမယ် ထိုသို့မကျင့်လေနဲ့
စာပေတွင်သာ [illegible]ကန့်စပါး များပြားစေတယ်။
သူကြွယ်တွေက[illegible]တာခြံမြေတွေ
ခမ်းနားစွာနေပေမယ် ထိုသို့မကျင့်လေနဲ့
စာပေတွင်သ[illegible]နှင့်သိုက်များရှိပေတယ်။
မောင်တို့ [illegible]ကြင်ရာရှာဖွေကြသလို
ထိုသို့မကျင့်[illegible] စာပေတွင်သာ
ကျောက်စိမ်း[illegible]င်း လှယမင်းပျိုကို တွေ့လိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



အမောင်တို့ ဝေါယာဉ်ရထား ခြွေရံများနဲ့
မှူးမတ်ရိုက်ရာ စိတ်ဆန္ဒရှိကြလည်း၊ ထိုသို့မကျင့်လေနဲ့
စာပေတွင်သာ ဖုဿရထားဆိုက်ရောက်လာတယ်။
ကျင့်ဖွယ်စိတ်သန် လူငယ်မာန်ဟာ
ကြိုးပမ်းစာပေ အားထုတ်ပါလေ
ကျော်စောချမ်းသာ မယွင်းချွတကာ။

ကဗျာဟာ ပညာဆည်းပူးဖို့ တိုက်တွန်းထားတာ ထင်ရှားတယ်လေ။ ပညာတတ်တစ်ယောက်ဖြစ်မှ မင်းမှုထမ်း အရာရှိကြီးဖြစ်မှာကိုး။ ရွှေတွေ၊ ကောက်နှံစပါးတွေ၊ အမျိုးသမီးတွေဟာလည်း မှူးကြီးမတ်ကြီး ဖြစ်လာတဲ့အခါ ရရှိတာပဲပေါ့။

မစ္စတာလန်းဟာ စာပေမှာ ရွှေတွေ၊ ကောက်နှံစပါးတွေ အမျိုးသမီးတွေ ရနိုင်မှာပဲလို့ ယုံကြည်တယ်။ စွဲလမ်းနေတယ်။ ဒါတွေရဖို့ စာတွေကို ဖတ်နေရမှာပဲ ဖြစ်တယ်။

အသက် ဆယ့်ရှစ်၊ ဆယ့်ကိုး၊ နှစ်ဆယ်ဆိုရင် ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားတတ်ပြီလေ၊ လူငယ်တွေဟာ ဒါကို ရှေးဟောင်းစာပေတွေထက် စိတ်ထက်သန်တယ်၊ သူကတော့ စာအုပ်တွေ စွဲစွဲမြဲမြဲ ဖတ်နေတယ်။

သူဟာ လူတွေနဲ့ မဆက်ဆံဘူး၊ လည်ပတ်ပျော်ရွှင်မနေဘူး။ သူ့အနှစ်သက်ဆုံးက ကုလားထိုင်မှာထိုင်ပြီး ကဗျာတွေစာတွေကို ဖတ်နေတာပဲ။

ဆောင်းဥတုရော၊ နွေဥတုရော သူ့မှာ ဒီအင်္ကျီပဲ ဝတ်ဆင်တယ်။



အင်္ကျီကြီးလုပ်ပြီး နေတာပေါ့။ အတွင်းခံဘောင်းဘီကိုလဲဖို့ သတိပေးပေမယ့် သူ့မှာ လဲဖို့ရှိမနေဘူး။ တစ်ခါတစ်ရံ မိတ်ဆွေတွေ လာလည်ပေမယ့် သူက နှုတ်ဆက်ရုံ ပြောဆိုပြီးနောက် စာအုပ်ဆီပဲ လှည့်နေတတ်သတဲ့။

သူဟာ မျက်စိကိုမှေး၊ ကျောကိုမှီလျက် ကဗျာစာပေကို ရွတ်ဆိုတဲ့အခါမှာ စိတ်ပါလက်ပါရှိတယ်။ မကြာခင် သူငယ်ချင်းတွေက စာကြမ်းပိုးလေးပဲ၊ သူက စာအုပ်တွေပဲ စိတ်ဝင်စားတာ၊ သူ့ဆီလည်ပတ်လို့ အလကားပါလို့ ထွက်သွားကြတယ်။

သူဟာ နန်းတွင်းစာမေးပွဲမှာ ကျဆုံးခဲ့လို့ ဘွဲ့တံဆိပ်မရရှာဘူး။ ဒါပေမယ့် စာပေကို လက်မလွှတ်တဲ့ စိတ်ပါဝင်စားစွာ ဖတ်ရှုလျက်ရှိတယ်။ သူဟာ ဆွန်ချင်းဆွန့်မင်းကြီးရဲ့ စကားတွေကို မှတ်မိနေဆဲ ဖြစ်သတဲ့။

လန်းဟာ တကယ်ပဲ ရွှေတွေ၊ ကောက်နှံစပါးတွေ၊ ကျောက်စိမ်းအဆင်းရှိတဲ့ ယမင်းပျိုလို မိန်းမတွေ၊ ဒါတွေ လိုချင်ပေမယ့် မင်းကြီးရဲ့စာမှာ စာပေလေ့လာကျက်စား ပြီးမြောက်တဲ့အခါ ရရှိမှာလို့ ဆိုတာကို မင်းကြီးက လိမ်ညာပြောမှာ မဟုတ်ဘူး။

တစ်နေ့မှာ ရုတ်တရက် လေတိုက်လိုက်လို့ စာအုပ်ပါးကလေးဟာ သူ့လက်ထဲကကျပြီး ဥယျာဉ်ထဲ လွင့်ပါသွားတာပေါ့။

စာအုပ်ကလေးကို လိုက်ကောက်ရင်း ဒီစာအုပ်ကို နင်းမိလိုက်ပြီးမှ ပြန်ရခဲ့တယ်၊ စာအုပ်ကို ကောက်လိုက်တုန်းက သူဟာ မြက်တွေဖုံးလျက်ရှိတဲ့ တွင်းတစ်ခုထဲ ခြေချော်ခဲ့တယ်။

စာအုပ်ကလေးကြောင့် ဒီတွင်းကို တွေ့ရှိခဲ့တာပဲလေ။ တွင်း

www.burmeseclassic.com



ထဲမှာ သစ်မြစ်ဆွေးတွေရယ်၊ ရွှံ့တွေရယ်၊ သလေးစပါးတွေရယ် ရှိကြ
တယ်၊ သူဟာ မျိုးစပါးတွေကို တစ်ဆုပ်ပြီးတစ်ဆုပ် ကောက်ယူခဲ့တယ်။

စပါးမျိုးပြီးစိုက်တဲ့အခါ နှစ်အတော်ကြာ ဖြစ်ထွန်းခဲ့တာပေါ့။
ဒါဟာ စာထဲကအတိုင်း မှန်နေပြီဆိုတာ နိမိတ်ပြတာပဲဆိုပြီး မင်းကြီးရဲ့
စကားကို သူ အလေးအနက် ယုံကြည်လိုက်တယ်။

မကြာခင် စာအုပ်မီရှိတဲ့ လှေကားထောင်တက်ရင်း တန်းစင်
ပေါ်မှာ တစ်ပေလောက်ရှည်တဲ့ အရုပ်ကလေးတစ်ခုကို တွေ့သတဲ့။ ဖုတ်
တွေကို ခါလိုက်ရင်ပဲ တောက်ပတဲ့ ရွှေအဆင်းရှိမှန်း သိတာပေါ့။

သူဟာ ဝမ်းမြန်းတသသယူခဲ့ပြီး သူငယ်ချင်းတွေကို ပြသတဲ့။
သူတို့က ရွှေရောင်စိမ်ပဲဖြစ်မယ်၊ ရွှေသားနဲ့ ပြုလုပ်ထားတာ မဟုတ်ဘူး
လို့ ဆိုသတဲ့။ သူထင်သလို ရွှေဖြစ်မနေဘူးပေါ့လေ။

နောက် မကြာမီ စုံစမ်းရေးအရာရှိဖြစ်သူ ဖခင်ရဲ့ မိတ်ဆွေဟာ
ဒီနယ်ကိုရောက်လာရော၊ ရွှေရောင်ရထားယာဉ်ကို လာကြည့်ဘာ ဖြစ်
သတဲ့။

သူက ဗုဒ္ဓတရားကို ကြည်ညိုတယ်၊ ဘုရားကျောင်းမှာ လှူဖို့
ရှေးဟောင်းပစ္စည်းတစ်ခုကို လိုချင်တာ ဖြစ်သတဲ့။ ဒါကြောင့် လန်းကို
ငွေသုံးရာနဲ့ မြင်းနှစ်ကောင်ကို ပေးပြီးလဲယူသတဲ့။

အခု ပညာမျက်ပွင့်ထဲက စကားဟာ လုံးဝ မှန်ကန်လျက်ရှိမှန်း
လန်း သိရပြီလေ။ ကဗျာထဲက ကောက်နှံစပါးရယ်၊ ရွှေရယ်၊ ဝေါယာဉ်
ရထားရယ်၊ ဒါတွေ တကယ်ပဲ ရခဲ့တယ်။

မင်းကြီးရဲ့စာကို လူတိုင်းက ဖတ်ဖူးကြပေမယ့် လန်းတစ်ယောက်



သာ စာပေစကားကို တကယ်ယုံကြည်သူ ဖြစ်သတဲ့။

လန်း အသက်သုံးဆယ် ရောက်တဲ့အခါ အိမ်ထောင်မပြုဘဲ
တုန်းကွယ်၊ သူငယ်ချင်းတွေက မိန်းမကောင်းတစ်ယောက်ကို လက်ထပ်
ဖို့ တိုက်တွန်းသတဲ့။

"ဘာကြောင့် ကျွန်တော် အိမ်ထောင်ပြုစရာရှိသလဲ၊ စာထဲက
ပညာရှိစကားကို ကျွန်တော် ယုံကြည်တယ်၊ တစ်နေ့ ကျောက်စိမ်းအဆင်း
ရှိတဲ့ မယားကို ကျွန်တော် ရလိမ့်မယ်ဗျ"

စာပေရူးကလေးကြောင့် လူတွေက လှောင်ကြပြီလေ။ သူက
စာအုပ်ထဲက မိန်းမချော်လေးတစ်ယောက် ထွက်လာလိမ့်မယ် ထင်နေ
တာကိုး။

တစ်နေ့မှာ သူငယ်ချင်းတစ်ယောက်က ဆိုသတဲ့။

"လန်းရေ၊ ဗိုင်းငင်တဲ့မိန်းကလေးက မင်းကို ချစ်နေပြီကွယ်၊
သူဟာ ကောင်းကင်ဗိမာန်က မင်းဆီ ဆင်းလာလိမ့်မယ်"

စာကြမ်းပိုးကလေးဟာ သူငယ်ချင်းက ကျီစယ်ပြောဆိုမှန်း သိ
တယ်၊ ဒါပေမယ့် ပြန်ပြောမနေဘဲ 'တစ်နေ့အကြောင်းသိလိမ့်မယ်လို့'
ဖြေသတဲ့။

တစ်ညနေမှာပေါ့ကွယ်။

သူဟာ အဌမတွဲဖြစ်တဲ့ ဟန်မင်းဆက်သမိုင်းကို ဖတ်နေတုန်း
စာအုပ်ရဲ့အတွင်းမှာ ပိုးဖဲစတစ်ခုနဲ့ မှတ်ထားလျက်ရှိတာတွေ့ ရှိသတဲ့။

လုပ်တဲ့ မိန်းကလေးရုပ်ပုံကို ပိုးဖဲပိတ်နဲ့ ဖုံးအုပ်ပြီး စာမျက်နှာ
မှတ်သားဖို့ ပြုလုပ်ထားတာပေါ့၊ စာမျက်နှာ အမှတ်အသား ကျောက်

www.burmeseclassic.com

www.burmeseclassic.com





သင်းကလေးဟာ အလှပဂေးတစ်ယောက်ပါပဲ



မှာတော့ စာလုံးသေးသေး တစ်ခုက ဗိုင်းငင်သည့် မိန်းကလေးလို့ ရေးထားသတဲ့။

ပန်းချီပုံကိုကြည့်ပြီး အမှတ်အသားပြား တစ်ခုလုံးကို ရှုစမ်းလိုက်တယ်။ နှုတ်က တိုးတိုးဆိုပြီး မှတ်သပ်ကာ နဂိုနေရာမှာ ထားခဲ့တာပါပဲ။ တစ်ခါ ထမင်းစားရင်း ထကြည့်ပြန်သတဲ့။ အိပ်ရာဝင်ခါနီးမှာ တစ်ခါကြည့်သေးသတဲ့။

စာမျက်နှာ အမှတ်အသားပြားကို ကိုင်ကြည့်ပြီး သူဟာ အလွန်ပျော်နေတာပေါ့။ တစ်ညနေမှာ သူ့အဲသလိုကိုင်ထားရင်း မိန်းကလေးဟာ ရုတ်တရက် ရယ်လိုက်သတဲ့၊ သူ့ကို နှစ်လိုမွယ်ပြုံးလိုက်တယ်။

သူက အံ့ဩမိပေမယ့် မတုန်လှုပ်ဘဲ နှုတ်ဆက်လိုက်သတဲ့။

မိန်းကလေးတာ တစ်ပေအထိ မြင့်လာတယ်။

တစ်ခါသူက လက်နှစ်ဖက်ကို ရှေ့မှာယှက်လျက် နှုတ်ဆက်ပြန်တယ်၊ မိန်းကလေးဟာ ရုပ်ပုံထဲကခြေထောက်ကိုလှမ်းပြီး အပြင်ကိုထွက်ခဲ့ပါရော၊ ခြေတံဟာ လှပါဘိ။ သူ့ခြေထောက်ဟာ အပြင်မှာချလိုက်ချိန်မှာ မိန်းကလေးတစ်ယောက်အရွယ် ဖြစ်သွားသတဲ့။

မိန်းကလေးဟာ မျက်စောင်းခဲလျက် သူ့ကို ကြည့်လိုက်တယ်၊ သင်းကလေးဟာ အလှပဂေး တစ်ယောက်ပါပဲလေ၊ စကားသံကလည်း ခွဲမက်ဖွယ်ကောင်းပါဘိ။

"ကျွန်မရောက်ခဲ့ပြီလေ၊ ရှင် အကြာကြီး စောင့်မျှော်နေတာပဲနော်"

လန်းရဲ့စကားဟာ တုန်ယင်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နင် ဘယ်သူလဲ"

"ကျွန်မနာမည် မယ်ရွှပပါ၊ မိတ်ဆွေတွေက ကျောက်စိမ်းယမင်းပျိုလို့ ခေါ်တယ်၊ ဒါကို ရှင်သိမနေပေမယ့် ကျွန်မက ရှင့်ကို သိနေတာကြာပါပြီ၊ စာအုပ်အကြားမှာရှိနေရင်းပဲ သိနေတာပေါ့၊ ရှေးလူကြီးတွေရဲ့ ဆုံးမစကားကို ရှင် အလွန်လေးစားသူဖြစ်လို့ ကျွန်မကရှထာဖြစ်မိပါတယ်။ ကျွန်မသာ အခုလို အထင်အရှား ရောက်မလာခဲ့ရင် ဘယ်သူမှ ရှေးပညာရှိတွေရဲ့စကားကို ယုံကြည်ကြတော့မှာ မဟုတ်ဘူးပေါ့"

အခု ပညာလိုလားတဲ့ လုလင်စိတ်ကူးဟာ ယုံကြည်ချက်အတိုင်း ဖြစ်ခဲ့တယ်။ မယ်ရွှပဟာ ချောမောလှပရုံမဟုတ်ဘဲ အလွန်ရင်းနှီးလျက် သူ့ကို မြင်မြင်ချင်း ချစ်ခင်ခဲ့တယ်လေ။

မယ်ရွှပက သူ့ကို ပွေ့နမ်းလိုက်သတဲ့။

မစ္စတာလန်းဟာ မင်းတို့သိတဲ့ အတိုင်းပဲလေ။ သူက စာရူးရူးနေတာမို့ ဒီအခွင့်အရေးကို မယူဘူးကွယ့်။ စာအုပ်ထဲက မိန်းကလေးနဲ့ စာပေတွေ၊ သမိုင်းတွေ၊ အနုပညာတွေကို ညအချိန်ထိ ဆွေးနွေးတယ်။

မကြာခင် မိန်းကလေးဟာ ငိုက်မျဉ်းလာသတဲ့။

"မိုးချုပ်လှပြီ အိပ်ရာဝင်ကြစို့"

"ဟုတ်သားပဲ အိပ်ရာဝင်ကြမယ်"

မိန်းကလေးဟာ အဝတ်အစား အကျီကိုမချွတ်မီ မီးခွက်ကို ငြိမ်းလိုက်တယ်။ ဒါပေမယ့် မိန်းကလေးက မီးငြိမ်းချင်လို့ငြိမ်းတာ မဟုတ်ဘူးကွယ့်၊ ရေလာမြောင်းပေးတာပေါ့လေ။



အိပ်ရာထဲရောက်တဲ့အခါ မိန်းကလေးက နမ်းလိုက်တယ်။

"မင်္ဂလာညပါရှင်"

"မင်္ဂလာညပါ မိန်းကလေး"

ဒီလိုနဲ့ တစ်ညပြီးတစ်ည ကုန်လာရော။ သူက ချောမောလှပတဲ့ မိန်းကလေးအနီးမှာ ရှိနေရုံပဲ ပျော်နေတယ်။ ညအချိန်ထိ စာကို စွဲမြဲစွာ ဖတ်လျက်ရှိတုန်းကွယ့်။

မယ်ရွှပအဖို့မှာတော့ သူနဲ့အမြဲထိုင်နေရလို့ တကယ်ပဲ စိတ်ဆိုးလာတယ်။

"ဘာကြောင့် စာကိုအပြင်းအထန် ဖတ်နေသလဲ၊ ကျွန်မကကူညီဖို့လာခဲ့တာ ရှင်ဟာ အောင်မြင်ချင်တယ်၊ အရာရှိကြီးတစ်ယောက် ဖြစ်ချင်တယ်၊ ဒါကို ကျွန်မသိတယ်၊ မှူးမတ်တစ်ယောက်ဖြစ်ဖို့ စာအုပ်တွေ ဘယ်လောက်ဖတ်ရသလဲဆိုတာ ကြည့်ပါဦး။ သူတို့ ဖတ်တာတွေကို ဆက်ချိုးရေတွက်လို့ ရတယ်၊ ချူးစီရဲ့ အဆိုအမိန့် စကားတွေရယ်၊ စာအုပ်လေးအုပ်ရယ် ဒါပဲရှိတယ်၊ ရှေးဟောင်းပုံဝတ္ထုငါးပုဒ်ကို ရေးထားခဲ့တဲ့ စာအုပ်သုံးအုပ်လဲရှိမယ်ပေါ့၊ နန်းတွင်းစာမေးပွဲ အောင်ကြသူတွေဟာ ပညာရှိတွေမဟုတ်ဘူး။ ရှင် စာရူးရူးမနေဘဲ ကျွန်မပြောတာ နားထောင်ပါ"

မစ္စတာလန်းဟာ မိန်းကလေးရဲ့စကားကြောင့် အံ့သြမိသလို သူ့ကို စာမဖတ်ဖို့ပြောတဲ့အတွက် စိတ်မကောင်းဖြစ်လျက်ရှိတယ်။ စာဖတ်ဖို့ဆိုတာက သူ့မှာ ခံယဉ်းနေတာပေါ့။

မိန်းကလေးက ဆက်ပြီးပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အောင်မြင်သူတစ်ယောက်ဖြစ်ဖို့ ကျွန်မပြောတာကို လိုက်နာပါ၊ စာအုပ်တွေကို ဖတ်မနေနဲ့တော့၊ ဒါမှမဟုတ်ရင် ကျွန်မ ပြန်သွားလိမ့်မယ်"

သူက စိတ်မပါဘဲ နားထောင်လိုက်တယ်။ ဘာကြောင့်လည်းဆိုတော့ မိန်းကလေးကို သူချစ်ခင်တွယ်တာနေပြီကိုး၊ ဒါပေမယ့် သူဟာ စာအုပ်ကို မြင်တွေ့တဲ့အခါမှာ စာထဲအာရုံပြန်ရောက်ကာ နှုတ်ကရွတ်သတဲ့။

စက္ကူထဲက မိန်းကလေးဟာ ရုတ်တရက် ရပ်လိုက်သတဲ့။ သူ့ကို နှစ်လိုဖွယ် ပြုံးလိုက်တယ်။

တစ်နေ့မှာ သူမရှိတုန်း မိန်းကလေး ပျောက်သွားသတဲ့၊ သူ စိတ်ထဲမှာ ပြန်လာပါစေလို့ ကျိတ်မြီး ဆုတောင်းနေတာပေါ့။

ဒါပေမယ့် မိန်းကလေးရဲ့ အစအနကို မတွေ့တော့ဘူး။

သူဟာ ဟန်မင်းဆက်သမိုင်း အဋ္ဌမတွဲကို သတိရလိုက်တယ်။ ဒီစာအုပ်ဆီသွားပြီး ဖွင့်ကြည့်တော့ အရင်စာမျက်နှာနေရာမှာ စာရွက် အမှတ်အသားချပ်ကလေး ရှိနေသတဲ့။

မိန်းကလေးနာမည်ကို သူခေါ်လိုက်တယ်။

ရုပ်ပုံထဲက မိန်းကလေးက တုတ်တုတ်မျှ မလှုပ်ဘူးတဲ့။ သူ စိတ်ပျက်ရပြီလေ။ သူ ထပ်ကာတလဲလဲ တောင်းပန်ပြောဆိုတယ်။ မိန်းကလေးရဲ့စကားကို နားထောင်ပါ့မယ်လို့ ကတိပြုတာပေါ့။

နောက်ဆုံး မိန်းကလေးဟာ စာအုပ်ထဲကထွက်လာသတဲ့။ ခြေလှမ်းပြီးဆင်းခဲ့ပေမယ့် စိတ်ဆိုးမပြေသေးဘဲကိုး။



"ဒီတစ်ခါ ကျွန်မစကားကို နားမထောင်ရင် ရှင့်ကိုထားခဲ့ရလိမ့်မယ်ဆိုတာ မြဲမြဲမှတ်ထား"

မစ္စတာလန်းက ကျိန်ဆိုကတိပြုလိုက်တယ်။

မယ်ရှုပဟာ စစ်တုရင်ကွက်ကိုရေးဆွဲပြီး သူ့ကို စစ်တုရင်ကစားနည်း သင်ပြပေးသတဲ့။ ဖဲကစားနည်းလဲ သင်ပေးသတဲ့။

မစ္စတာလန်းဟာ မိန်းကလေးကို လက်လွှတ်ရမှာစိုးလို့ ကြိုးစားပေမယ့် စိတ်ထဲမှာ မရှိဘူးလေ။ သူတစ်ယောက်တည်းရှိတဲ့အခါ စာအုပ်ကို သွန်နေပြန်ရော။ မိန်းကလေးဟာ စာအုပ်ထဲ ပြန်သွားမှာကို တွေးမိလို့ အဋ္ဌမတွဲစာအုပ်ကို နေရာရွှေ့ပြီး ထားလိုက်တယ်။

တစ်နေ့ သူဟာ စာဖတ်နေခိုက် စာအုပ်ထဲအလွန်စိတ်ဝင်စားသူ့က်ရှိတုန်း မိန်းကလေး အခန်းဆီဝင်လာတယ်။ သူ သတိမပြုမိလိုက်ဘူးပေါ့။

သူ စာဖတ်နေမှန်း သိသွားရပြီလေ၊ လန်းက စာအုပ်ကို ချက်ချင်း ပိတ်လိုက်ပေမယ့် မိန်းကလေးဟာ တစ်မုဟုတ်ချင်းပျောက်သွားသတဲ့။ စာအုပ်တွေမှာ မနားမနေရှာဖွေပေမယ့် အလကားပဲ ဖြစ်သတဲ့။

အဋ္ဌမမြောက်စာအုပ် ထားတဲ့နေရာကို သင်းသိနေရော့သလား။ အဲဒီစာအုပ်ကိုယူပြီး ဖွင့်ကြည့်လိုက်တယ်၊ အရင်စာမျက်နှာနေရာမှာ ပန်းချီ ချပ်ကလေးဟာ ရှိနေသတဲ့။

ဒီတစ်ခါမှာတော့ မိန်းကလေးကို ခယဦးစွာ ခေါ်နေရပြီပေါ့။ စာဖတ်မနေတော့ဘူးလို့ ကတိပေးပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးဟာ စာရွက်ထဲကထွက်လာပြီး သူ့ကို စိတ်ဆိုးမာ ဆိုးနဲ့ လက်ညှိုးထိုးကာ သတိပေးလိုက်တယ်။

"ကျွန်မက ရှင့်ကို မှူးမတ်အရာရှိဖြစ်ဖို့ ကူညီချင်ပေမယ့် ကျွ ရဲ့စကား နားမထောင်ဘဲ မိုက်မဲပြီးနေတယ်၊ အခုနောက်ဆုံး သည်းခံပြ ရှင်းရှင်းပဲပြောမယ်၊ သုံးရက်အတွင်းမှာ စစ်တုရင်ကို တတ်မြောက်အော မကစားရင် ကျွန်မ ပြန်သွားရလိမ့်မယ်၊ ရှင်ဟာလဲ မထင်မရှားရှိရင် သေဆုံးရမှာဖြစ်တယ်"

တတိယမြောက်နေ့မှာ လန်းဟာ စစ်တုရင်နှစ်ပွဲနိုင်လိုက်တယ ဒါကြောင့် မယ်ရှုပ ကျေနပ်သွားသတဲ့၊ အဲဒီနောက် ခုနစ်ကြိုးတပ်စောင တီးတတ်အောင် သင်ပြပေးတယ်။ သူ့ကို ငါးရက်အတွင်းမှာ သီချင တစ်ပုဒ် တီးခတ်ဖို့ပြောတယ်။

သူဟာ ကတိအတိုင်း ဂီတကိုစိတ်ဝင်စားပြီး သင်ကြားလို့ လေ ချောင်းကလေးတွေ သွက်လက်စွာ တီးခတ်တတ်မြောက်သတဲ့။ မိန်းက လေးက ရှေးရှုန်စွာတီးမှုတ်တတ်ဖို့မဟုတ်ဘဲ သူ့ ဂီတကို နှစ်သက်မြတ်န စေရုံပဲဖြစ်သတဲ့။

လန်းဟာ ပညာတွေတတ်နေပြီလေ။ သူ့ကို အရက်သောက တတ်ဖို့၊ ကစားတတ်ဖို့၊ ဉာဏ်ရည်အသာရဖို့ လူတွေနဲ့ ရောနှောဆက်ဆ တတ်ဖို့ သင်ပြခဲ့တာကိုး။

မိန်းကလေးက မင်းကြီးရဲ့စာကို တွေ့သွားတာကြောင့် 'ဒါဟာ သမိုင်းမှာတစ်ဝက်ပဲရှိတာ'လို့ ကောက်ချက်ချပြီး သူ့အတွက် လျှို့ဝှက လက်စွဲစာအုပ်တစ်အုပ်ကို ပေးသတဲ့။ စာအုပ်နာမည်က 'အောင်မြင် ရေးနည်းလမ်းမှန်'လို့ နာမည်ပေးထားသတဲ့။



အဲဒီစာအုပ်ကလေးမှာပါတဲ့ အချက်တွေကို မိန်းကလေးက သင်ကြားပေးတယ်။ စိတ်ထဲမှာရှိတဲ့ အမှုကိုမပြောရဘူး။ စိတ်ထဲမရှိတဲ့ အမှုကိုလည်း မပြောရဘူး။ အရေးကြီးဆုံးက မိမိစကားပြောဆိုသူရဲ့ စိတ်မှာရှိတာကို ပြောဆိုရမှာ ဖြစ်သတဲ့။

ဒီလိုသိရှိပြီးတဲ့အခါ နောက်တစ်ဆင့်က စိတ်ထဲမှာရှိတဲ့အမှုကို အချို့တစ်ဝက်သာ ပြောဆိုဖို့ လေ့လာရဦးမှာ ဖြစ်သတဲ့။ ဒါမှ သူတစ်ပါးက လက်ဆုပ်လက်ကိုင် စွပ်စွဲလို့မရဘူး၊ ကိုယ်က တစ်ဖန် လိုးလွှဲငြင်းဆန် လို့ရမှာ ဖြစ်သတဲ့။

လန်းဟာ ဉာဏ်သွက်သူတစ်ယောက်မှ မဟုတ်ဘဲ။ ဒီတော့ မိန်းကလေးက သည်းခံစိတ်ရှည်ပြီး သင်ပြပေးရတယ်။

သူ့ကိုရှင်းပြတာက မှူးမတ်တွေ၊ ဝန်မင်းတွေဟာ မင်းကြီးက အစ စိတ်ထဲမှာရှိတဲ့စကားကို အချို့တစ်ဝက်သာ ပြောတဲ့အတွက် သူတို့ ကိုစွပ်စွဲဖွယ်မရှိဘူး၊ ငြင်းဆန်လို့လည်းရနေသတဲ့။ အဲဒီအဆင့်ဟာ လက်တွေ့လေ့လာယူရသတဲ့။

မယ်ရှုပဟာ သူ့မိတ်ဆွေတွေဆီ လည်ပတ်စေတယ်၊ အရက် သောက်ပျော်ပါးစေတယ်၊ သူငယ်ချင်းတွေက လန်းကို အတော် ပြောင်းလဲ လာမှန်း သတိပြုမိတယ်။

မကြာခင် သူဟာ အရက်သောက်တယ်။ ဖဲကစားတယ်။ သူ့ကို အပေါင်းအသင်းမိတ်ဆွေတွေ လက်ခံလာကြတာပေါ့။

"အခု ရှင်ဟာ အရာရှိတစ်ယောက်ဖြစ်ဖို့ လိုအပ်ချက်တွေ

www.burmeseclassic.com



ပြည့်စုံပြီ''

လူသားတစ်ယောက်အတွက် နောက်ဆုံးကျန်ရှိတဲ့ ကိစ္စကို အမှတ်မထင် တွေ့လေရော့သလား။ ဒါမှမဟုတ် မိန်းကလေးက ကျွမ်းကျင်စွာ ညွှန်ကြားနိုင်လေရော့သလားပဲ၊ တစ်ညမှာ သူက မိန်းကလေးကို ဆိုသတဲ့လေ။

''ယောက်ျားနဲ့မိန်းမ အတူအိပ်စက်ကြရင် သူတို့မှာ ကလေးမွေးဖွားမှန်း ငါ သတိထားမိတယ်၊ မင်းနဲ့ငါ အတူအိပ်ခဲ့တာ ကြာပြီပဲ၊ တို့မှာ ကလေးမရဘူး၊ အဲဒါ ဘာကြောင့်လဲ''

''ရှင့်ကို ပြောခဲ့သားပဲ၊ စာကိုချည်းဖတ်နေရင် ဘယ်ဟုတ်နိုင်ပါ့မလဲ၊ အခု ရှင်အသက်သုံးဆယ့်နှစ်နှစ် ရှိပေမယ့် လူသားတစ်ယောက်အတွက် ပထမဆုံး သင်ခန်းစာကို နားမလည်သေးဘူး၊ ကိုယ့်ဘာသာ ပညာရှိတစ်ယောက်လို့ အထင်ကြီးနေတာ ရက်ဖွယ်ပဲ''

''ကျုပ်ကို ဗဟုသုတမရှိဘူးလို့ ပြောတာကို ကျုပ်သည်းမခံနိုင်ဘူး၊ ကျုပ်ကို သူနိုးလို့ပြောချင်ပြော၊ လူလိမ်လို့ ပြောချင်ပြောပါစေ ဒါပေမယ့် ပညာမရှိဘူးလို့ မပြောပါနဲ့၊ ကျုပ်ကို လူသားတစ်ယောက်အတွက် ပထမသင်ခန်းစာကို ပြောမယ်မဟုတ်လား''

မယ်ရှုပက ယောက်ျားနဲ့မိန်းမ ချစ်ခင်ယုယမှုတွေကို ရှင်းပြလိုက်တယ်၊ သာယာဖွယ်တစ်ခုမှန်းသိလို့ သူဟာ အလွန်အံ့သြနေမိတာပေါ့။

''ယောက်ျားနဲ့မိန်းမ ညားကြရင် အလွန်ပျော်စရာမှန်း ကျုပ်အစက လုံးလုံးမသိခဲ့ဘူး''



သူဟာ ဒီကိစ္စကို အသစ်အဆန်းတစ်ခုလို မိတ်ဆွေတွေဆီ ပြောပြတယ်။ သူငယ်ချင်းတွေက ပါးစပ်ပိတ်ပြီး ရယ်ကြရော။

ဒါကို မယ်ရှုပသိတဲ့အခါ ရှက်သွားပြီး သူ့ကို အပြစ်ဆိုသတဲ့။

''ရှင် အတော်မိုက်မဲပါဘိ၊ အိပ်ရာထဲမှာ လင်မယား အိပ်ကြတဲ့ ကိစ္စကို သူငယ်ချင်းတွေဆီ မပြောသင့်ဘူး''

''ဘာရှက်ဖွယ်ရှိလို့လဲ၊ မကောင်းမှုကို ကဲ့ရဲ့ရှုတ်ချဖွယ်မှန်း ကျုပ်သိတယ်၊ ဒါပေမယ့် မိသားစုတစ်ခုမှာ လင်မယားအိပ်ကြတဲ့ကိစ္စက ရှက်ဖွယ်မဟုတ်ပါဘူး''

သူတို့မှာ ကလေးတစ်ယောက် ရခဲ့ရော၊ ကလေးထိန်း မိန်းမတစ်ယောက်ကို ထိန်းစေရပြီပေါ့။

သားငယ် တစ်နှစ်ပြည့်တဲ့အခါ တစ်နေ့မှာ ဖနီးဖြစ်သူက ဆိုတယ်။

''ကျွန်မ ရှင်နဲ့ညားတာ နှစ်နှစ်ရှိပြီ၊ အခုဆို ကလေးတစ်ယောက်ပြီမို့ ကျွန်မပြန်ရမယ့်အချိန်ပါပဲ၊ ကျွန်မ ဒီမှာ ဆက်လက်နေထိုင်ရင် အစ်ခုခုဖြစ်လိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မက ရှင့်ရဲ့ယုံကြည်မှုအတွက် ဆုပေးဖို့ရောက်လာတာဖြစ်လို့ အခု ရှင့်ကို နှုတ်ဆက်ပါတယ်''

''ကျုပ်ကို ခွဲမသွားပါနဲ့၊ ကျုပ် သွားခွင့်မပြုဘူး။ ကလေးကိုလဲ ငဲ့ညှာပါဦး''

ဖနီးဖြစ်သူက ချစ်ဖွယ်ကောင်းတဲ့ကလေးကို ကြည့်လိုက်ပြီး သနားကရုဏာ ဖြစ်မိသတဲ့။

''ကောင်းပြီလေ၊ ကျွန်မ ဒီမှာနေပါ့မယ်၊ ဒါပေမယ့် စာကြည့်

www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲက စာအုပ်တွေကို ရှင် မဖတ်ဘူးလို့ ကတိပြုရမယ်''

''အို မိန်းမရယ်၊ မင်းကို ဒီမှာအတူနေဖို့ အလေးအနက် တောင်းပန်ပါတယ်၊ ဒါပေမယ့် မဖြစ်နိုင်တာကို မပြောပါနဲ့ကွယ်၊ ဒီစာကြည့် တိုက်ဟာ မင်းရဲ့အိမ်ပဲလေ၊ ဒီစာအုပ်တွေဟာ လောကမှာ ငါပိုင်ဆိုင်တဲ့ ပစ္စည်းတွေပေါ့၊ တခြားကိစ္စတွေကို ငါဟာ မင်းပြောသလို နားထောင် ပါ့မယ်''

ဖနီးသည်ဟာ လက်လျှော့ခဲ့တယ်။ သူက သားငယ်ကို မခွဲနိုင် တာကိုး။ သူ့ကို စာမဖတ်ဖို့ကတိကို မတောင်းဘဲနေလိုက်တယ်။ အရာ ရာတိုင်းဟာ ကံတရားစီမံသလိုပဲဖြစ်တော့ ဖနီးသည်က သတိပေးခဲ့တာ ပါလို့ ဆိုသတဲ့။

ဒီသတင်းဟာ မြို့ဝန်မင်းဆီ ရောက်လေရော။ သူ့နာမည်က ရှင်းလို့ခေါ်သတဲ့။ ဖူးချောင်းဆိုတဲ့ရွာက တက်ကြွတဲ့ လူရွယ်တစ်ယောက် ပဲ။ သူဟာ ငယ်စဉ်ကပင် ဘွဲ့ထူးရခဲ့တယ်။ နာမည်ထင်ရှားသူလည် ဖြစ်တယ်။ အမျိုးသမီးကို သူက ကြည့်ချင်တယ်။

ဒါကြောင့် မစ္စတာလန်းဆီ အခေါ်လွှတ်ပြီး ဖနီးကိုလည်း ခေါ် လိုက်တယ်။

မယ်ရှုပကာ ပျောက်ခြင်းမလှ ပျောက်သွားသတဲ့။ ရှင်းက လန် ကို နန်းတော်ဆီခေါ်ပြီး မေးမြန်းတယ်။ ရိုက်ပုတ်စစ်ဆေးတယ်။ သူက သားငယ်ရဲ့မိခင်ကို ကာကွယ်ပြီးထုတ်မပြောဘူးလေ။

နောက်ဆုံး မြို့ဝန်ဟာ ကလေးထိန်းမိန်းမဆီက သတင်း သိရတယ်။ ဒီမိန်းမက သူမြင်တွေ့ခဲ့သမျှကို ပြောပြလိုက်တယ်။



မြို့ဝန်က ဝိညာဉ်ကို ယုံစားသူ မဟုတ်ဘူးကွယ့်၊ သူဟာ လန်းရဲ့ အိမ်ကို ရောက်လာပြီး နေရာအနှံ့ရှာဖွေပေမယ့် ဘာမျှမတွေ့ခဲ့ဘူး။ သူက အစွဲအလန်းကို မယုံကြည်ဘဲကိုး။

ဒီတော့ စာကြည့်တိုက်ထဲက စာအုပ်တွေကို အကုန်လုံး မီးရှို့စေ လိုက်တယ်။ မီးခိုးတွေဟာ ကောင်းကင်မှာ ရက်အတော်ကြာထိ အုံ့ဆိုင်းပြီး ရှိနေသတဲ့။

လန်း လွှတ်မြောက်တဲ့အခါ သူ့စာကြည့်တိုက် မီးလောင်ပျက်စီး တာရယ်၊ သူ့အလွန်ချစ်ခင်တဲ့ ဖနီးပျောက်ဆုံးတာရယ်၊ ဒါကိုသိတော့ ဒေါသအိုးပေါက်ကွဲပြီး လက်စားချေဖို့ ကြံစည်သတဲ့။

သူဟာ အရာရှိဖြစ်အောင်ကြိုးပမ်းဖို့ ဆုံးဖြတ်လိုက်တယ်။ ဘယ် နည်းနှင့်မဆို အရာရှိအာဏာကို ရဖို့ပဲပေါ့။

ဖနီးရဲ့အကြံဉာဏ်ကို လိုက်နာပြီး သူ့ကို လက်ခံလိုလားတဲ့ မိတ်ဆွေတွေဆီ တွေ့ဆုံလည်ပတ်တယ်။ အရေးပါအရာရောက်တဲ့ အိမ် တွေဆီ သွားရောက်ကာ ဖဲရိုက်တယ်၊ ဂုဏ်သရေရှိ အမျိုးသမီးတွေနဲ့ ပြောဆိုဆက်ဆံတယ်။

သူ အလုပ်ခန့်အပ်ခံရသတဲ့။

သူဟာ မယ်ရှုပကို မမေ့နိုင်ဘူး။ ဒါမှမဟုတ် သူ့စာကြည့်တိုက် ကို ဖျက်ဆီးသူကို မမေ့နိုင်ဘူးပေါ့လေ။ မယ်ရှုပအတွက် ရည်ရွယ်ပြီး အမွှေးနံ့သာကို မီးရှို့ပူဇော်ကာ နေ့စဉ်ဆုတောင်းသတဲ့။

''ကျွန်တော်ရဲ့ ဆုတောင်းအတိုင်း ဖူးချောင်းနယ်မှာ အရာရှိ တစ်ယောက် ဖြစ်ပါစေ''

www.burmeseclassic.com

www.burmeseclassic.com



မကြာခင် သူဟာ ဖူးချောင်းနယ်မှာ စုံစမ်းစစ်ဆေးရေးအရာ ဖြစ်ခဲ့လို့ သူဆုတောင်း ပြည့်ခဲ့တယ်။ သူ့တာဝန်ဟာ အရာရှိတွေရဲ့ အလု ကို စစ်ဆေးရမှာကိုး။

သူဟာ ရှင်းရဲ့မှတ်တမ်းတွေကို အပင်ပန်းခံပြီး ရှာဖွေစစ်ဆေ သတဲ့။

ရှင်းရဲ့ အာဏာအလွဲသုံးစားပြုတာတွေ၊ တာဝန်ပျက်ခဲ့တာတွေ ကို သိရသတဲ့။ သူဟ ရှင်းကို အပြစ်ဒဏ်ပေးလိုက်ပြီး သူ့ပစ္စည်းတွေကို လည်း သိမ်းဆည်းလိုက်တယ်။

အဲဒီနောက် သူကျေနပ်ပြီမို့ အလုပ်ရာထူးက နှုတ်ထွက်က သားငယ်ကိုစောင့်ရှောက်ဖို့ ဖူးချောင်းသူ မိန်းကလေးတစ်ယောက်ကို လက်ထပ်ပြီး ဌာနေပြန်သွားလေသတဲ့။

♛ ♛ ♛

# ဘုရားကျောင်းကဗျာဝိုင်းတစ်ခု

## The Poets' Club

## 東陽夜怪錄

ကဗျာတစ်ဝိုင်း ပုံပြင်ကို ဝန်ချူ (၉၉၇–၁၀၅၇)ဆိုသူ ရေးသား ခဲ့၏။ ဝန်ချူသည် ဗဟုသုတရှိသော ပညာရှင်တစ်ယောက်ဖြစ်၏။ ဆွန်မင်း ဆက် စတင်ချိန်၌ တန်ခေတ်ကဗျာမေးမှိန်ချိန်ထိ နေထိုင်ခဲ့သဖြင့် သူ့ပုံပြင် မှာ နောင်လာနောင်သား ကဗျာဆရာတို့အတွက် ထိမိသော သရော်ကွက် တစ်ခုဖြစ်လျက်ရှိသည်။

လေးနှစ်ကြာခဲ့ပြီ။ ကျွန်တော်ဟာ ယွန်ယန်ရွာမှာ နားခိုလျက် ခိုက် မိတ်ဆွေဟောင်းဖြစ်သူ မစ္စတာချွန်ကို တွေ့ဆုံလိုက်တယ်။

မစ္စတာချွန်ကို သူ့ရွာဖြစ်တဲ့ ပန်ချမ်းဆီမြို့က ပြန်အလာ လမ်း မှာ ကြုံခဲ့တာပဲ။ ကျွန်တော်တို့ နှစ်ရက်သုံးရက် အတူတူ နေခဲ့ရတယ်။ သူဟာ အလွန်ဉာဏ်ထက်တယ်။

ဒါ့အပြင် ကဗျာဆရာတစ်ယောက်လည်း ဖြစ်တယ်။ ကျွန်တော် တို့ စကားလက်ဆုံကျတုန်း ရယ်စရာလည်းဖြစ်၊ ထူးခြားဖွယ်တစ်ခုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ သူ့အတွေ့အကြုံကို ပြောပြတယ်လေ။

သူကြုံဆုံခဲ့တာ ဘယ်လောက်မှန်မှန်ပြောပြသတဲ့။ ဘာတွေ စိတ်ဝင်စားဖို့ တန်ဆာဆင်ခဲ့သလဲဆိုတာ ကျွန်တော် မသိနိုင်ဘူး။ ဒါပေ မယ့် တစ်လလောက်တုန်းက သူကြုံလိုက်ရတဲ့အဖြစ်အပျက် တစ်ခုပါလို့ အလေးအနက် ပြောခဲ့တယ်။

မစ္စတာချန် ပြောတဲ့စကားကို ကျွန်တော် အတတ်နိုင်ဆုံး မှတ် သလောက် ဖောက်သည်ချရတော့မှာဖြစ်တယ်။

နိဂုံဘာလ ရှစ်ရက်နေ့မှာပေါ့။ ကျွန်တော်ဟာ အနောက် မြောက်ဆီ ခရီးလွန်နေဆဲ အမေနေမကောင်းတဲ့ သတင်းကို ကြားသိ တယ်။ ဒါနဲ့ တစ်ရက်တောင် ကြာမနေဘဲ ခရီးစဉ်ကိုဖျက်ကာ အိမ်ဆီ ချက်ချင်းပြန်ခဲ့တယ်။

ဒုတိယနေ့ ညနေမှာ ဝေနန်ရွာဆီ ရောက်တယ်။ ရာသီဥတု ဟာ ရုတ်တရက်ပြောင်းလဲပြီး အေးချမ်းလာတယ်။ ဆီးနှင်းတွေ ကျလာ တော့မှာပေါ့လေ။

ကျွန်တော် သိကျွမ်းဖူးတဲ့ တရားသူကြီး မစ္စတာလီက ရွာမှာ အရက်သောက်စားရင်း နားနေပါဦးလို့ ဆိုတယ်။ အဲဒီအချိန်ဟာ မှိုင် တည့်နေပြီလေ။ ကျွန်တော်က ဝန်စည်စလွယ်တွေနဲ့အတူ တပည့်ကို နောက်မြို့မှာ စောင့်ဆိုင်းနေဖို့ လွှတ်လိုက်တယ်။

နောက်သွားရမယ့်မြို့က သိပ်မဝေးပါဘူး။ ကျွန်တော်စီးခဲ့တာက မြင်းကောင်းတစ်ကောင်ဆိုတော့ အဲဒီမြို့ဆီ သန်းခေါင်မတိုင်မီ ရောက်မှာ ဖြစ်တယ်။

ဆီးနှင်းတွေကျတယ်။ ကျွန်တော့်ရဲ့ မိတ်ဆွေက ဒီတစ်ည ခရီး ရပ်နားဖို့ ဖိတ်ပေမယ့် ကျွန်တော်ဟာ ဒီရွာမှာ မနေချင်ဘူး။ ဒါနဲ့ အိမ် ရောက်ဖို့ အရေးကြီးကိစ္စရှိတယ်ဆိုပြီး ခရီးဆက်ခဲ့ပါတယ်။

မြို့ပြင်ဆီ ရောက်တဲ့အခါ ဆီးနှင်းလေပြင်းကျလာလို့ ကောင်း ကင်တစ်ခုလုံး ပိန်းမှောင်သွားတယ်။ ကျွန်တော် ဘာမှမမြင်တော့ဘူး။ မြင်းရဲ့လည်ဆံမွေးမှာ ဆီးနှင်းတွေဟာ ကြဲဖြန့်ထားသလိုပဲရှိတယ်။

ကျွန်တော်ဟာ ဖြည်းဖြည်းချင်း သွားရတယ်။ လမ်းမှာ ချီဆုရွာ ဆီ သွားနေတဲ့ ခရီးသွားနှစ်ယောက် သုံးယောက်ကို တွေ့တယ်။

မှောင်မည်းလာတဲ့အချိန်မှာ ကျွန်တော်ဟာ တန်ယောင်ရွာဆီ ရောက်ပါရော။ အဲဒီမှာ ခရီးတစ်ထောက်နားရင်း ညစာနည်းနည်းစားပြီး ဆက်ထွက်လာခဲ့တယ်။

တောတစ်ခုလုံးဟာ အဖြူရောင်စောင် လွှမ်းခြုံထားသလိုပဲ။ တိမ်ကွက်ကြားတွေဆီကျနေတဲ့ လရောင်ဟာ မှုန်ရီရီလင်းနေတယ်။ ပတ်ဝန်းကျင်လောကဓာတ်ကြီးဟာ ဆောင်းရာသီ ပန်းချီကားတစ်ခုလို လှပနေတာပေါ့။ မဆုံးနိုင်တဲ့ ကြယ်တာရာလောကကြီး တစ်ခုလိုပဲ ထင်ရ တယ်။

ခရီးတစ်ထောက် နားတော့ ကျွန်တော်ဟာ အရက်သောက် လိုက်လို့ နွေးထွေးပြီး သက်တောင့်သက်သာ ဖြစ်လာတယ်။ ဒါပေမယ့် မြင်းဟာ မှုန်ရီရီလရောင်မှာ ထိတ်လန့်ချောက်ချားနေတယ်။ ခြေဆောင့် တယ်၊ ဟီတယ်။ သူဟာ သရဲပူးနေသလား ထင်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆီးနှင်းတွေ ထူပိန်းလာလို့ ကျွန်တော်ဟာ မမြင်နိုင်တော့ဘူး။ ဦးထုပ်က နားရွက်ကာကိုချပြီး လမ်းကိုရှာရတာပေါ့။ လမ်းပျောက်မှာ စိုးရိမ်စရာပဲလေ။

ကွမ်းထောက်စခန်းက တစ်မိုင်ခရီးတောင် မကြာခင် တောင်ကြားတစ်ခုဆီ ဆင်းခဲ့ရတယ်။

ခပ်လှမ်းလှမ်းမှာတော့ ကျောင်းအိုတစ်ခု ရှိနေလေရဲ့။ ကျွန်တော်လည်း နောက်မြို့ဆီ သွားမယ့်စိတ်ကူးကို ဖျက် လိုက်ပြီး ကျောင်းအိုကြီးဆီ တစ်ညနားခိုဖို့ လာခဲ့တယ်။

မြင်းဟာ ထိတ်လန့်တတ်မှန်း မင်းတို့သိမှာပါ။ လူတွေကို မဟုတ်ဘဲ သူတို့မှာက အငွေ့မမြောက်အာရုံ ရှိနေသလိုပဲ။

ကျွန်တော်က မြင်းကို ဘုရားကျောင်းရှေ့က သစ်ပင်တစ်ပင်မှာ ချည်ထားခဲ့တော့သူဟာကုန်းကွနေတော့တာပဲ။ မျက်လုံးတွေ ကျယ်လာတယ်။ နှာခေါင်းကလည်း လှုပ်ရှုနေတယ်။ သူ မတတ်မသာဖြစ်နေတာမို့ ကျွန်တော်က ကျောသပ်ခဲ့ရတယ်။

ဘုရားကျောင်းဝင်းထဲဝင်ပြီး ခပ်ကျယ်ကျယ်ပဲ ခေါ်လိုက်တယ်။ အထဲမှာ မှောင်မိုက်နေပြီး လူသူရှိဟန် မတူဘူး။

"အထဲမှာ လူရှိပါသလား"

အသံ မကြားရဘူး။ ကျွန်တော်ဟာ ဘုရားဝင်းဘက်သွားပြီး အတွင်းကို ချောင်းကြည့်တယ်။ အထဲမှာ ဆီမီးမှိန်မှိန်လင်းနေတယ်။ ခပ်ကျယ်ကျယ် တစ်ခါခေါ်လိုက်တယ်။

"အထဲမှာ လူရှိပါသလား"



ကျောမှာ အဖုကြီးရှိတဲ့ ဘုန်းကြီးအိုတစ်ပါးဟာ သင်္ကန်းကို တင်းတင်းပြင်ခြုံကာ တံခါးဆီလာတယ်။

"ဝင်ခဲ့ပါ"

ကျွန်တော် ရှေ့တံခါးဆီသွားပြီး ဝင်ခဲ့တယ်။

ချို့တဲ့ရှာတဲ့ ဘုန်းကြီးဟာ အတော်အိုမင်းနေပြီဖြစ်တယ်။ ကိုယ်လုံးအောက်ခွဲဟာ တွဲလျက်ရှိတယ်။ ကျောက အဖုကြီးကြောင့် သူ့ရဲ့ ဦးခေါင်းကို ထောင်မတ်နေရတာပေါ့။

အဲသလို ကျွန်တော့်ကို မျက်နှာမော့ကြည့်တဲ့အခါ ရယ်စရာ ကောင်းနေတယ်။ သူ့အမူအရာဟာ အဘိုးကြီးတစ်ယောက်က ကလေးငယ်ကို မျက်မှန်အောက်က ကြည့်နေသလိုပဲ ထူးခြားနေတာပေါ့။

သူဟာ ဧည့်သည်တွေကို ကြိုနေဟန်တူတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်အထဲရောက်ရင်ပဲ သူက မိတ်ဆွေဟောင်းတစ်ယောက်ဆီ ခေါ်သွားပြီး ဆိုတယ်။

"မစွတာချူလဲ ရောက်နေပါပြီ"

ကျွန်တော် ကမျာကယာ ရှင်းပြရတာပေါ့။ ကျွန်တော်က ဆီးနှင်းမုန်တိုင်းကျလို့ ဒီတစ်ည တည်းခိုချင်ကြောင်း တောင်းပန်လိုက်တယ်။

"မုန်တိုင်းကျနေတာ ဘယ်ဆီသွားမလို့တုံး"

"ပန်းချမ်းရွာက ကျွန်တော့်ဆီကို သွားမလို့ပါ"

ဘုန်းကြီးအိုဟာ လန်နေတဲ့နှာခေါင်းကို ထိုးပြီး ကျွန်တော့်ကို အကဲခတ်ကာ ဆိုတယ်။

"မင်းကြည့်ရတာ ပညာတတ်တစ်ယောက်လိုပဲ၊ ဒီည တို့

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတစ်စု တွေ့ဆုံဖို့ရှိတယ်၊ မင်း စိတ်ဝင်စားရင် တို့နဲ့အတူ ပါဝင်နို တယ်၊ မင်းဟာ ကဗျာဆရာတစ်ယောက်ပဲလား''

ကျွန်တော်က ယဉ်ကျေးစွာ ဖြေလိုက်တယ်။

''ကျွန်တော် ကဗျာရေးပါတယ်''

''ဟန်ကျတာပေါ့ကွာ၊ မင်းကို တွေ့ရတာ တို့ ဂုဏ်ယူပါတယ်''

ကဗျာသမားတစ်စု ဆုံတွေ့ကြမှာသိရလို့ ကျွန်တော် အံ့ဩ မိတယ်။ အခုလို မြို့ကလှုပ်နေတဲ့အရပ်၊ အခုလို မှောင်မိုက်ညမှာ ဖြစ်တ ကိုး။

နောက်တော့မှ သူတို့ဟာသာ သူတို့ပဲသိကြတဲ့ ကဗျာပိုးထနေ တစ်စုမှန်း သိလိုက်တယ်။ သူတို့ဟာ ကဗျာကို အထူးစိတ်ပါဝင်စားပြီး ကဗျာသစ်တစ်မျိုးကို ဖန်တီးနေကြတယ်။ သူတို့မှာ ကဗျာစိတ်ကူးရေ ကိုယ်စီရှိတယ်။

အခန်းထောင့်တစ်ခုမှာ ဗိုက်ပူပူ လူကြီးလူကောင်းတစ်ယော ရှိလေရဲ့။ သူက ဗိမ်ကျကျပဲလေ။ ကျွန်တော်ရောက်ခဲ့တာကို ဂရုစိုက် မနေဘူး။ သူ့နာမည်ကိုတော့ မစ္စတာချူမှန်း သိခဲ့ရပြီကိုး။

သင်္ကန်းရဲ့အတွင်းက ဘုန်းကြီးက ဆိုတယ်။

''သူက မစ္စတာချူပါ၊ သူက အိမ်ကို ပြန်လာသူပဲ၊ ကဗျ ဆရာလဲ ဖြစ်တယ်၊ သူ့ကို တို့နဲ့အတူ ဆွေးနွေးဖို့ဖိတ်ခေါ်ထားတယ်''

မစ္စတာချူက မျက်မှန်ပေါ်က မော့ကြည့်ပြီး ထရပ်ဖို့ဟန်ပြ လိုက်တယ်။

''ထမနေပါနဲ့ဗျာ၊ အခုလိုတွေ့ရတာ ဝမ်းသာပါတယ်''



သူဟာ သဘောကျစရာပဲ။ သူ့အရပ်က ပုပု၊ တောင့်တင်းတယ်၊ မေးစေ့မှာ အသားပို ဆူဖြိုးလျက်ရှိတယ်။ အသားရောင်က ခွတ်ခွတ်ဖြူတယ်။ လက်ချောင်းတုတ်တုတ်တွေက ရင်ဘတ်မှာ ယှက်ပြီး ပိုက်ထားတယ်။

ကျွန်တော်က ဘုန်းကြီးဘက် လှည့်ပြောလိုက်တယ်။

''အရှင့်ရဲ့နာမည်ကို သိပါရစေ''

''ကျုပ်နာမည်က ဖရက်ထရက်ထယွန်ရီ ကျောဖုကြီးလို့ ခေါ်တယ်''

ဘုန်းကြီးရဲ့အသံက ကြည်ဖော်ရှိတယ်။ အလွန်စိပြင်တယ်။ ညှင်သာတယ်။ သူ့သင်္ကန်းအကျီဟာ အတော်ကျယ်နေတာမို့ သူငယ်ငယ်က အရပ်မြင့်မြင့် ထွားကျိုင်းဟန် ရှိတယ်။ သူထိုင်လိုက်တာဆိုရင် အင်းလေ သူဟာ ကုန်းကွထိုင်လိုက်တာပဲလို့ ပြောရမှာပဲ။ ခြေတံလက်တံက ရှည်သကိုး။

မစ္စတာချူက အာလုတ်သံကြီးနဲ့ ရယ်မောကာ ကြားဝင်ပြောလိုက်တယ်။

''သူ့ကို ကျွန်တော်တို့က ကျောဖုကြီးလို့ပဲ ခေါ်တယ်''

ဘုန်းကြီးကို ကျွန်တော် မေးလိုက်တယ်။

''အသက်ဘယ်လောက်ရှိပြီလဲ''

''ကျုပ်အသက် ရှစ်ဆယ်ရှိပြီ၊ ကျုပ် သန်တုန်းမြန်တုန်းက မင်းလိုပဲ ခရီးရှည်သွားခဲ့တယ်၊ ဘာပြောကောင်းမလဲ ကျုပ် ခရီးတစ်ခါ ထွက်ရင် မိုင်ပေါင်း အဝေးကြီးပဲ၊ အစာမစား မောပန်းရမှန်းမသိဘဲ

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့တာ၊ အခုတော့ ကျုပ်ရဲ့ အရိုးအဆစ်တွေက သိပ်မကောင်းချင်တော့ဘူး''

သူဟာ အဆစ်ရောင်နာ ဖြစ်နေတဲ့ ဒူးတစ်ဖက်ကိုပြကာ သူမှာ အေးတဲ့အခါ၊ မိုးရွာတဲ့အခါ ဝေဒနာဖြစ်ပေါ်လာကြောင်း ပြောတယ်။ သူဟာ အတိတ်က ဖြစ်ခဲ့တာတွေကို စဉ်းစားနေသလိုပဲ။

ပြီးတော့မှ ရုတ်တရက် ဆိုလိုက်တယ်။

''ပါမောက္ခပိုင်း အခုထိ ရောက်မလာသေးပါလား။ သူက ခါတိုင်းဆို ပထမဆုံး ရောက်နေကျပဲ''

ကျွန်တော်က လူကြီးလူကောင်းတစ်ယောက်ကို တွေ့ဆုံလိုတာကြောင့် စိတ်ဝင်စားပြီး မေးလိုက်တယ်။

''ပါမောက္ခပိုင်းဆိုတဲ့ပုဂ္ဂိုလ်က ဘာလဲ''

''သူ့နာမည်က ပါမောက္ခပေါ်တာကြူပိုင်းလို့ ခေါ်တယ်၊ အခုပဲ ရောက်လာလိမ့်မယ်၊ သူဟာ ကျုပ်တို့ရဲ့ အဓိကပုဂ္ဂိုလ်တစ်ယောက်ပါ။ နှင်းမုန်တိုင်းကြောင့် သူနောက်ကျတာ ထင်ပါရဲ့၊ မီးပုံနားမှာ မင်းလာထိုင်ပါလား''

အိမ်ရှင်ဟာ အိုမင်းပေမယ့် ခင်မင်ဖွယ်ရှိတဲ့ လူတစ်ယောက်ပါပဲ၊ သူ့ရဲ့ လည်တံရှည်ကို ဖြည်းဖြည်းလှည့်ပြီး ဧည့်သည်တွေ ရောက်လာမယ့်လမ်းဆီ ကြည့်လိုက်တယ်။

ကျွန်တော်က အိမ်ရှင်ဘုန်းကြီးရဲ့ စိတ်ဓာတ်ကို ချီးကျူးမိတယ်လေ။ သူဟာ မျက်လုံးတောက်ပလျက်ရှိပြီး ကဗျာစိတ်အားသန်နေသူ ဖြစ်တယ်။ ချိုင်ယာတအိုကို သူကြိုက်သတဲ့၊ ဟုတ်မှာပေါ့ ချိုင်ယာတအိုဟာလည်း ဘုန်းကြီးတစ်ပါး ဖြစ်တာကို။



ဝက်ကြီးချူရဲ့အနီးမှာ ကျွန်တော် ထိုင်လိုက်တယ်။ ချူဟာ သားသမီးတွေနဲ့ လယ်လုပ်ရင်း နေသူမှန်းသိရတယ်။ သူဟာ ကလေးတွေအကြောင်း ပြောပြတော့မှ သူ့ကို မိသားစုအပေါ် စွဲလမ်းတွယ်တာသူတစ်ယောက်လို့ သိရတယ်။

မကြာခင် ခြံဆီကက နံ့ဖိနပ်သံ ကြားလိုက်တယ်။ ပေါ့ပါးသွက်လက်တဲ့အသံ ထွက်ပေါ်လာတယ်။

''ဘုန်းကြီး ဘုန်းကြီး ကျွန်တော် ရောက်လာပြီ''

ပျော်တတ်တဲ့ လူငယ်တစ်ယောက်ပဲလေ။ လူကောင်က ပိန်တယ်။ မျက်နှာပေါက်ကလည်း ပိန်ပိန်သွယ်သွယ်ပဲ။ သူ့ပခုံးမှာ အညိုရောင်စောင်ကို ရစ်ပတ်ထားတယ်။

ကခုန်သလိုလို အခန်းထဲရောက်လာတယ်။

''ဘယ်ညာ
ဘယ်ညာ
ခြေကိုနင်းလို့
ခရီးကြမ်းကိုတဲ့
လျှောက်သလေ''

သူဟာ စောင်ကို ခုံရှည်ပေါ် လွှားတင်လိုက်ပြီး မီးပုံဆီ ကခုန်သွားတယ်။

''ကျွန်တော့်ကဗျာက ဘယ့်နှယ်ရှိသလဲ၊ ငူး . . . မှောင်မိုက်တဲ့ညပဲဗျာ''

www.burmeseclassic.com

www.burmeseclassic.com



သူဟာ လေပူတစ်ချက်မှုတ်ရင်း ညည်းလိုက်တယ်။

ကြောဘုကြီးက ဆိုတယ်။

"မင်းကို မိတ်ဆက်ပေးရဦးမယ်၊ သူက မစ္စတာဒွန်နယ်တ်လို့ခေါ်တယ်၊ အတိုကောက်ဆိုရင် ဒွန်လို့ ခေါ်တယ်၊ သူ့ကဗျာတွေဟာ ရိုးစင်းထင်ရှားတယ်ကွယ့်"

သူက ကျွန်တော့်ကို ဖြူဖြူဖွေးဖွေး သွားအစုံနဲ့ ပြုံးပြနှုတ်ဆက်တယ်။ သူ့မျက်နှာပေါက်ဟာ ပျော်ပျော်နေတတ်သူ တစ်ယောက်ပဲ။ နက်မှောင်ဖြောင့်စင်းတဲ့ ဆံပင်၊ တည့်မတ်တဲ့ လည်တံရှိလို့ ပညာမာနကြီးသူလို့ ဆိုရမှာပဲ။ ဒါပေမယ့် ပိန်ပိန်သွယ်သွယ် မျက်နှာပေါက်ကြောင့် အရုပ်ဆိုးနေပြန်တယ်။

သူဟာ ဝက်ကြီးချူဆီ ရုတ်တရက်လှည့်လိုက်ပြီး ငယ်နာမည်ကို ခေါ်ကာ ...

"ဝက်ကြီးချူ ကျွန်တော့်ကဗျာကို နားထောင်ကြည့်ပါဦး" လို့ ဆိုလိုက်တယ်။

ဘယ်ညာ
ဘယ်ညာ
ခြေကိုနင်းလို့
ခရီးကြမ်းကိုတဲ့
လျှောက်သလေ၊
ပျို့မောင်
တစ်ကိုယ်တည်းမှာ
လွမ်းလှသည်
ဆွေးလှသည်။

"ဝက်ကြီးချူက ရယ်မောလျက် ပြောလိုက်သည်။

"ကောင်းပါပေတယ်၊ ဆိုရလွယ်တဲ့ ကဗျာတစ်ခုပဲ"

အခန်းထောင့် အမှောင်ကွယ်က ရှူးရှူးသေးသေးအသံကို ကြားလိုက်ရတယ်။

"ဒွန် မင်းရဲ့မျက်နှာကို ကြည့်ရတာ လွမ်းလှသည်၊ ဆွေးလှသည်လို့ ငါဖြင့် မထင်ပါဘူး"

ဘုန်းကြီးက ပါမောက္ခရောက်နေသလား။ ဘယ်အချိန်က ဝင်ခဲ့သလဲ၊ မင်းကို ရောက်နေမှန်းမသိဘူး" လို့ဆိုတယ်။

ကျွန်တော်နဲ့ ဝက်ကြီးချူတို့ဟာ အခန်းထောင့်အမှောင်ဆီ လှည့်ကြည့်လိုက်တယ်။ အရပ်ပုပု သေးသေး လူတစ်ယောက် ကုလားထိုင်မှာ အခန့်သားထိုင်နေတာပေါ့။ သူ့မျက်လုံးအစုံဟာ မီးရောင်ကိုမြင်ပြီး ဝင်းလက်လျက်ရှိတယ်။

"မင်းရဲ့ အလွမ်းကဗျာဟာ မြူးပျော်နေတဲ့အတွက် မင်းမျက်နှာကြောင့် ဘယ့်နှယ်အပ်စပ်မှု ရှိမှာလဲကွယ်"

ဘုန်းကြီးက ဆိုတယ်။

"ဘယ်လို ရောက်ခဲ့သတုန်း။ ပါမောက္ခရောက်လာတိုင်း ခြေသံကြားဘဲ တိတ်တဆိတ်လာတာကိုး"

"ကျွန်တော်က ဒွန်လို ခုံဖိနပ်တဒေါက်ဒေါက်နဲ့ လျှောက်သွားတတ်တဲ့အကျင့်မှ မရှိတာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လှကောင်သေးပြီး ပိန်ပိန်ပါးပါးရှိသော ပါမော ကို သေချာစွာ ကြည့်လိုက်တယ်၊ သူဟာ သေသေသပ်သပ် ဝတ်ဆင်ထ တယ်။ မျက်လုံးအစုံက ပညာဉာဏ်ကြီးမားကြောင်း ဖော်ပြနေတယ ဆံပင်ဖရိုဖရဲ ထိုးထောင်ပြီး ပခုံးပေါ်ကျနေတာကိုက စဉ်းစားတွေး တတ်သူမှန်း သိသာတယ်။ သူ့ကို ခြုံငုံပြီးဆိုရရင် ပညာရှိတစ်ယောက် ယူဆရဖွယ်ပေါ့။

ကျောဘုကြီးက ဖိတ်လိုက်တယ်။

"မီးပုံအနီးမှာ လာထိုင်ပါ၊ ပါမောက္ခရဲ့ အဆိုအမိန့်တွေကို ကြ ရတာပေါ့၊ ဒါပေမယ့် ခင်ဗျားရဲ့စကားဟာ ခက်ခဲပါပေတယ်"

ပါမောက္ခဟာ မီးပုံအနီးမှာထိုင်ဖို့ ဖိတ်ခေါ်တာကို ငြင်းလိုက ပြီး မထဘဲနေတယ်။

"ကျွန်တော် ဒီမှာထိုင်ရင် ဟန်ကျလိမ့်မယ်"

သူဟာ ခြေကို မတတ်မသာပြောင်းချိတ်ပြီး လက်တန်းပါတဲ့ ကုလားထိုင်ပေါ် ဖြည်းဖြည်း ထိုင်လိုက်တယ်။ သူ့ထိုင်ခုံက အခန့်သာ ရှိတယ်လေ။

သူအနီးရောက်ခဲ့လို့ ကျွန်တော် သတိပြုလိုက်တယ်။ သူ့ရဲ့ အလှဟာ တကယ့်ကို စိတ်ထားဖြူစင်ကြောင်း ပေါ်လွင်လျက်ရှိတယ်

မကြာခင် အခြားသုံးယောက် ရောက်လာတယ်။ တစ်ယောက် က သန်မာဖျတ်လတ်တဲ့ လူရွယ်ပါပဲ။ သူဟာ ကျွန်တော့ကို မုဆိုးကော့ ဝံပုလွေဘာကီလီပါလို့ မိတ်ဆက်တယ်။

အခြားတစ်ယောက်က ရုပ်ရည် သပ်ရပ်တယ်၊ နှုတ်ခမ်းမောက်တယ်



လူရွယ်ဟာ ခြေလှမ်းကို ကြွကြွရွရွ လျှောက်လာခဲ့တယ်။

သူ့မျက်နှာဟာ ထူးခြားစွာပဲ နီမြန်းနေတယ်၊ ဝက်ကြီးချူက ကျွန်တော့်ကို သူဟာ အချစ်ရူးတစ်ယောက်လို့ ပြောတယ်။ နောက်ပြီး လူပျိုဝတစ်ယောက်လို့လည်း တိုးတိုးပြောပြတယ်။ အဝတ်အစားကောင်း ဝတ်သူ၊ မြှာပွေသူတစ်ယောက်ပေါ့လေ။ သူ့ကို ဟင်နရီလို့ ခေါ်တယ်။ ဒါပေမယ့် နာမည်အပြည့်အစုံက လူပေါ်ကြော့ ဟင်နရီတဲ့၊

လူပေါ်ကြော့ဟင်နရီဟာ အချစ်ကဗျာကလွဲရင် ဘာမျှမရေး ဘူး၊ အောင်မြင်မှု နည်းနည်းရနေသူပဲ။ လူငယ် စာပေအသိုက်အဝန်း မှာ ထင်ရှားတဲ့ ကဗျာဆရာလေးပေါ့။

အထူးခြားဆုံးက အေနမ်ဘူလီကက်ပဲ။ သူ့အသံက သေးပြီး စူးရှနေတာကြောင့် မိန်းကလေး ဆန်တယ်။ ခပ်ကြော့ကြော့ကလေးနေ တတ်လို့ ယောကျ်ားတစ်ယောက်ထက် ပိုကဲမှုရှိနေတယ်။

တစ်ခါတစ်ရံ သူ့လက်နှစ်ဖက်ကို ယှက်ပြီးထားတယ်။ သူ့မှာ လက်သည်းရှည်ရှိတယ်။ လက်ချောင်းတွေကို ပါးမှာကပ်ပြီး ကန္တဲ့ကလျ စကားပြောတတ်တယ်။

ဝက်ကြီးချူဟာ သူတို့ကို တစ်ယောက်မျှ မနာလိုစိတ်ရှိမနေ ဘူး၊ စိတ်သဘောထား ကောင်းသူတစ်ယောက်ပါပဲလေ၊ သူက အေနမ်ဘူ လီကက်ဆိုသူကို ခံစားမှုကဗျာဆရာလို့ ပြောတယ်၊ သူ့ကဗျာစကားလုံး တွေဟာ စိတ်မှာ စွဲလမ်းခံစားစေပါတယ်။

ဝံပုလွေ ဘာကီလီက သူဟာ ဘူလီကက်ရဲ့ ကဗျာတွေကို မယှဉ်နိုင်ပါဘူးလို့ ဝက်ကြီးချူကို ဝန်ခံဖူးတယ်။ ဘာကီလီနဲ့ ဘူလီကက်

www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ တစ်ယောက်ကိုတစ်ယောက် မုန်းတီးကြပေမယ့် ကဗျာဝိုင်းထဲ ရောက်နေတဲ့အချိန်မှာ ယဉ်ကျေးပျူငှာစွာ ပြောဆိုကြတယ်။

ကျွန်တော်က ဒီကဗျာဝိုင်းကလေးဟာ ထူးခြားလှပေတယ်လို့ တွေးနေမိတာပေါ့။ ဆီးနှင်းမုန်တိုင်း ကျနေတဲ့အချိန်မှာ ကဗျာအကြောင်း ဆွေးနွေးကြဖို့ လာခဲ့တာကိုး။ ကဗျာစိတ် ထက်သန်ကြပေတယ်၊ ဒါပေမယ့် သူတို့ကို ကျွန်တော် တစ်ယောက်မှသိမနေဘူး။

သူတို့ဟာ ကဗျာတွေကို သင်ကြားပို့ချဖို့ သူတို့ရဲ့ ကဗျာတွေကိုလည်း အမှမ်းတင်ပြောဆိုတယ်။ သူတို့ရဲ့ ကဗျာအချို့ကို ကြားသိရတယ်။

အဲဒီကဗျာတွေဟာ အခြားသူတွေ အလွယ်တကူ နားလည်ကြမှာမဟုတ်ဘူး။ အချို့က ဘယ်လိုမှ တွေးမရနိုင်စရာပဲ၊ တစ်ခါတစ်ရံတော့လည်း ကျွန်တော် ပြုံးမိပါတယ်။

အစွယ်က ဝင်းလဲ့လဲ့
မယ့်နှင်းဆီဖူးဟာဖြင့်
ဝိုင်းစက်စက်ရှိတဲ့
လေးထောင့်ကွက်ပါပဲ။

ကဗျာကို ဒွန်နယ်က စပ်ဆိုတယ်။ ပါမောက္ခ ပေါ်တာကြုံပိုင်းက ချီးကျူးတယ်။

ကျွန်တော့မှာ ကဗျာကို အမြီးမုန်းခေါင်းမုန်း ရှာမရအောင် ဖြစ်ရတယ်။ ဝိုင်းစက်စက်ရှိတဲ့ လေးထောင့်ကွက်ဆိုတဲ့စကားကို ဘယ်ကဗျာမှာမှ ကျွန်တော် မတွေ့ဖူးတော့ နောက်ဆုံး လက်လျှော့ပြီးမေး



ကြည့်တယ်။

ပါမောက္ခက စိတ်ရှည်စွာပဲ ကျွန်တော့်ကို ရှင်းပြပါတယ်။ ဒီကဗျာဟာ ဒွန်နယ်ရဲ့ဇနီးဖြစ်သူ ခြေချောင်းတွေကို ပြောဆိုတာ ဖြစ်သတဲ့။ အစွယ်ဆိုတာက ခြေသည်းတွေကို ပြောတာပဲ။ ခြေသည်းတွေက အဝိုင်းသိုလို လေးထောင့်လိုလိုရှိတယ်။

"ဝင်းလဲ့လဲ့က ဘာကိုပြောတာလဲ"

ကျွန်တော်ဟာ မသိုးမသန့် မေးလိုက်တယ်။

"မင်းက ဒီကဗျာကို သေသေချာချာမှ နားမထောင်တာကိုး။ ဒွန်နယ်က ဒီအကြောင်း တို့ကို ရှင်းရှင်းနီးနီး ပြောပြီးသားပဲ၊ ဟိုတစ်ထက သူဟာ ဇနီးဖြစ်တဲ့မစ္စစ်ကီနဲ့အတူ လမ်းလျှောက်ပြီး ပြန်လာတော့ အတော်နီးချူမ်နေပြီတဲ့။

သူမိန်းမရဲ့ ဖိနပ်ဟာ မြက်ခင်းက နှင်းတွေကြောင့် စိုစွတ်နေတယ်၊ ကဗျာဆရာရဲ့ စိတ်ကူးဆိုတာ မြင်လွယ်သိလွယ်တယ်လေ၊ ငွေရောင် နှင်းစက်ကလေးတွေက မြက်ခင်းမှာ ဟီးလေးခိုနေသလိုပါပဲ"

ကျွန်တော်က တံတွေးမျိုချလိုက်မိတယ်။ ဒီကဗျာဝိုင်းမှာ ကျွန်တော်ဟာ လူစိမ်းတစ်ယောက်မို့ ငြင်းခုံမနေတော့ဘူး။

ပါမောက္ခဟာ ကဗျာအယူအဆ တစ်ခုကိုလည်း ဆက်ပြီးပြောတယ်။ ကဗျာဆရာရဲ့အလုပ်က ခံစားမှုကို စကားလုံးတွေနဲ့ ဖန်ဆင်းဖို့ပဲတဲ့။

မကြာခင် အရင်လက သူတို့ရေးထားတဲ့ ကဗျာတွေကို တစ်ဦးပြီးတစ်ဦး ဖတ်ကြတယ်။ သူတို့ချင်းကတော့ ကဗျာအမျိုးအစား မတူ

www.burmeseclassic.com

www.burmeseclassic.com



ကြဘူး။ နောက်ဆုံး အများက ဝေဖန်နှစ်သက်တဲ့အထိ ပြင်ဆင်ကြတယ်

တစ်ယောက်ရဲ့ကဗျာကို တစ်ယောက်က အလေးအနက်ဖတ်ပြ တာ အမှန်ပဲ။ ကျွန်တော်ဟာ သူတို့ကိုကြည့်ရင်း အားရကျေနပ်မိတယ် အိမ်ရှင်ဘုန်းကြီးဟာ ကဗျာအကြောင်းကို ပြောမနေဘဲ ပါးစပ်ထဲ ကော ရိုးတစ်မျှင်ကို ကိုက်လျက် အတိတ်ကို စားမြုံ့ပြန် စဉ်းစားနေတယ်

ကဗျာဝိုင်းဟာ ညသန်းခေါင်ချိန်ထိပါပဲ။ ပထမဆုံးပြန်သွ အေနမ်ဘူလီကက်ဖြစ်တယ်။ ဘာကီလီရဲ့ ကဗျာကို ဖတ်နေတုန်း ဘယ်သူမှ မသိစေဘဲ တိတ်တဆိတ် ထွက်သွားတာပဲ။

သူတို့ဟာ အရက်သောက်ရင်း ပဲစေ့ဝါးရင်း ကဗျာဆွေးနွေးလို တာ အချိန်တွေ မကြာခင် ကုန်ဆုံးသွားရော။

ကဗျာဝိုင်းမှာ နာယက တစ်ယောက်ဖြစ်တဲ့ ပါမောက္ခ သူ့ကုလားထိုင်မှာပဲ အိပ်ပျော်သွားတယ်။ သူဟာ ရင်ဘတ်ပေါ် ခေါင်းဆို ပြီး အိပ်နေတာမို့ ပွရောင်းရောင်း ဆံပင်ကိုသာ တွေ့ရတယ်။

သုံးနာရီထိုးတဲ့အခါ လူပေါ်ကြော့ဟင်နရီ ရှုတ်တရက်ထ အိမ်ပြန်ဖို့ နှုတ်ဆက်တယ်။ သူက အရဏ်တက်ချိန်ရောက်မှ ပြန် ပါလို့ ကျန်တဲ့လူတွေကို မှာရစ်တယ်။

ဝက်ကြီးချူဟာ ကုလားထိုင်မှာ အိပ်မောကျနေတယ်။ သူ့ ဗိုက်ပူကြီးဟာ တခူးခူး ဟောက်သံနဲ့ စည်းဝါးကိုက်ရှိနေတာပေါ့။

ကီရယ်၊ ဘာကီလီရယ်၊ ဒီလူငယ်နှစ်ယောက် မအိပ်ဘဲရှိခဲ့တ ကျွန်တော်ကိုယ်တိုင် ဘယ်အချိန်မှာ အိပ်ပျော်မှန်း မသိဘူးလေ။

အခု ဒါတွေကို ကျွန်တော့်ဆီ မေးမနေနဲ့တော့။ ဖြစ်ပျက်



တွေ ပြောခဲ့ပြီပဲ။ ဘုရားကျောင်းခေါင်းလောင်းထိုးမှ ကျွန်တော် နိုးတယ်။ ကျွန်တော်ဟာ အခန်းထောင့် ကြမ်းပေါ်မှာ အိပ်နေတာကို သိတယ်။

ရှူးရှတဲ့အနံ့တစ်ခုက နှာခေါင်းကို လာတိုးတယ်။ ကောင်းကင် ာ ကြည်လင်နေပြီဖြစ်တယ်။ ဗိုက်ဆာလာတယ်။ ကျွန်တော် ချက်ချင်း ပြီး အနီးအနားကို ကြည့်လိုက်တယ်။

ဘာမှ ရှိမနေဘူး။

မီးပုံလဲမရှိဘူး။

စားပွဲကုလားထိုင်တွေလဲ မရှိဘူး။

ဘုရားကျောင်းဟာ ထကာယ်ကို လှုံသူကင်းမဲ့နေတယ်။

လူတစ်ယောက်တလေ တွေ့မှာပဲဆိုပြီး အထဲဝင်ကြည့်တယ်။ အနံ့ကပို့ပြီး ရှူးရှလာတယ်။ အထဲခန်းဆီဝင်သွားတဲ့အခါ ကုလားအုတ် တစ်ကောင် တွေ့တယ်။

သူက နာမကျန်းဖြစ်လျက် အိပ်နေတာပေါ့။ ကျွန်တော် င်လာတော့ သူ လုံးဝဂရုမစိုက်သလိုဘဲရှိတယ်။

အခု တွေ့မြင်ရတာတွေဟာ အံ့သြစရာပဲပေါ့။ မနေ့က မြင်တွေ့ သလိုမှ မဟုတ်ဘဲကိုး။

ခြံဝင်းထဲ ကြည့်လိုက်တယ်။ မြောက်ဘက်မှာ အရိုးကျဲကျဲ မြင်း တစ်ကောင် တွေ့တယ်၊ သူ့ကိုယ်မှာ ဒဏ်ရာတွေရှိတယ်၊ စောင်တစ်ထည် သူ့ကို အုပ်ထားတယ်။ သူဟာ အားနည်းလွန်းလို့ အစာအတွက် အော်နိုင်ဘဲ ဖြစ်နေတယ်။

ဒီတိရစ္ဆာန်တွေကို ကြည့်ကာ ကျွန်တော် အတော်ယံနားပြီး

www.burmeseclassic.com

www.burmeseclassic.com



ကောက်ရိုးအချို့ရှာဖို့ ထွက်လာခဲ့တယ်။

ကျွန်တော်ဟာ နံရံဆီက ပျဉ်ပြား တစ်ခုအောက်မှ လှုပ်လှုပ်ရွရွ ဖြစ်နေတာကို တွေ့ပြန်ရော၊ ကြည့်လိုက်တော့ ကြွက်ဖတစ်ကောင် ငိုက်မျဉ်းနေတာကိုး။

အပြင်က အဆောင်ပျက်တစ်ခုမှာ ကောက်ရိုးကို တွေ့တယ်။ နံရံဟောင်းမှာတော့ လက်ရာကောင်းမွန်တဲ့ပန်းချီတွေ ရေးဆွဲထားတယ်။ ကောက်ရိုးကို လှမ်းယူလိုက်တဲ့အခါ ကြောင်နက်တစ်ကောင် ရုတ်တရက် ခုန်ပြေးပြီး ခြံထဲမှာ ပျောက်သွားတာ တွေ့လိုက်ရတယ်။

ကျွန်တော်ဟာ ကောက်ရိုးတပွေ့နဲ့ မြည်းကို အစာကျွေးဖို့ လာတဲ့အခါ မြည်းဟာ ကျွန်တော့်ကို ကျေးဇူးတင်စွာ မော့ကြည့်လျက်ရှိတယ်။ တစ်ခါ ကုလားအုပ်အိုဆီ အစာကျွေးဖို့ သွားတယ်။

ကုလားအုပ်ရဲ့ ဒူးတစ်ဖက်ဟာ ဖူးရောင်လျက်ရှိတာကိုး။ ညက ကျွန်တော် တွေ့ကြုံခဲ့ရတာတွေကို မြင်ယောင်နေဆဲပေါ့လေ။

"ညက တည်းခိုခွင့်ပြုခဲ့တာကို ကျေးဇူးတင်ပါတယ်ဗျာ"

ဒါပေမယ့် ကုလားအုတ်က ကောက်ရိုးကိုသာ နမ်းနေတာပေါ့။ လျှာကိုလျက်ရင်း ကျွန်တော့်ကို ငေးကြည့်လျက်ရှိတယ်။

ခြံထဲရောက်တော့ လွှင့်ပစ်ထားတဲ့ အနားကွပ်ကြီးကြီး လယ်သမားဦးထုပ်တစ်ခုကို နင်းမိလိုက်တယ်။ ဦးထုပ်အောက်က လှုပ်လှုပ်ရွရွ ထွက်လာတော့ ဖြူးတစ်ကောင် ဖြစ်နေတယ်။


ကျွန်တော်ဟာ အရောင်တောက်လျက်ရှိတဲ့ ပါမောက္ခရဲ့ မျက်လုံးသေးသေးကို မှတ်မိလိုက်တယ်။ ကျွန်တော်ဟာ သူ့ကို "ညကတွေ့ရတာ



စိတ်ဝင်စားဖို့ ကောင်းပါတယ်" လို့ ပြောလိုက်ချင်တယ်။

ဒါပေမယ့် သူ့ဆူးတွေက စိတ်ဆိုးပြီး ထောင်လာလို့ ကျွန်တော် ခပ်သုတ်သုတ် ထွက်လာခဲ့တယ်။ သူ့ရဲ့ အသံစူးစူးကလေးကို နောက်က ကြားလိုက်ရရင် ကျွန်တော် အရူးဖြစ်ဖို့ရာပဲ ရှိတော့မယ်။

"မင်းရဲ့ အလွမ်းကဗျာဟာ မြူးပျော်နေတတ်တဲ့ မင်းမျက်နှာကြောင့် ဘယ်နှယ့် အပ်စပ်မှုရှိမှာလဲကွယ်"



သူ့ရဲ့ စကားမဆုံးခင် ကျွန်တော်ဟာ လှည့်ကြည့်မနေဘဲ ဆက်လက်ထွက်လာခဲ့တယ်။ ကျွန်တော့မြင်းဟာ တိုင်မှာ ကြိုးချည်လျက်ပဲ ရှိတယ်။ နေက အတော်မြင့်နေပြီလေ။ ရွာထဲရောက်တော့ ရွာသားတွေ အိပ်ရာနိုးနေကြတယ်။

www.burmeseclassic.com



ကျွန်တော်ဟာ ထမင်းဆိုင်ဟောင်း တစ်ခုမှာ နံနက်စာ ဝင်စားပြီး မြင်းအတွက် ကောက်ရိုးအချို့ မှာလိုက်တယ်။

ခွေးတစ်ကောင်ရောက်လာတယ်။ ကျွန်တော့ကို နမ်းရှုပ်ရင်း အမြီးကို ခါယမ်းလျက် နှုတ်ဆက်တယ်။ သူဟာ ကျွန်တော့ကို သိနေသလိုပါပဲ။

"ဟယ်လို မုဆိုးကျော်"

ကျွန်တော်က သူ့ကို သပ်ပေးတုန်း ထမင်းဆိုင်ရှင်က မေးတယ်လေ။

"ဘာကြောင့် သူ့ကို မုဆိုးကျော်လို့ ခေါ်သလဲ"

"ဘာရယ်လို့ မဟုတ်ပါဘူး"

"သူဟာ တကယ့်ကို မုဆိုးကျော်ပါပဲ။ သူ့ကို ကျွန်တော်က ကြိုးနဲ့ မချည်ဘဲထားရင် ရွာကကြက်တွေ ချမ်းသာမှာမဟုတ်ဘူး"

ကျွန်တော်ဟာ ညက ထူးဆန်းစွာ ကြုံတွေ့ရတဲ့အကြောင်းကို ပြောပြမနေဘဲ ခရီးဆက်ထွက်လာတယ်။ နောက် မြို့ကိုရောက်တော့ ကျွန်တော့ရဲ့တပည့်ဟာ ထမင်းဆိုင်တစ်ဆိုင်က စောင့်မျှော်နေတာကို တွေ့တယ်။

♛ ♛ ♛

# စင်ဒရဲလား

## *Cinderella*

## 葉限

ဒီပုံပြင်ကို ယွမ်ယန်ကျစ်စုနယ်မှာ တွေ့ရှိတယ်။

ရေးသူမှာ ထန်ချန်ရှိလို့ ခေါ်တယ်။ ထူးခြားဆန်းကြယ်တဲ့ ပုံပြင်တွေကို ရှာဖွေစုဆောင်းရာမှာ ဝါသနာကြီးတယ်။ သူဟာ ၈၆၃ ခုနှစ်မှာ သေဆုံးခဲ့တယ်။

စင်ဒရဲလားပုံပြင် ဘယ်ကစသလဲဆိုတော့ တရုတ်ပြည်ကမှန်း သိရတယ်။

ဆလက်ဗိုတို့ရဲ့ ပုံပြင်မှာ တိရစ္ဆာန်မိတ်ဆွေပါတယ်။

ဂျာမန် တို့ပုံပြင်မှာ ဖိနပ်တစ်ဖက် ပျောက်တာပါတယ်။

တရုတ်စင်ဒရဲလား ပုံပြင်မှာတော့ တိရစ္ဆာန်မိတ်ဆွေရယ်၊ ဖိနပ်တစ်ဖက်ပျောက်တာရယ် နှစ်ခုစလုံး ပါဝင်တယ်။

ထန်ချန်ရှိဟာ သူ့ရဲ့အိမ်ဖော်ဆီက ဒီပုံပြင်ကို ကြားသိတယ်။ သူ့အိမ်ဖော်ဟာ ယန်ချောင်နယ် ဇာတိမျိုးနွယ်က လာတယ်။ ယခုခေတ်မှာတော့ ကွန်စီနယ်လို့ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက ချင်မင်း(၂၂၂–၂၀၆ ဘီစီ) မတိုင်ခင် တောင်ပေါ်ဂူနေ အကြီးအကဲတစ်ယောက် ရှိတယ်။ သူ့ကို ရွာသားတွေက ''ဂူအကြီးအကဲ''လို့ ခေါ်တာပေါ့။

ဂူအကြီးအကဲမှာ မိန်းမနှစ်ယောက် ရှိသတဲ့။

ဇနီးတစ်ယောက်ဟာ သေဆုံးသွားတော့ ယီစန်လို့ခေါ်တဲ့ သမီးလေး ကျန်ရစ်တယ်။

ယီစန်ဟာ အလွန်အသိဉာဏ်ရှိပြီး အလုပ်အကိုင် လိမ္မာရေးခြား ရှိသတဲ့။ ဖခင်က ဒီသမီးငယ်ကို သိပ်ချစ်တယ်။

ဒါပေမယ့် ဖခင်သေဆုံးသွားတဲ့အခါ ယီစန်ကို မိထွေးဖြစ်သူက မညှာမတာ ခိုင်းစေတယ်။ မကြာခဏ ထင်းခွေစေတယ်။ တောနက်ထဲသွားစေပြီး ရေတွင်းနက်က ရေကိုခပ်စေတယ်။

တစ်နေ့မှာတော့ ယီစန်ဟာ နှစ်လက်မအရွယ်ရှိတဲ့ ငါးကလေးကို ဖမ်းမိသတဲ့။

ငါးကလေးရဲ့ ဆူးတောင်တွေဟာ နီထွေးနေတယ်။ မျက်လုံးတွေက ရွှေရောင်ဖြစ်နေတယ်။ ဒီငါးကလေးကို အိမ်ယူခဲ့ပြီး အင်တုံမှာ မွေးထားသတဲ့။

ငါးကလေးဟာ တစ်နေ့ထက်တစ်နေ့ ကြီးလာလိုက်တာ နောက်ဆုံး အင်တုံထဲမှာ မဆံ့တော့ဘူးပေါ့။ ဒါနဲ့ အိမ်နောက်က ရေကန်မှာ ရွှေငါးကိုထားလိုက်တယ်။ ယီစန်ဟာ ထမင်းစားတဲ့အခါ ငါးအဖို့ ချန်ပြီး အမြဲကျွေးသတဲ့။

မိန်းကလေးလာတဲ့အခါ ရွှေငါးက ရေပေါ်ရောက်လာတယ်။



တန်ပေါင်မှာ ဦးခေါင်းတင်ပြီးနေတယ်။ ဒါပေမယ့် အခြားသူတစ်ယောက် ယောက်လာရင်တော့ ငါးဟာ ရေပေါ်တက်မလာဘူးကွယ့်။

ဒီထူးခြားတဲ့ငါးရှိမှန်း မိထွေးဟာ သိသွားပါရော။ ဒါနဲ့ သူက ရွှေငါးကို မကြာမကြာ ချောင်းနေတာပေါ့။ ငါးဟာ ရေပေါ် ဘယ်ရောက်လာပါ့မလဲကွယ်။

တစ်နေ့မှာတော့ လှည့်စားဖို့အကြံနဲ့ မိန်းကလေးကို ပြောသတဲ့၊

"အလုပ်လုပ်ရတာ မငြီးငွေ့ဘူးလားကွယ်၊ နင့်ဖို့ အင်္ကျီတစ်ထည် ငါဝယ်ပေးမယ်"

မိထွေးဟာ မိန်းကလေးရဲ့အင်္ကျီဟောင်းကို ချွတ်စေတာပဲလေ။ ပြီးတော့ နှစ်မိုင် သုံးမိုင်လောက် ဝေးတဲ့အရပ်မှာ ရေသွားခပ်စေတယ်။ အခြားရေတွင်းတစ်ခုပဲကွယ့်။

မိထွေးဟာ ယီစန်ရဲ့အင်္ကျီကို ဝတ်ဆင်ပြီး အင်္ကျီလက်အတွင်းမှာ ဓားတစ်ခုကို ဖွက်ထားလိုက်တယ်။ ရေကန်ဆီလာပြီး ငါးကို ခေါ်လိုက်တယ်။

ရွှေငါးဟာ ရေပြင်ပေါ်တက်လာလို့ သတ်လိုက်သတဲ့။ ဒီအချိန်မှာ ရွှေငါးဟာ ဆယ်ပေအရှည်ရှိနေပြီပေါ့။

သူ့ကို ချက်ပြုတ်တဲ့အခါ အခြားငါးတွေထက် အရသာ ဆယ်ဆ မကကောင်းသတဲ့၊ ငါးရိုးတွေကိုတော့ နောက်ချေးပုံအောက်မှာ မြှုပ်ထားလိုက်တယ်။

နောက်တစ်နေ့မှာ ယီစန်ရောက်လာတယ်၊ ရေကန်ဆီရောက်တော့ ရွှေငါးမရှိတော့ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com





ရွှေငါးမရှိတော့ သူခမျာငိုနေရှာတယ်



ဒါနဲ့ သူငိုနေတုန်း ဆံပင်စုတ်ဖွားနဲ့ လူတစ်ယောက်ဟာ ကောင်းကင်ဆီက ဆင်းလာသတဲ့။ သူ့အင်္ကျီအဝတ်ဟာလဲ ဟောင်းနွမ်းလျက်ရှိတယ်။

မိန်းကလေးကို ဒီလိုပြောတယ်ကွယ့်။

"ငိုမနေပါနဲ့ကွယ်၊ သင်ရဲ့မိခင်က ငါးကိုသတ်လိုက်တယ်၊ ငါးရိုးတွေကို နောက်ချေးပုံအောက်မှာ မြှုပ်ထားလေရဲ့၊ အိမ်ကိုပြန်ပြီး ငါးရိုးတွေကို သင့်အခန်းမှာ ဝှက်ထားပါ၊ သင်အလိုရှိရာကို ငါးရိုးမှာ ဆုတောင်းရင် ဘာမဆိုရလိမ့်မယ်"

ယီစန်ဟာ သူပြောသလို နားထောင်ခဲ့လို့ မကြာခင်ပဲ ရွှေတွေ၊ လက်ဝတ်လက်စားရတနာတွေနဲ့ အမျိုးသမီးတိုင်း လိုချင်မက်မောစရာ အဖိုးထိုက်တန်လှတဲ့ အင်္ကျီအဝတ်အစားတွေ ရရှိခဲ့တယ်။

ဂူပွဲတော်ရက်ညမှာ ယီစန်ကို အိမ်မှာနေဖို့ပြောပြီး သစ်သီးခြံကို စောင့်ခိုင်းသတဲ့။

တစ်ယောက်တည်း ကျန်ရစ်ရှာတဲ့ မိန်းကလေးဟာ မိတွေးအရိပ်အယောင်ပျောက်ရင်ပဲ အစိမ်းရောင် ပိုးကျာကင်အင်္ကျီကို ဝတ်ဆင်ပြီး ဂူပွဲတော်ကို သွားသတဲ့။

ညီမဖြစ်သူက မှတ်မိလို့ မိခင်ကိုပြောသတဲ့။

"ဟိုမိန်းကလေးဟာ အစ်မနဲ့ သိပ်ဆင်တာပဲနော်"

မိခင်ကလည်း သူ့ကို မှတ်မိသတဲ့။

ယီစန်ဟာ သူတို့ရိပ်မိမှန်းသိလို့ ထွက်ပြေးသွားသတဲ့။ အဲသလို အပြေးမှာ ဖိနပ်တစ်ဖက်ကျန်ခဲ့တာပေါ့။ သူ့ဖိနပ်ကလေးကိုတော့ ဂူ့သား

www.burmeseclassic.com

www.burmeseclassic.com



သားတွေ ကောက်ရသွားသတဲ့။

မိထွေး အိမ်ပြန်ရောက်တဲ့အခါ မိန်းကလေးဟာ သစ်ပင်တစ်ပင်ကို ဖက်ရင်း အိပ်ပျော်နေတယ်။

သူ့ သံသယမဖြစ်တော့ဘူးလေ၊ လှပတဲ့ အင်္ကျီဝတ်ဆင်သူ ဘယ်ကလဲဆိုတာ နောက်မှစုံစမ်းဖို့ ကြံထားသတဲ့။

ရွာတွေအနီးမှာ ကျွန်းနိုင်ငံတစ်ခုရှိသတဲ့။ ဒီကျွန်းနိုင်ငံဟာ အင်အားကြီးမားလို့ ကျွန်းနှစ်ဆယ့်လေးခု အုပ်စိုးနေရသတဲ့၊ သူ့ရေပြင်ပိုင်နက်ကလည်း မိုင်ပေါင်းများစွာ ကျယ်ဝန်းသတဲ့။

ရွာသားတွေဟာ ဖိနပ်တစ်ဖက်ကို ကျွန်းနိုင်ငံမှာ ရောင်းချလိုက်တယ်။ ဒါနဲ့ ဘုရင်ကြီးလက်ထဲ ရောက်သွားတာပေါ့။

ဘုရင်ကြီးဟာ နန်းတော်ထဲရှိသမျှ အမျိုးသမီးတွေကို ဖိနပ်စီးစေတယ်။ ဒါပေမယ့် ဖိနပ်က ဘယ်သူနဲ့မှ မတော်ဘူးကွယ့်၊ ခြေထောက်အသေးဆုံးရှိသူ စီးကြည့်ပေမယ့် ဖိနပ်က တစ်လက်မ သေးငယ်နေသတဲ့။

ဒီဖိနပ်ဟာ စဉ်းစားစရာပဲလေ။ ဒီတော့ ဘုရင်ကြီးက ဖိနပ်ကောက်ရသူ ရွာသားကို သံသယဖြစ်ပြီး ထောင်ချအပြစ်ပေးလိုက်တယ်။

ကံဆိုးရှာတဲ့ရွာသားခမျာ ဖိနပ်ပိုင်ရှင်ကို ဘယ်ပြောနိုင်ပါ့မလဲကွယ်။

နောက်ဆုံး ဖိနပ်ကို နန်းအပြင်ထုတ်ပြီး အစောင့်တွေကို တစ်အိမ်တက် တစ်အိမ်ဆင်း အခြားဖိနပ်တစ်ဖက်ရှိသူ တွေ့ရင် ဖမ်းဆီးစေတယ်။ ဘုရင်ကြီးအဖို့ ခေါင်းခဲစရာ ဖြစ်နေတာပေါ့လေ။



အိမ်တွေအကုန်ရှာလို့ ပြီးစီးတဲ့အခါ ယီစန်ကို တွေ့သွားသတဲ့၊ သူ့ကို ဖိနပ်စီးစေလိုက်တယ်။

ဖိနပ်က အံကိုက်တော်နေတာပေါ့။

ဒါနဲ့ မိန်းကလေးဟာ ဖိနပ်ကိုစီးပြီး အစိမ်းရောင်ပိုးအင်္ကျီကို ဝတ်ဆင်လိုက်ရင်ပဲ နတ်သမီးလေးလို လှပနေသတဲ့။

ဒါကို ဘုရင်ကြီးကြားသိလို့ ယီစန်ဟာ ငါးရိုးတွေနဲ့အတူ ကျွန်းနိုင်ငံ နန်းတော်ဆီ လိုက်ပါသွားရသတဲ့။

တောင်ပေါ်ဂူအရပ်က ယီစန် ထွက်ခွာသွားတဲ့အခါမှာ မိထွေးနဲ့သမီးဟာ ကျောက်ခဲပျံတွေထိမှန်ပြီး သေဆုံးသွားတယ်။

ဂူရွာသူ ရွာသားတွေက သူတို့ကို သနားကရုဏာဖြစ်ကြတယ်။ မြေပုံမှာ စာတန်းတစ်ခုစိုက်ထူပြီး "ဝမ်းနည်းကြေကွဲဖွယ် အမျိုးသမီးနှစ်ယောက်" လို့ ကမ္ပည်းရေးသားထားသတဲ့။

ဂူရွာသူရွာသားတွေဟာ အချစ်နတ်အဖြစ် ရှိခိုးပူဇော်နေကြရောတဲ့၊ လက်ထပ်ခါနီး ချစ်သူတွေဟာ သူတို့အိမ်ထောင်ရေး နိုင်မြဲဖို့ ဆုတောင်းကြတယ်။

ကျွန်းနိုင်ငံကိုရောက်တော့ ယီစန်ဟာ ဘုရင်ကြီးရဲ့ ပထမ မိဖုရားဖြစ်သွားရတယ်။

လက်ထပ်ပြီး ပထမနှစ်မှာ ဘုရင်ကြီးဟာ ငါးရိုးဆီက ကျောက်စိမ်းတွေ၊ အဖိုးတန်ရတနာတွေကို မလိုချင်တဲ့အဆုံး ရရှိတာပေါ့။

နောက်တော့ သူဟာ ငါးရိုးကို ပင်လယ်အနီးမှာ ပုလဲတွေ တင်းတစ်ရာနဲ့အတူ မြှုပ်နှံထားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေတွေနဲ့ ပေါင်ခတ်ထားတယ်။

သူငယ်သားတွေက တော်လှန်တဲ့အခါမှာ ဘုရင်ကြီးဟာ အဲဒီနေရာဆီ သွားယူသတဲ့၊ ဒါပေမယ့် ရေလှိုင်းတွေထဲ မျောပါကျန် ယနေ့ထိ ဘာမျှမတွေ့တော့ဘူးတဲ့။

# ပုရစ်နပန်းကောင်

## *The Cricket Boy*

## 促織

ဆယ့်တစ်နှစ်အရွယ် ကီတီကလေးဟာ ပုရစ်တွေကို တစ်နေကုန် ဖမ်းလို့မှမရဘဲ ဖခင်နှင့်အတူ အိမ်ပြန်လာရင်း စိတ်ထဲ အုံ့ညြနေတာ ပေါ့လေ။ ဖခင်က ပုရစ်ရှာတဲ့ အဖော်အဖြစ် သူ့ကို ခေါ်ခဲ့တယ်။

ကီတီဟာ အလွန်ငိုလွယ်ရယ်လွယ်တဲ့ ကလေးတစ်ယောက် ကွယ့်။ တစ်ခါတုန်းကပေါ့။

သူ ငါးနှစ်ကလေးအရွယ်မှာ ဖခင်က အပြစ်တစ်ခုကြောင့် တုတ်ကို ကိုင်လိုက်ရင်ပဲ ကီတီကလေးဟာ ကြောက်ရှာလွန်းလို့ မျက်နှာဖြူ ရော်နေရောတဲ့။ ဒါကြောင့် ဖခင်ဟာ လက်ထဲကတုတ်ကို ပြန်ချလိုက် ရတယ်။

ကီတီကလေးဟာ ဖခင်ကို အလွန်ကြောက်ရွံ့တယ်။ ဖခင်ဖြစ်သူ ဟာ ၄၅–နှစ်အရွယ်ရှိပြီး ခြိုးခြံခြစ်ကုတ်စားသောက်နေထိုင်သူ ဖြစ်တယ်။

သူဟာ အသက်နှင့် နှိုင်းစာရင် ငါးနှစ်ဆယ်နှစ် ကလေးအရွယ် လောက် ငယ်နေသတဲ့။

www.burmeseclassic.com



မနှစ်က မိခင်ဖြစ်သူဟာ သူမြန်မြန်ကြီးထွားလာလိမ့်မယ်ထင်လို့ အင်္ကျီတစ်ထည်ချုပ်ပေးတာ ခုထိ ဖားဖားလျားလျား ရှည်နေဆဲ။

ကီတီရဲ့ သေးသေးသွယ်သွယ် လက်ချောင်းကလေးတွေဟာ ဦးခေါင်း၊ ပြုံးကျယ်နက်စင်းတဲ့မျက်လုံးအစုံ၊ မို့ဖောင်းနေတဲ့ ပါးအစုံတို့ထက် အမျိုးအစား ကွာခြားလွန်းနေသတဲ့။ သူဟာ ကလေးဆန်နေတုန်းပေါ့။ လမ်းလျှောက်တဲ့အခါမှာ ခြေချော်နေဆဲ၊ ခုန်ပေါက်နေဆဲကွယ်။

အစ်ကိုဖြစ်သူဟာ ဒီလိုအရွယ်မှာ မိခင်အတွက် အလွန်အကူအညီရပေမယ့် ကီတီကတော့ ဒီလိုမဟုတ်ခဲ့ဘူး။

အခု အစ်ကိုက ဆုံးရှာပြီလေ။ အစ်မဟာလည်း အခြားရွာမှာ အိမ်ထောင်ကျပြီး သားသမီးတွေနဲ့ ဖြစ်နေပြီပေါ့။

မိခင်က ကီတီကို အလိုလိုက်ခဲ့လို့ ဒီလိုဖြစ်နေတာပဲ။ မိခင်ဟာ ကျန်းမာသန်စွမ်းတယ်။ သန်သန်မှန်မှန် နေလေ့ရှိတယ်။ ကီတီက သူ့ကို ဆိုးနွဲ့လှည့်စားတဲ့အခါမှာသာ ပြုံးတတ်သတဲ့။

ကီတီရဲ့ အမူအရာ၊ ကီတီရဲ့အပြုံးဟာ ကလေးလိုပဲ။ ရယ်မောစရာတွေ့ရင် အလွန်သဘောကျတယ်၊ ငိုစရာတွေ့ရင် အလွန်ဝမ်းနည်းတယ်။

အခြားကလေးတွေက ပုရစ်ကိုချစ်သင့် ကီတီဟာ ပုရစ်တွေကို နှစ်သက်စွဲလမ်းတယ်။ ပုရစ်တွေရဲ့ ရွေ့လျားသွားလာဟန်ကို သူ အလွန်သဘောကျတယ်ကွယ့်။ ပုရစ်ရဲ့ ပါးစောင်ကြီးတွေ၊ ကြွေရောင်ချပ်ဝတ်တန်ဆာရှိတဲ့ ခြေလက်တွေလို အခြားအကောင်ကြီး သတ္တဝါတွေမှာ



ရှိမှမရှိတာကိုး။

သူတွေးမိတာက ဝက်တွေ၊ ခွေးတွေလို အကောင်ကြီးတွေမှာ ယွန်းချိပ်ရောင် ချပ်ဝတ်တန်ဆာမျိုး ရှိပါစေ။ ဟင့်အင်း ပုရစ်ကောင်နဲ့ နှိုင်းယှဉ်လို့ရမှာ မဟုတ်ဘူးတဲ့။

ကီတီ ငယ်ငယ်တုန်းကတည်းက ပုရစ်တွေကို စွဲလမ်းချစ်ခင်တယ်၊ ရွာမှာရှိတဲ့ ကလေးတွေ ကစားကြသလို ပုရစ်နဲ့ ဆော့ကစားတယ်၊ ပုရစ်မြည်သံ၊ ပုရစ်ခြေတံ၊ လက်တံ၊ ပုရစ်ဦးခေါင်းနဲ့ ပုရစ် ကိုယ်ထည်တွေကို သူ သဘောကျသတဲ့။

သူ့အခန်းမြောက်ဘက် ပြတင်းပေါက်က နောက်ဖေးခြံထိ မြင်နေတာဖြစ်လို့ အိပ်တဲ့အခါမှာ ပုရစ်မြည်သံကို ကြားနေရသတဲ့။ ပုရစ်မြည်သံက သူ့အဖို့ သာယာကြည်နူးဖွယ် ဂီတတစ်ခုပါပဲ၊ ပုရစ်ဟာ အသံသာတယ်၊ လှပတယ်၊ သန်မာတယ်လို့ ထင်မြင်နေသတဲ့။

သူဟာ ဆရာဆီက ကွန်ဖြူရှပ်နဲ့ မန်ဆီရှပ်တို့ အဆုံးအမကို သိခဲ့ရတယ်၊ သူ့ဆရာဟာ အခု သူ့ဖခင်ပါပဲ၊ ဒါပေမယ့် ကွန်ဖြူရှပ်နဲ့ မန်ဆီရှပ်ကို သူမေ့နေပြီလေ။ သူနားလည်မှတ်မိနေတာက ပုရစ်မြည်သံပဲ။

ပုရစ်တွေ ရောက်လာစေဖို့ ပြတင်းပေါက်အောက်ဆီမှာ ကျောက်တုံးတွေ ကျောက်ပြားတွေ စုပုံထားတယ်၊ ဒါကို လူကြီးတွေ နားလည်ကြမှာ မဟုတ်ဘူး။ သူ့ကို ချုပ်ချယ်ကြပ်မတ်တတ်တဲ့ ဖခင်လည်း မသိဘဲ ရှိမှာ သေချာတယ်။

ဒါပေမယ့် ဒီနေ့မှာ ပထမဆုံးအကြိမ် ဖခင်ဟာ ကီတီနဲ့အတူ

www.burmeseclassic.com

www.burmeseclassic.com



ပုရစ်နပန်းကောင်တွေကို ရှာဖို့ တောင်ပေါ်ဆီ အပြေးအလွှား ရောက်လာရပြီလေ။

ကိုတီ ခြောက်နှစ်အရွယ်က ကြုံခဲ့တာတစ်ခုရှိသေးရဲ့။ သူဟာ ကျောင်းခန်းထဲ ပုရစ်တစ်ကောင်ယူခဲ့တော့ ဆရာက သိတဲ့အခါ ပုရစ်ကို ခြေသတ်လိုက်သတဲ့။

ကိုတီဟာ အလွန်စိတ်ဆိုးပြီး ဆရာဖြစ်သူ ပြန်လှည့်သွားရင်ပဲ ထိုင်ခုံကထကာ ဆရာ့ကျောပေါ်ခွစီးရင်း သူ့လက်သီးဆုပ်သေးသေးနဲ့ တအားထုနှက်သတဲ့၊ အခြားကျောင်းသားတွေက ရယ်မောနေတာပေါ့၊ ဆရာဖြစ်သူဟာ သူ့ကို ကျောပေါ်က ဖယ်ချခဲ့ရတယ်။

အဲဒီနေ့ညနေက ဖခင်ဟာ ပုရစ်ဖမ်းဖို့ ဝါးတံရှည်တစ် ပိုက်တစ်ခုကို ခပ်မဆိတ် လုပ်နေတာကို တွေ့ရတယ်၊ ပုရစ်ဖမ်းတံကို ပြုလုပ်ပြီးတော့မှ ဖခင်က သူ့ကို ပြောလိုက်တယ်။

"ကိုတီရေ ဟိုနားက ဝါးကျည်တောက်ကို ယူခဲ့စမ်း၊ အဖေတို့ တောင်ဘက်ကုန်းဆီ သွားကြမယ်"

ဒီစကားဟာ ကျောင်းဆရာတစ်ယောက်အဖို့ ဂုဏ်သိက္ခာမရှိဘူးပေါ့၊ သူက ပုရစ်ဖမ်းဖို့ သွားမှာကိုး။

ဒါပေမယ့် ကိုတီက သဘောပေါက်တယ်လေ၊ သူဟာ ဖခင်နဲ့အတူ နှစ်သစ်ကူး ကျောင်းပိတ်ရင်တစ်ခုလို ထွက်လာခဲ့တယ်။

ကလေးတစ်ယောက်ရဲ့ ဆုတောင်းပြည့်ခဲ့သလို ဖြစ်နေရပြီပေါ့၊ ကိုတီဟာ ပုရစ်ဖမ်းဖို့ ထွက်ခဲ့တာ ဖြစ်ပေမယ့် သူက ပုရစ်ဖမ်းတံနဲ့ တစ်ခါမှ ပုရစ်ဖမ်းဖူးတာ မဟုတ်ဘူးကွယ်၊ သူ့ကို တောင်ဘက် ကုန်းဆီ



သွားခွင့်မပြုခဲ့ဘူးလေ။ တောင်ဘက်ကုန်းက တစ်မိုင်ခွဲလောက် ဝေးတယ်၊ အဲဒီမှာ ပုရစ်တွေ အများကြီးရှိတာကို သူသိနေသတဲ့။

ဇူလိုင်လဖြစ်လို့ အဲဒီနေ့က ပူပြင်းနေတယ်၊ ဖခင်နဲ့သားငယ်ဟာ လက်ထဲ ပုရစ်ဖမ်းတံကိုင်ပြီး တောင်ပေါ် ခြေသွားလမ်းအတိုင်း လာကြတယ်။

သူတို့ တောလမ်းက ဖြတ်လာတာပဲ၊ ချောင်းကလေးတွေ ကို ခုန်ကျော်ခဲ့ရတယ်။ ကျောက်ခဲတွေအောက်မှာ ရှာဖွေတယ်၊ ပုရစ်နပန်းကောင်ရဲ့ စူးရှကြည်လင်တဲ့ အသံကို နားစွင့်ရတယ်လေ။

သားအဖတို့ဟာ ပုရစ်နပန်းကောင်တွေကို မတွေ့သေးဘူးတဲ့၊ ဒါပေမယ့် သူတို့ဟာ ပုရစ်ဖမ်းဖော်တွေ ဖြစ်နေရပြီပေါ့ကွယ်။

ကိုတီအဖို့ ပျော်စရာကြီးပါပဲ။ စူးရှကျယ်လောင်တဲ့ ပုရစ်သံကို ကြားတဲ့အခါ ဖခင်ရဲ့ မျက်လုံးတွေ တောက်ပသွားတာကို သူ တွေ့လိုက်တယ်၊ ချုံပုတ်ထဲက ပုရစ်ကောင်ကို လက်လွှတ်သွားရတဲ့အခါ ဖခင်က ရေရွတ်တာကို သူကြားလိုက်တယ်။

သူတို့ အိမ်ပြန်လာတဲ့အခါ ဖခင်ဟာ လှပတဲ့ ပုရစ်နပန်းကောင်တစ်ကောင်ကို မရလိုက်လို့ တဖျစ်တောက်တောက် ရှိနေသတဲ့၊ ဖခင်ဟာ ပထမဆုံးအကြိမ် လူသားဆန်လာခဲ့ပြီလေ၊ ကိုတီဟာ ဖခင်ကို အရင်ကထက် ပိုချစ်လာသတဲ့။

ဖခင်က ဘာကြောင့် ပုရစ်ဖမ်းဖို့ ရုတ်တရက် စိတ်ဝင်စားလာသလဲဆိုတာ ရှင်းမပြသေးဘူး။ ကိုတီက တိတ်တဆိတ်ဝမ်းသာလှလို့ ရှိတာမို့ မေးမနေတော့ပါဘူး။

www.burmeseclassic.com



သူတို့ အိမ်ရောက်တဲ့အခါ မိခင်ဟာ တံခါးကရပ်ပြီး သူတို့ ထမင်းစားချိန်ကို စောင့်နေတယ်။

"ပုရစ်တွေရခဲ့လား"

မိခင်က သိလိုဇောနဲ့ မေးရင်ပဲ ဖခင်က စိတ်ပျက်လက်ပျက် ဖြေလိုက်တယ်။

"ဟင့်အင်း"

ကီတီအဖို့ အလွန်အံ့ဩစရာပဲ။ ညမှာ နှစ်ယောက်တည်းရှိ တုန်း ကီတီက မိခင်ကို မေးပါရော။

"မေမေရယ် ပြောစမ်းပါဦး။ ပုရစ်ကောင်တွေကို အဖေလဲ ချစ်သလား။ ကျွန်တော်က သားတစ်ယောက်ပဲ ပုရစ်တွေကို ချစ်တာလို့ ထင်နေတယ်"

"အင်း သူက ပုရစ်တွေကို မချစ်ဘူး။ ဒီပုရစ်တွေကို လိုချင်လို့ ဖမ်းနေတာ"

"ဘာကြောင့်လဲ၊ ဘယ်သူ့အတွက်လဲ"

"ဘုရင်မင်းကြီးအတွက်ပါပဲ၊ မင်းအဖေက ရွာသူကြီးမဟုတ် လား။ မြို့ဝန်မင်းဆီက ပုရစ်နပန်းကောင်တစ်ကောင် ဖမ်းပေးဖို့ အမိန့် ရောက်လာတယ်၊ ဘုရင်မင်းကြီးရဲ့ အမိန့်ကို ဘယ်သူမနာခံဘဲ နေဝံ့မှာ တုန်း"

ကီတီဟာ နားမလည်ဘဲရှိနေတယ်။

"ကျွန်တော် မရှင်းသေးဘူး"

"အမေလဲမသိဘူးကွယ်၊ ဒါပေမယ့် မင်းအဖေဟာ ဆယ်ရက်



အတွင်းမှာ သန်မာတဲ့ နပန်းကောင်တစ်ကောင်ကို မဖမ်းမိရင် ရွာသူကြီး နေရာကချပြီး အပြစ်ပေးခံရလိမ့်မယ်၊ အမေတို့က အလွန်ဆင်းရဲတာမို့ ငွေနဲ့ပေးမဝယ်နိုင်ဘူး။ တကယ်လို့ နပန်းကောင်ကို မရရင် သူထောင်ကျ လိမ့်မယ်"

ကီတီဟာ သိချင်မနေတော့လို့ ထပ်ပြီးမမေးဘဲ နေလိုက်တယ်၊ ဖခင်ဟာ ပုရစ်နပန်းကောင်ကို အရေးတကြီး လိုချင်နေမှန်း သူ သဘော ပေါက်ပြီကိုး။

အဲဒီအချိန်က နန်းတွင်းသူတွေဟာ ပုရစ်တိုက်ပွဲကို အလွန် ကြည့်ချင်တယ်။ အကြီးအကျယ် လောင်းတမ်းပြုတယ်။ နှစ်စဉ်ကျင်းပ တဲ့ ဆောင်းဦးလယ်ပုရစ်တိုက်ပွဲကို စောင့်မျှော်ကြတယ်။ ဒါဟာလဲ နန်းတော်မှာ ရှေးဟောင်းဓလေ့တစ်ခုပါပဲ။

ဂျစ်ခစ်ခန်စစ်တပ် ချီတက်လာချိန် နောက်ဆုံး ဆွန်မင်းဆက် မှာ ပုရစ်တိုက်ပွဲကို ပြုလုပ်ခဲ့တယ်။

မဗွတာချန်တို့ နေထိုင်တဲ့ ဂါယင်းအရပ်မှာ ပုရစ်နပန်းကောင် ရှိမှန်း မသိခဲ့ဘူး။ တစ်နှစ်ကျော်ကမှ မြို့ဝန်မင်းဟာ သန်မာတဲ့ နပန်း ကောင်ရှိမှန်းသိလို့ နန်းတော်ဆီပို့ပေးခဲ့တယ်။

မင်းသားတစ်ယောက်ကဆိုရင် ဆောင်းဦးလယ်ပုရစ်တိုက်ပွဲ အတွက် ဒီနယ်က နပန်းကောင်ကို ပေးပို့စေဖို့ အမိန့်စာရေးလိုက်သတဲ့။ ဒီမင်းသားရဲ့ ပုဂ္ဂလိက အမိန့်စာကြောင့် ဘုရင်မင်းကြီးကိုယ်တိုင် ပုရစ် တိုက်ပွဲ ဝါသနာအိုးကြီးဖြစ်ခဲ့ပြီး အရပ်သားတွေထိ စိတ်ဝင်စားလာ ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သန်မာတဲ့ နပန်းကောင်ရဲ့ တန်ဖိုးဟာလဲ တစ်ဟုန်ထိုးမြင့်လာတယ်။ နပန်းကောင်ကောင်း တစ်ကောင်အတွက် ငွေတစ်ရာအထိ တန်ဖိုးရှိလာတယ်။

အရပ်ထဲမှာ ပုရစ်တိုက်ပွဲဟာ ရွာသူရွာသားတို့ အနားယူချိန် ကစားပွဲတစ်ခုလို ဖြစ်လာတယ်။ နပန်းကောင်ကို ပိုင်ဆိုင်သူဟာ ဘယ်လိုပဲ ဈေးပေးဝယ်ပါစေ၊ သူ့ပုရစ်ကို မရောင်းချလိုဘူးတဲ့။

ရွာသူကြီးအရှိုဟာ အခွင့်ကောင်းယူပြီး ဘုရင်မင်းမြတ် အတွက် ပုရစ်ကောင်ဝယ်ဖို့ အကြောင်းပြကာ ရွာသားတွေအပေါ် မတရား ငွေတောင်းခံတယ်လေ။ ပုရစ်နပန်းကောင်ခွန်လို့ ပြောတယ်။

မစွတာချန်က ရွာသူရွာသားတွေဆီက ငွေအသပြာတစ်ရာနှစ်ရာလောက်ရနိုင်တာပေ့ါ။ ဒီငွေထဲက တစ်ဝက်ကို သူ့အတွက် အိတ်ထဲထည့်ပြီး တစ်ဝက်ကို မြို့မှာ ပုရစ်နပန်းကောင်တစ်ကောင် ဝယ်ရုံပဲ။

ဒါပေမယ့် သူဟာ ဒီလိုလူစားမျိုး မဟုတ်ဘူးကွယ့်။ ပုရစ်နပန်းကောင်ကိုဖမ်းဖို့ သူ့တာဝန်ဖြစ်တယ်။ ဒါကြောင့် သူကိုယ်တိုင် ဖမ်းဆီးသတဲ့။

ကီတီလည်း ဖခင်ရဲ့အလုပ်မှာ ပါဝင်နေရပြီ။ ဘာကြောင့်လဲဆိုတော့ သူကလေးဘဝက ပျော်ခဲ့တာကိုး။ အခုအချိန်မှာ ဂုဏ်ယူစရာဖြစ်နေတာကိုး။

သူက ဖခင်ရဲ့အမူအရာကို ကြည့်နေမိတယ်။

သူတို့ဟာ သစ်ပင်ရိပ်မှာ အနားယူပြီး ရှိနေခိုက် ဖခင်ဟာ ဆေးတံကို ထုတ်လိုက်တယ်။ ဆေးတံမှာ မီးစွဲလိုက်တယ်။ ဆေးတံက



မီးခိုးကိုမှုတ်ရင်း သူ့မျက်လုံးအစုံဟာ လှုပ်ရှားနေသလို ထင်ရတယ်။

ဖခင်ဟာ တစ်စုံတစ်ခုကို ပြောချင်သလိုလို ရှိပေမယ့် ဆိတ်ဆိတ်နေပြီး ဆေးတံကိုသာ ခဲနေသတဲ့။ ပါးစပ်ဟလိုက် ဆေးတံမီးခိုး ထုတ်လိုက်ရှိတာပေ့ါလေ။ နောက်ဆုံးမှာ မျက်နှာမလှုံမလဲနဲ့ ဆိုတယ်ကွယ့်။

"ကီတီရယ် အဖေ့အတွက် ပုရစ်နပန်းကောင်တစ်ကောင် ဖမ်းပေးနိုင်ပါ့မလား။ နပန်းကောင်က သိပ်တန်ဖိုးကြီးတယ်ကွယ့်"

"တန်ဖိုးဘယ်လောက်ရှိသလဲ ဖေဖေ"

"သားကို ပြောပြမယ်ကွယ့်၊ ဆောင်းဦးလယ်ချိန်ဆို နန်းတော်မှာ ပုရစ်တိုက်ပွဲ ကျင်းပတယ်၊ ပုရစ်တိုက်ပွဲမှာ အနိုင်ရရင် ဘုရင်မင်းမြတ်က ဆုတော်ငွေ အများကြီးပေးတယ်"

"တကယ်ပဲလား ဖေဖေ၊ ဘုရင်မင်းမြတ်ကိုယ်တိုင် ပေးတာပဲလား၊ သူလဲ ပုရစ်ကို ချစ်သလား"

ကီတီက သိလိုဇောနဲ့ မေးတာကို ဖခင်ဟာ နှုတ်ခမ်းက "ဟုတ်တယ်"လို့ ခပ်ရှက်ရှက် ဖြေလိုက်တယ်။

ကီတီ စိတ်အားထက်သန်နေတယ်။

"ဟန်ကျတာပဲဖေဖေ၊ ကျွန်တော်တို့ သန်မာတဲ့ နပန်းကောင်တစ်ကောင်ဖမ်းပြီး ဆုငွေကိုရအောင် ပုရစ်တိုက်ပွဲမှာ အနိုင်တိုက်ရလိမ့်မယ်၊ ဘုရင်မင်းမြတ်ဆီ အဖေသွားတွေ့လိုက်ရသလား"

"ဟင့်အင်း အဲဒီ ပုရစ်နပန်းကောင်ကို မြို့ဝန်မင်းကတစ်ဆင့် ပေးပို့ရမှာကွယ့်၊ သန်မာတဲ့ နပန်းကောင်ဆိုရင် သူက ဘုရင်မင်းမြတ်ဆီ ပေးပို့မှာပဲ၊ ဒီတော့ ဟန်ကျတာပေ့ါ၊ ပုရစ်တိုက်ပွဲမှာနိုင်ခဲ့ရင် ဆုတွေ

www.burmeseclassic.com

www.burmeseclassic.com



အများကြီးရတယ်လေ''

''အဖေရယ် ပုရစ်နပန်းကောင်တစ်ကောင် ရအောင်ဖမ်းမယ် ဒါဆို ကျွန်တော်တို့ ချမ်းသာပြီပေါ့''

ကီတီဟာ ပုရစ်ကောင်တွေအကြောင်းကို သိထားတယ်။ သူ့ဆီက အကူအညီရမှာမို့ ဖခင်ဟာ ဝမ်းသာနေမိတယ်။

သုံးရက်ကြာခဲ့ပြီ။ သူတို့ဟာ ပုရစ်နပန်းကောင်ကို ရှာမတွေ့ဘူး။ စတုတ္ထမြောက်နေ့မှာတော့ ကုသိုလ်ကံကောင်းလာပြီပေါ့။

သူတို့ဟာ တောင်ကုန်းထိပ်ဆီတက်ခဲ့ပြီး တစ်ဖက်ကို ဆင်းသွားတော့ သစ်တောတစ်ခုဆီ ရောက်တယ်။ တောကထူတယ်။ ချုံပုတ်တွေရှိတယ်။ တောင်ခြေမှာ ရှေးဟောင်းက အုတ်ဂူတွေကို တွေ့တယ်။

အုတ်ဂူတွေက ပေငါးဆယ်အထိ ကျယ်တယ်။ ထင်ထင်ရှားရှား ရှိနေတယ်။ ဒီအုတ်ဂူတွေမှာ ပုရစ်ကောင်တွေ ရှာတွေ့မှာကို ကီတီသိနေတယ်။ ဘာကြောင့်လဲဆိုတော့ မြေကြီးက အဝါရောင်ရှိတာကိုး။

မျောင်းကလေးအတိုင်း လျှောက်သွားတဲ့အခါ ကျောက်ပြားတွေစိုက်ထူထားတဲ့နေရာဆီ ရောက်လာတယ်။ အုတ်ဂူတစ်ခုရဲ့ ပတ်လည်မှာ ကျောက်ပြားတွေရှိတယ်။

သူတို့ထင်သလိုပါပဲ။ ဖွလိုင်ညနေခင်းမှာ ပုရစ်မြည်သံတွေ ထွက်ပေါ်လျက်ရှိသည်။ အကောင်က မနည်းလှဘူးကွယ့်။ သူတို့ဟာ သံပြိုင်မြည်နေကြတယ်။

ကီတီဟာ သတိထားလျက်ရှိတယ်။ ဖားတစ်ကောင်က သူ့ခြေအနီးက ရုတ်တရက်ခုန်လိုက်ပြီး တွင်းတစ်ခုထဲ ဝင်သွားတယ်လေ။ သူ



ရပ်နေတာက မြင်ခင်းပေါ်မှာပဲ။ ဖားခုန်လိုက်လို့ ပုရစ်တွေ ခုန်ပြီးထွက်လာရော။

ပုရစ်ကြီးတစ်ကောင်ဟာ ကျောက်ပြားတွေအနီး တွင်းတစ်ခုထဲ ဝှက်နေတယ်။

ဖခင်နဲ့သားဟာ မြေမှာဝပ်ပြီး ပုရစ်သံကို နားစွင့်လိုက်တယ်။ ကီတီဟာ မြက်တစ်စကိုနှုတ်ပြီး တွင်းထဲထည့်လိုက်တော့ ပုရစ်မြည်သံရပ်သွားတယ်၊ တွင်းထဲမှာ နပန်းကောင်ရှိနေတာ သေချာပြီလေ။

ဒါပေမယ့် တွင်းထဲကို လက်နှိုက်ဖို့ မလွယ်လှဘူး၊ ဖခင်ဟာ ဆေးတံမီးခိုးနဲ့ မှုတ်လိုက်တယ်၊ ပုရစ်ထွက်မလာဘူး၊ ကီတီဟာ ရေခပ်ပြီး တွင်းထဲလောင်းလိုက်တယ်၊ ဖခင်က ပုရစ်ဖမ်းတံကို တွင်းဝမှာ အဆင်သင့် ကိုင်ထားတာပေါ့။

ခဏအကြာမှာ ပုရစ်ကောင်ဟာ သူတို့ရဲ့ ပိုက်ကွန်ထဲဝင်ခဲ့တယ်၊ ပုရစ်ကောင်ဟာ လှပပြီး လည်ပင်းနက်လို့ခေါ်တဲ့ ပုရစ်နပန်းကောင် ဖြစ်နေသတဲ့။

လည်ရစ်နက်ပုရစ် နပန်းကောင်က ပါးစောင်ကျယ်တယ်၊ ကိုယ်ထည်ရှည်တယ်၊ ခြေထောက်သန်တယ်၊ နီညိုရောင် အဆင်းရှိတယ်၊ သူတို့ ကြိုးစားခဲ့ကြလို့ ပုရစ်နပန်းကောင်ကို ရခဲ့ပြီပေါ့။

အိမ်ကို ပျော်ရွှင်လျက် ပြန်ခဲ့တယ်၊ နပန်းကောင်ကို အခွေ အခန်းထဲက စားပွဲပေါ်မှာ မြေအိုးတစ်ခုထဲ ထည့်ထားလိုက်တယ်၊ မြေအိုး အပေါ်မှာ ကြေးဆန်ခါနဲ့ သေသေချာချာ ဖုံးလိုက်တယ်။

မနက်ဖြန်မှာ မစ္စတာချန်ဟာ ပုရစ်နပန်းကောင်ကို မြို့ဝန်ဆီ

www.burmeseclassic.com

www.burmeseclassic.com



သွားမပေးခင် အိမ်အနီးအနားက ကြောင်တွေကို စောင့်ကြည့်နေဖို့ ဇို
သည်ကို ပြောသတဲ့၊ ပုရစ်ကောင်ကို ဝက်သစ်ချဟင်းနဲ့ ကျွေးဖို့ ပြောခဲ့
တယ်။ သူ အပြင်သွားနေတုန်း ဘယ်သူမှ မြေကရားကို မကိုင်ကြဘူး
ကွယ့်။

ကီတီအဖို့ ဘယ်လိုပျော်မှန်း မသိနိုင်တော့ပါဘူး။ သူဟာ အခန်း
ထဲဝင်ပြီး ပုရစ်မြည်သံကို နားမထောင်ဘဲ မအောင့်အည်းနိုင်အောင် ဖြစ်နေ
တယ်၊ မြေအိုးပိုပဲ မျက်စိက မခွာတမ်း ကြည့်နေတာပေါ့။

ဝမ်းနည်းစရာတစ်ခု ဖြစ်ရပြီပေါ့၊ ကရားထဲမှာ အသံမကြားဘဲ
အတော်ကြာနေခဲ့တယ်၊ ကီတီက တီးခေါက်ကြည့်လိုက်တယ်၊ အထဲမှာ
လှုပ်ရှားမှု မတွေ့ရဘူးကွယ့်။

ပုရစ်ကောင် ထွက်ပြေးဟန်ရှိတယ်၊ ကရားထဲ မှောင်နေလို့
မမြင်တွေ့ဘူးလေ၊ ဒါကြောင့် သူဟာ ပြတင်းပေါက်အနီး ယူခဲ့ပြီး ဖုံး
ထားတဲ့ ဆန်ခါကြားကို ဖြည်းဖြည်း ဖယ်ကြည့်လိုက်တဲ့အခါ နပန်းကောင်
ထွက်ပြေးသွားပါရော။

ကီတီဟာ မျက်နှာဖြူရောက်သွားသတဲ့၊ နှုတ်ခမ်းပါ ဖြူရော်
နေတယ်၊ ပူပင်ရပြီလေ။ ပုရစ်တိုက်ပွဲမှာ ဆုရဖို့ အားကိုးရမယ့် နပန်း
ကောင်ကို သူသတ်လိုက်မိတယ်။

မိခင်က အပြစ်တင်နေရော "မင်းကြောင့် ကြွေးတင်ကျွန်ခံ
ဖြစ်ရတော့မယ်၊ ဖေဖေပြန်လာရင် ဘာလုပ်မလဲ မသိနိုင်ဘူး။ မင်းကို
သေအောင်ရိုက်လိမ့်မယ်"

ကီတီရဲ့ မျက်နှာဟာ တကယ်ပဲ ဖြူဖပ်ဖြူရော် ဖြစ်နေတာပေါ့



၅

နောက်ဆုံးမှာ မျက်ရည် တောက်တောက်ကျပြီး အိမ်ကထွက်ပြေးခဲ့တယ်။
ထမင်းစားချိန်ထိ သူပြန်မလာဘူး။

ဖခင် အိမ်ရောက်တဲ့အခါ စိတ်လည်းဆိုး ဒေါသလည်းဖြစ်နဲ့
ရိုက်ဖို့ ကြိမ်းဝါးတယ်။

ကီတီဟာ အိမ်မပြန်ဝံ့ပေမယ့် သူ့ဗိုက်ဆာတဲ့အခါ ရောက်လာလိမ့်
မယ်လို့ ထင်နေတယ်။

ဆယ်နာရီထိုးတဲ့အထိ ကီတီရဲ့ အရိပ်အယောင်ကို မတွေ့ဘူး။
တွေရဲ့ ဒေါသဟာ သူ့အတွက် စိုးရိမ်စိတ်အဖြစ် ပြောင်းလဲရပြီပေါ့။

သူတို့ဟာ မီးအိမ်ကို ဆွဲပြီး ညအမှောင်မှာ လိုက်ရှာသတဲ့။
သန်းခေါင်ချိန်ရောက်မှ ရေတွင်းထဲ ကီတီကိုတွေ့လိုက်တယ်။

ရေတွင်းက တိမ်ပေမယ့် သူ့ တစ်ကိုယ်လုံး ရွှံ့ဗွက်နေသတဲ့။ ကီတီ
ကို ခြောက်သွေ့အောင်လုပ်ပြီး အဝတ်ပတ်စည်းတယ်၊ အိပ်နေစေတယ်၊
သူ့ အသက်မျှင်းမျှင်းရှူနေတာကြောင့် အသက်ရှိမှန်းသိကာ ဝမ်းသာကြ
သတဲ့။

ကီတီဟာ တစ်နေ့လုံးလုံး သတိမရဘဲ နေတော့ သူတို့အလွန်စိုး
ရိမ်ရပြီလေ။ သူ့အသက်ဟာ သေမင်းနှုတ်ခမ်းဝဆီ ရောက်နေသလို ရှိ
တာပေါ့။

ညနေချိန်ရောက်မှ သူဟာ အိပ်ရာက ညည်းတွားရင်း ပြော
လိုက်တယ်။

"နပန်းပိုလ်လည်ရစ်နက်ကို ငါသတ်လိုက်မိတယ်"

နောက်တစ်နေ့ နံနက်မှာ ကီတီဟာ ဆန်ပြုတ်နည်းနည်း

www.burmeseclassic.com



နေစမ်းပါ မကြာခင် သားနေကောင်းသွားလိမ့်မယ်''

မိသားစု ပြန်လည်ပျော်ရွှင်ကြပြီပေါ့၊ ကီတီဟာလည်း ခံတွင်းကောင်းလာတယ်၊ ပေါင်နှစ်ဘက်ကို ကိုက်ခဲတာလောက်ပဲ ညည်းရှာသတဲ့။

''ပေါင်ကိုက်တာ အတော်ကို ထူးဆန်းတယ်''

''ဟုတ်တယ် အဖေရယ်၊ ကျွန်တော်ဟာ မိုင်တစ်ထောင်လောက် ပြေးခဲ့သလို ကိုက်ခဲပါတယ်''

တစ်နေ့မှာ ကီတီအိပ်ရာထပြီး လမ်းနည်းနည်းလျှောက်လို့ ရသတဲ့၊ တတိယမြောက်နေ့မှာ မိခင်ရယ်၊ ဖခင်ရယ်၊ ကီတီရယ် သူတို့ဟာ ဝက်သစ်ချဟင်းနဲ့ ညစာစားအပြီး မီးအိမ်အနီးမှာ ထိုင်ကြတယ်။

ကီတီက အမှတ်မထင် ပြောလိုက်တယ်။

''ကျွန်တော် နန်းတော်မှာ ဒီလိုဝက်သစ်ချဟင်းကို စားခဲ့ရတယ်''

''ဘယ်မှာတုန်း''

ကီတီက ပြောသာပြောပေမယ့် သူ့စကားဟာ မိဘနှစ်ပါးအဖို့ ထူးဆန်းနေမှန်း သိမနေဘူးပေါ့။

''ဘုရင်မင်းမြတ်ရဲ့ စားတော်ပွဲမှာပါ''

''သား အိပ်မက်မက်တာ ဖြစ်လိမ့်မယ်''

''မဟုတ်ဘူး အမေရယ်၊ ကျွန်တော် နန်းတော်ကို ရောက်ခဲ့တယ်၊ ရွှေလှောင်ချိုင့်ထဲက ကျွန်တော်ထွက်လာတော့ အနီရောင်၊ အပြာရောင်၊ ရွှေရောင်ဝတ်ဆင်ထားတဲ့ နန်းတွင်းသူကို မြင်တွေ့တယ်''

''သား နေမကောင်းဖြစ်တုန်းက အိပ်မက်ထဲ မြင်တွေ့ခဲ့သလား''



''မဟုတ်ဘူး၊ ကျွန်တော် နန်းတော်ဆီ တကယ်ရောက်ခဲ့တာပါ မေမေ''

''ဘာများ တွေ့ခဲ့သတုန်း''

''မုတ်ဆိတ်ရှည်ရှည် လူတွေကို တွေ့ခဲ့တာပေါ့၊ လူတစ်ယောက်က ဘုရင်မင်းမြတ်ဖြစ်လိမ့်မယ်၊ သူတို့ဟာ ကျွန်တော့်ကို ကြည့်ဖို့လာကြတယ်၊ ကျွန်တော်က အဖေ့ကိုပဲ သတိရမိတယ်၊ ကျွန်တော် အနိုင်ရလိမ့်မယ်လို့လည်း တွက်ထားတယ်၊ ရွှေလှောင်ချိုင့်ထဲက ထွက်လိုက်ရင်ပဲ အကောင်ကြီးတစ်ကောင်ကို တွေ့တာပေါ့၊ သူ့မှာ အာရုံခံ အမွေးရှည်ရှိလို့ ကျွန်တော် ကြောက်သွားတယ်၊ ပုရစ်တိုက်ပွဲစပြီလေ။

တစ်ညပြီးတစ်ည ကျွန်တော်ယှဉ်ပြိုင်ခဲ့တယ်၊ ကျွန်တော်က အဖေ့အတွက် အနိုင်တိုက်ဖို့တစ်ခုပဲ ဆုံးဖြတ်ထားတယ်၊ နောက်ဆုံးညမှာ ဦးခေါင်းနီ တစ်ကောင်ကို ယှဉ်ပြိုင်ရတယ်၊ သူ့ကိုကြည့်ရတာ ကြောက်ဖို့အလွန်ကောင်းပေမယ့် ကျွန်တော် မမှုပါဘူး။သူ့ဆီ ကျွန်တော် ရင်ဆိုင်တယ်၊ သူ ရောက်လာတဲ့အခါမှာ ရှောင်လိုက်တယ်၊ ကျွန်တော်က သန်မာတယ်၊ သတ္တိရှိတယ်၊ လျင်မြန်တယ်၊ သူ့ အမြီးကို ကျွန်တော် ကိုက်ခဲလိုက်တယ်၊ ရှေ့ခြေထောက်တစ်ခုကိုလည်း ကိုက်ပစ်လိုက်တယ်။

သူဟာ သွေးရူးသွေးတန်းနဲ့ ကျွန်တော့်ဆီ တစ်ဟုန်တိုးဝင်လာတယ်။ ဒီတစ်ခါတော့ ကျွန်တော်သေပြီလို့ ထင်ပေမယ့် တစ်နေရာကို ပြန်တိုက်ခိုက်လိုက်တာကြောင့် သူဟန်ပျက်နေပြီး မျက်စိက သွေးတွေစီးကျလာတယ်၊ သူ့လည်ကုပ်ကို ကျွန်တော်ခဲပြီး ပွဲသိမ်းလိုက်တာပဲ''

မိဘနှစ်ပါးဟာ ကီတီပြောပြတာကို ဆိတ်ဆိတ်နားထောင်လျှက်

www.burmeseclassic.com

www.burmeseclassic.com



သောက်တယ်၊ ဒါပေမယ့် သူဟာ ပြောင်းလဲသွားတဲ့ကလေးတစ်ယောက် ဖြစ်နေတာပေါ့။

သူ့ဘဝဟာ ကိုယ်ထဲက ထွက်ခွာသွားသလိုပဲ။ အဖေနဲ့ အမေကို မှတ်မိမနေဘူး။ သတင်းသိရလို့ ရောက်လာတဲ့ အစ်မကိုလည်း မှတ်မိဟန်မတူဘူး။

ကီတီ အသက်ရှင်ဖို့ ရှိတာကြောင့်၊ ဝမ်းသာစရာပဲ၊ သူ တဖြည်းဖြည်း နေကောင်းလာလိမ့်မယ်၊ မစ္စတာချိန်ဟာ အခြားနပန်းကောင်ရှာဖို့ လေးရက်အချိန်ရှိဆဲ ဖြစ်တယ်၊ နပန်းကောင်ရလိမ့်မယ်လို့ မရေမရာ မျှော်လင့်မိတယ်၊ တကယ်လို့ ရခဲ့ရင် ကီတီကို ပြလိုက်မယ်။ ဒါဆို သူ နေကောင်းသွားလိမ့်မယ်။

ရှေးဟောင်း အုတ်ဂူနားမှာ ပုရစ်ကောင်တွေ အတော်များများ ရှိတယ်၊ သူဟာ အိပ်မရဘဲ နေရင်း အရုဏ်တက်ချိန်မှာ ပုရစ်မြည်သံကို ကြားလိုက်သတဲ့။

အိပ်ထဲမှာဖြစ်လို့ သူဟာ မီးဖိုခန်းထဲကြည့်တယ်၊ မီးဖိုခန်းနံရံမှာ ပုရစ်ကလေးတစ်ကောင် ရှိနေတာပေါ့။

အခုအချိန်မှာ ထူးဆန်းဖွယ် ကြုံလာတယ်။

ဖခင်ဟာ ပုရစ်ကလေးကို ရပ်ကြည့်နေခိုက် သင်းဟာ အသံကျယ်သလောက် အကောင်သေးသေးရယ်၊ အသုံးကျမှာ မဟုတ်ဘူးလို့ တွေးနေသတဲ့၊ ဒါပေမယ့် ပုရစ်ကလေးဟာ သုံးခါအသံမြည်ပြီးနောက် သူ့ အင်္ကျီလက်မှာ လာနားလိုက်သတဲ့။

ပုရစ်ကလေးက ဖမ်းယူပါတော့လို့ ပြောနေသလို ထင်ရတယ်လေ။



ဖခင်ဟာ ဖမ်းယူလိုက်ကာ သေသေချာချာကြည့်တဲ့အခါ လည်ဆံရှည်ရှည်၊ တောင်ပံမှာ ပန်းပွင့်သဏ္ဌာန်ရှိနေတယ်၊ သန်မာတဲ့ နပန်းကောင်လိုရှိပေမယ့် အကောင်က သေးလှသကိုး။ သူ့ကို မြို့ဝန်မင်းဆီ ပို့ဖို့ မဝံ့ဘူးပေါ့။

အိမ်အနီးမှာဆို လူရွယ်တစ်ယောက်ရဲ့ နပန်းဗိုလ်တစ်ကောင် ရှိသတဲ့၊ ဒါနဲ့ မစ္စတာချန်ရဲ့ အိမ်ကိုလာပြီး သူ့ပုရစ်ကို ရောင်းချင်ကြောင်း ဆိုသတဲ့။

မစ္စတာချန်က ပုရစ်တိုက်ဖို့ ပြောတဲ့အခါ လူငယ်က ပုရစ်ကလေးကို တစ်ချက်ကြည့်လိုက်ပြီး ပါးစပ်ပိတ်လိုက်တာ ရယ်တာပေါ့လေ၊ ပုရစ်နှစ်ကောင်ကို ချိုင့်ထဲထားလိုက်ပြီကွယ့် ချန်ဟာ သူ့ပုရစ်အတွက် ရှက်ပြီး ပြန်ယူချင်နေသတဲ့။

လူငယ်က သူ့ပုရစ်ရဲ့ အစွမ်းကိုပြဖို့ ပုရစ်တိုက်ချင်နေတာပေါ့၊ ချန်ဟာ ပုရစ်ကလေး သေသွားရင်ဖြစ်ဖြစ် ကျိုးပဲ့သွားရင်ပဲဖြစ်ဖြစ်၊ ကြောက်ရွံ့ ရှုံးသွားရင်ပဲဖြစ်ဖြစ် သိပ်ကြီးကြီး ကျယ်ကျယ် ဖြစ်စရာ မဟုတ်ဘူးလို့ စဉ်းစားနေရဲ့။

ပုရစ်နှစ်ကောင်ဟာ ပန်းကန်ခွက်ထဲမှာ မျက်နှာချင်းဆိုင် ရပ်နေကြပြီ။ အကောင်ကြီးက ကိုက်ဖို့ ပါးစပ်ဟတဲ့အခါမှာ အကောင်ငယ်လေးဟာ ငြိမ်နေသတဲ့။

လူငယ်က ခြောက်လိုက်တယ်၊ ချက်ချင်းပါပဲ အကောင်ငယ်ကလေးဟာ တစ်မုဟုတ်ချင်း လှုပ်ရှားကာ ခုန်အုပ်လိုက်တယ်၊ ပုရစ်နှစ်

www.burmeseclassic.com



ကောင် လုံးထွေးနေကြပြီပေါ့၊ ခဏအတွင်းမှာ ပုရစ်ကလေးဟာ အမြီးကိုချကာ အာရုံခံအမွေးနှစ်ခုကို ထောင်လိုက်တယ်၊ အရှိန်နဲ့ခုန်ကာ တစ်ဘက်ရန်သူရဲ့ ကုပ်မှာကိုက်ခဲလိုက်တယ်။

လူငယ်ဟာ လှောင်ချိုင့်ကို ချင်ချင်းမပြီး သူ့ပုရစ်ကို ကယ်ဖို့ တိုက်ပွဲရပ်လိုက်သတဲ့၊ ပုရစ်ကလေးဟာ ဦးခေါင်းကို ထောင်ရင်း အောင်နိုင်တဲ့ စစ်သူကြီးလို အော်မြည်နေတာပေါ့။

ချိန်ဟာ အလွန်အံ့ဩကျေနပ်မိတယ်၊ ပုရစ်ကလေးကို ချီးမွမ်းနေတုန်း သူ့မိသားစုနဲ့အတူ ကြက်ဖတစ်ကောင် ရောက်လာတာကို တွေ့လိုက်ရတဲ့၊ သူ့ကို အမှတ်တမဲ့ပဲ ရှိုကြတယ်လေ။

ပုရစ်ကလေး ခုန်ပြေးလို့ ကြက်ဖက လိုက်ဖမ်းသတဲ့၊ ပုရစ်ကလေးဟာ မြန်လှတာကိုး။

သူ့ကို ပျောက်ဆုံးပြီလို့ ထင်ခဲ့တယ်။ အဲဒီ အချိန်မှာ ကြက်ဖဟာ ဦးခေါင်းကို မနားတမ်း ခါနေတာပေါ့။ သူ့ရဲ့ကုပ်မှာ ပုရစ်ကလေးကို တွေ့လိုက်ရပြီကွယ်။

ပုရစ်ကလေးဟာ သူ့လည်ကုပ်မှာ နားပြီး ဒုက္ခပေးတာလို့ ထင်ရဖွယ်ရှိတယ်။

အခုဆို ပုရစ်ကလေးရဲ့ အစွမ်းကို သိရပြီလေ။ ချန်ဟာ မြို့ဝန်မင်းဆီ ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ပုရစ်ကလေးအကြောင်းကိုလည်း ပြောပြလိုက်တယ်။

မြို့ဝန်မင်းက အယုံလွယ်သူမှ မဟုတ်ဘဲ။

သူဟာ ကြက်ဖတစ်ကောင်နဲ့ စမ်းကြည့်ပြန်တယ်။



ပန်းပွင့်တောင်ပံပါတဲ့ ပုရစ်ကလေးဟာ သူ့ရဲ့ နည်းပရိယာယ် အတိုင်း ကြက်ဖရဲ့ လည်ကုပ်မှာ ရှိနေသတဲ့၊ လူတွေအားလုံးက အံ့ဩနေကြတာပေါ့။

ပုရစ်ကလေးကို သဘောကျသွားပြီး မြို့ဝန်မင်းဟာ ကြေးလှောင်ချိုင့်ထဲသွင်းကာ ဘုရင်မင်းမြတ်ဆီ ပို့စေလိုက်တယ်။

တစ်ခုသော ပုရစ်က သားအတွက် နာမကျန်းဖြစ်စေသလို အခြားပုရစ်တစ်ကောင်က သားရဲ့ဝေဒနာကို ကုသနိုင်မှာပဲလေ၊ ကျေးခင်မြို့က ပုရစ်တိုက်ပွဲမှာ ပုရစ်ကလေး အနိုင်ရနေတဲ့သတင်း ကြားသိတော့ သူအားတက်မိတယ်။

နန်းတွင်းပုရစ်တိုက်ပွဲမှာ ဘယ်သူဗိုလ်စွဲမလဲဆိုတာ သိရဖို့ တစ်လကြာမှာဖြစ်တယ်။

ပုရစ်ကလေးရဲ့ ဉာဏ်ကျယ်ပုံကို သိတော့ ကီတီရဲ့အမေက ခင်ပွန်းကို ပြောသတဲ့။

"ပုရစ်ကလေး တိုက်ကွက်ဟာ ကီတီစိတ်ဆိုးပြီး သူ့ဆရာ ကျောပေါ်ခွစီးရင်း လက်သီးဆုပ်နဲ့ ထုနှက်သလိုပဲနော်"

ကီတီဟာ အဖျားတက် မပျောက်ဘဲရှိတယ်၊ အိပ်ရာမှာလဲပြီး အချိန်ကြာလာတော့ မိခင်က ဖွန်းနဲ့ အစာခွံ့ကျွေးတယ်၊ ပထမရက်တွေမှာ သူတောင့်တင်းပြီး ချွေးစီးတွေ ထွက်လာသတဲ့။

ဆေးဆရာ ရောက်လာပြန်တယ်။ လူနာရဲ့ လက္ခဏာကိုတွေ့တဲ့အခါ အကြောက်လွန်ပြီး သည်းခြေပျက်တာလို့ ဆိုတယ်။ သုံးရက်အကြာမှာ ကီတီဟာ အပြင်းအထန် ကိုယ်ပူလာပြန်တယ်။ အဲဒီနောက် သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက် နေကောင်းပြီးရှိတယ်။

သူက မိခင်ကို စကားပြောတဲ့အခါ ရယ်မောပြောဆိုနိုင်တယ်၊ မျက်လုံးအစုံက ငေးတွေ့နေဆဲပေါ့။

"ကျွန်တော်နိုင်တယ်"

"ဘာကိုနိုင်တာလဲ"

"ကျွန်တော်နိုင်တယ်"

"ဘာကိုနိုင်တာလဲကွယ်"

သူဟာ ကယောင်ကတမ်း ဖြစ်နေသလိုပဲ။

"ဘာကို နိုင်သလဲဆိုတာ မသိဘူး၊ ကျွန်တော်ဗိုလ်စွဲမှာ သေချာတယ်"

အဲဒီနောက် သူ့ဝိဉာဉ်ဟာ ထွက်သွားပြန်သတဲ့။ သူဟာ လဝက်မျှ မိန်းမောအိပ်ပျော်နေတာပေါ့။

အရုဏ်တက်ချိန် ဩဂုတ်လ ဆယ့်ရှစ်ရက်မနက်မှာ မိခင်ဖြစ်သူဟာ ကီတီရဲ့ ခေါ်သံကို ကြားလိုက်တယ်။

"အမေ ကျွန်တော် ဗိုက်ဆာတယ်"

ဒါဟာ သူ နေမကောင်းဖြစ်ပြီးနောက် ပထမဆုံး အကြိမ် မိခင်ကို ပြောလိုက်တာပဲ၊ အမေဖြစ်သူလည်း အိပ်ရာက ချက်ချင်းထကာ ခင်ပွန်းကို အော်ခေါ်လိုက်တယ်။ သူတို့နှစ်ယောက် ၂တူ သားဆီ သွားတွေ့တယ်။

"အမေ ကျွန်တော်ဗိုက်ဆာတယ်"

မိခင်ဟာ မျက်ရည်ကို အကျိုအောက်စနဲ့ သုတ်ကာဆိုသတဲ့။



"သားလေး နေကောင်းပြီလားကွယ်"

ဖခင်ကလည်း မေးသတဲ့။

"ဘယ်လိုနေသေးသလဲ သားရယ်"

"ကျွန်တော် နေကောင်းပြီ အဖေ"

"မင်း အိပ်ပျော်နေတာ အတော်ကြာခဲ့တယ်"

"ဟုတ်လား ဖေဖေ၊ ဘယ်လောက်ကြာသလဲဟင်"

"သုံးပတ်လောက် ကြာတယ်၊ အဖေတို့မှာ စိတ်ပူနေရတာပေါ့"

"ဒီလောက်ကြာအောင် အိပ်ပျော်ခဲ့တာ ကျွန်တော်ဘာမှ သိမနေပါလား၊ နပန်းကောင်ကို ကျွန်တော် သတ်ဖို့မကြံရွယ်ခဲ့ဘူး၊ အဖေ့အတွက် သူ့ကိုလိုက်ဖမ်းပေးတာပဲ"

ကီတီရဲ့စကားဟာ နဂိုအတိုင်းဖြစ်နေတယ်။ သူ့ကိုယ်သူ အဲဒီအဖြစ်အပျက်ဟာ မနေ့ကလို ထင်နေတာကိုး။

ဖခင်က ဆိုလိုက်တယ်။

"မစိုးရိမ်နဲ့ ကီတီရယ်၊ သား နေမကောင်းဖြစ်နေတုန်း အဖေဟာ ပိုပြီးသန်မာတဲ့ နပန်းကောင်ကို ဖမ်းမိခဲ့တယ်၊ အဲဒီအကောင်က အရွယ်သေးပေမယ့် တကယ်တော်တဲ့ နပန်းကောင်ပဲ၊ မြို့ဝန်က သူ့ကို လက်ခံပြီး ဘုရင်မင်းမြတ်ဆီ ပို့လိုက်တယ်၊ သူဟာ ပွဲတိုင်းအနိုင်ရတာပဲ"

"ဒါဆို ကျွန်တော့်ကို အဖေ ခွင့်လွှတ်တယ်နော်"

"ခွင့်လွှတ်ပါတယ်၊ ဒါကို တွေးမနေပါနဲ့သားရယ်၊ အခု သတ္တိကောင်းလှတဲ့ ပုရစ်ကလေးကလေးဟာ ဗိုလ်စွဲအနိုင်ရပြီ၊ စိတ်အေးအေး

www.burmeseclassic.com

www.burmeseclassic.com



နေစမ်းပါ မကြာခင် သားနေကောင်းသွားလိမ့်မယ်''

မိသားစု ပြန်လည်ပျော်ရွှင်ကြပြီပေါ့၊ ကိုတီဟာလည်း ခံတွင်းကောင်းလာတယ်၊ ပေါင်နှစ်ဘက်ကို ကိုက်ခဲတာလောက်ပဲ ညည်းရှာသတဲ့။

''ပေါင်ကိုက်တာ အတော်ကို ထူးဆန်းတယ်''

''ဟုတ်တယ် အဖေရယ်၊ ကျွန်တော်ဟာ မိုင်တစ်ထောင်လောက် ပြေးခဲ့သလို ကိုက်ခဲပါတယ်''

တစ်နေ့မှာ ကိုတီအိပ်ရာထပြီး လမ်းနည်းနည်းလျှောက်လို့ ရသတဲ့၊ တတိယမြောက်နေ့မှာ မိခင်ရယ်၊ ဖခင်ရယ်၊ ကိုတီရယ် သူတို့ဟာ ဝက်သစ်ချဟင်းနဲ့ ညစာစားအပြီး မီးအိမ်အနီးမှာ ထိုင်ကြတယ်။

ကိုတီက အမှတ်မထင် ပြောလိုက်တယ်။

''ကျွန်တော် နန်းတော်မှာ ဒီလိုဝက်သစ်ချဟင်းကို စားခဲ့ရတယ်''

''ဘယ်မှာတုန်း''

ကိုတီက ပြောသာပြောပေမယ့် သူ့စကားဟာ မိဘနှစ်ပါးအဖို့ ထူးဆန်းနေမှန်း သိမနေဘူးပေါ့။

''ဘုရင်မင်းမြတ်ရဲ့ စားတော်ပွဲမှာပါ''

''သား အိပ်မက်မက်တာ ဖြစ်လိမ့်မယ်''

''မဟုတ်ဘူး အမေရယ်၊ ကျွန်တော် နန်းတော်ကို ရောက်ခဲ့တယ်၊ ရွှေလှောင်ချိုင့်ထဲက ကျွန်တော်ထွက်လာတော့ အနီရောင်၊ အပြာရောင်၊ ရွှေရောင်ဝတ်ဆင်ထားတဲ့ နန်းတွင်းသူကို မြင်တွေ့တယ်''

''သား နေမကောင်းဖြစ်တုန်းက အိပ်မက်ထဲ မြင်တွေ့ခဲ့သလား''



''မဟုတ်ဘူး၊ ကျွန်တော် နန်းတော်ဆီ တကယ်ရောက်ခဲ့တာပါ မေမေ''

''ဘာများ တွေ့ခဲ့သတုန်း''

''မှတ်ဆိတ်ရှည်ရှည် လူတွေကို တွေ့ခဲ့တာပေါ့၊ လူတစ်ယောက်က ဘုရင်မင်းမြတ်ဖြစ်လိမ့်မယ်၊ သူတို့ဟာ ကျွန်တော့ကို ကြည့်ဖို့လာကြတယ်၊ ကျွန်တော်က အဖေ့ကိုပဲ သတိရမိတယ်၊ ကျွန်တော် အနိုင်ရလိမ့်မယ်လို့လည်း တွက်ထားတယ်၊ ရွှေလှောင်ချိုင့်ထဲက ထွက်လိုက်ရင်ပဲ အကောင်ကြီးတစ်ကောင်ကို တွေ့တာပေါ့၊ သူ့မှာ အာရုံခံ အမွေးရှည်ရှိလို့ ကျွန်တော် ကြောက်သွားတယ်၊ ပုရစ်တိုက်ပွဲစပြီလေ။

တစ်ညပြီးတစ်ည ကျွန်တော်ယှဉ်ပြိုင်ခဲ့တယ်၊ ကျွန်တော်က အဖေ့အတွက် အနိုင်တိုက်ဖို့တစ်ခုပဲ ဆုံးဖြတ်ထားတယ်၊ နောက်ဆုံးညမှာ ဦးခေါင်းနီ တစ်ကောင်ကို ယှဉ်ပြိုင်ရတယ်၊ သူ့ကိုကြည့်ရတာကြောက်ဖို့အလွန်ကောင်းပေမယ့် ကျွန်တော် မမှုပါဘူး။သူ့ဆီ ကျွန်တော်ရင်ဆိုင်တယ်၊ သူ ရောက်လာတဲ့အခါမှာ ရှောင်လိုက်တယ်၊ ကျွန်တော်က သန်မာတယ်၊ သတ္တိရှိတယ်၊ လျင်မြန်တယ်၊ သူ့ အမြီးကို ကျွန်တော်ကိုက်ခဲလိုက်တယ်၊ ရှေ့ခြေထောက်တစ်ခုကိုလည်း ကိုက်ပစ်လိုက်တယ်။

သူဟာ သွေးရူးသွေးတန်းနဲ့ ကျွန်တော့ဆီ တစ်ဟုန်ထိုးဝင်လာတယ်။ ဒီတစ်ခါတော့ ကျွန်တော်သေပြီလို့ ထင်ပေမယ့် တစ်နေရာကို ပြန်တိုက်ခိုက်လိုက်တာကြောင့် သူဟာန်ပျက်နေပြီး မျက်စိက သွေးရွှေ်းကျလာတယ်၊ သူ့လည်ကုပ်ကို ကျွန်တော်ခဲပြီး ပွဲသိမ်းလိုက်တယ်ပဲ''

မိဘနှစ်ပါးဟာ ကိုတီပြောပြတာကို ဆိတ်ဆိတ်နားထောင်လျှက်

www.burmeseclassic.com



ရှိသတဲ့။ သူအိပ်မက်မက်ခဲ့တာကို အမှန်အတိုင်း ပြောဆိုမှန်း သိသတဲ့။

ဖခင်က မေးတယ်။

"ဒါနဲ့ ပုရစ်တိုက်ပွဲမှာ သား ဗိုလ်စွဲခဲ့သလား"

"ဟုတ်ကဲ့ ကျွန်တော် အနိုင်ရလိမ့်မယ်၊ ကျွန်တော်ဟာ အဖေ့အတွက် တိုက်ခိုက်ခဲ့ပါတယ်"

မိဘနှစ်ပါးဟာ သူပြောဆိုတာကို ယုံရခက် မယုံရခက်ဖြစ်နေသတဲ့။ သားငယ် လိမ်မပြောမှန်းသိပေမယ့် သူတို့စောင့်ကြည့်နေရဖို့ရှိတယ်။

ဘုရင်မင်းမြတ်ရဲ့ ထုံးစံအတိုင်း ပုရစ်ကလေးကို ရွှေလှောင်ချိုင့်ထဲမှာ ထည့်ပို့လိုက်တာကြောင့် ပြိုင်ပွဲမစခင် တစ်ရက်ကြိုတင်ပြီး နန်းတော်ကို ရောက်ခဲ့တယ်။ မင်းသားဆီမြို့ဝန်က အရဲစွန့် ဆုံးဖြတ်ပြီး ပုရစ်ကလေးကို ပို့လိုက်တာပဲ။

ဒါပေမယ့် သူ ရှုံးနိမ့်ခဲ့ရင် မစဉ်းစား မဆင်ခြင်တဲ့ ကိစ္စအတွက် ကံရဲ့ပြစ်တင်ခံရဖွယ်ပဲလေ။ ဒါကိုတွေးရင်း မြို့ဝန်ဟာ တုန်လှုပ်နေသတဲ့။

စာကိုဖတ်ပြီးတဲ့အခါ မင်းသားက ဆိုတယ်။

"ငါ့မိတ်ဆွေ ရှုံးနေတာပဲ"

ဘုရင်မင်းမြတ် သမီးတော်ဖြစ်တဲ့ သူ့ဖနီးက ဆိုတယ်။

"သူ့ကို အစမ်းတိုက်ခိုင်းဖို့ မကောင်းလား"

သတ္တိကောင်းတဲ့ ပုရစ်ကလေးက သူမတူအောင် အစွမ်းရှိသတဲ့။ သူ့ကို အနယ်နယ်က ပုရစ်တွေနဲ့ ဖလှယ်ခွက်ထဲ ရင်ဆိုင်တွေစေတဲ့အခါ ကြောက်ရွံ့မှု မရှိမှန်း သိရသတဲ့။



ပထမညမှာ သူ့ထက်နှစ်ဆအရွယ်ကြီးတဲ့ ပုရစ်ကို အလဲထိုးခဲ့တယ်၊ ပန်းပွင့်တောင်ပံပါတဲ့ ပုရစ်ကလေးဟာ ချီးမွမ်းခံရတာပေါ့။

နန်းတော်မှာဆို သူ့အကြောင်းကို ပြောမဆုံးတော့ဘူး။

တစ်ညပြီးတစ်ည ပုရစ်ကလေးပဲ အနိုင်ရတယ်၊ သူဟာ ပေါ့ပါးလျင်မြန်မှုမှာ တစ်ပန်းသာတယ်၊ သူ့ကို ဘယ်ပုရစ်မှ ယှဉ်ပြိုင်မနိုင်ဘဲရှိတယ်။ သူ့ရဲ့ လျှပ်စီးတမျှမြန်ဆန်တဲ့ တိုက်ကွက်ကြောင့် ပြိုင်ဘက်အကောင်ကြီးတွေကို ဒုက္ခပေးနိုင်တာပေါ့။

အဆုံးသတ် မတိုက်ခိုက်မီ သင်းတို့ကို တရစပ် ထိုးနှက်လိုက်တယ်၊ သူ့ရဲ့ သတ်ပုံဟာ မယုံကြည်စရာပါပဲ။

ပုရစ်တိုက်ပွဲဟာ ဩဂုတ်လ ဆယ့်လေးရက်က ဆယ့်ရှစ်ရက်အထိ ငါးညတိုင်တိုင် ပြုလုပ်တယ်။ နောက်ဆုံးညမှာ သူဗိုလ်စွဲတယ်၊ နောက်တစ်နေ့ နံနက်ရောက်တော့ နပန်းဗိုလ်ကလေးဟာ လှောင်ချိုင့်ထဲက ပျောက်သွားသတဲ့။

ဒီသတင်းကို ကီတီတို့မိသားစု ကြားရတဲ့အခါ ဖခင်ဖြစ်သူဟာ ...က်ရည်ကျသတဲ့။ သူတို့အားလုံး အလွန်ပျော်ကြတယ်။

ဖခင်ဟာ အကောင်းဆုံး အဝတ်အကျီကို ဝတ်ဆင်ပြီး ကီတီကို ...ါကာ မြို့ဝန်ဆီသွားတယ်။ သူ့ကို တက္ကသိုလ်ကျောင်းမှာ အဖွဲ့ဝင်လူ...ကြီးအဖြစ် ဂုဏ်ပြုပြီး ကီတီရဲ့ ပညာရေးအတွက် လစဉ်ထောက်ပံ့ငွေ...ရှိသတဲ့။

သူတို့မိသားစု ကံကြမ္မာဟာ ပြောင်းလဲရပြီပေါ့၊ ကီတီဟာ ပညာ...င်ကြားခွင့် ရပြီလေ။

www.burmeseclassic.com



ကီတီက ဒီအကြောင်းကို ပြောပြဖို့ စိတ်မကောင်းဖြစ်ကာ နောင်အခါ ပုရစ်တိုက်ပွဲကို ဘယ်တော့မှ မကြည့်ဘဲ နေသတဲ့။

တစ်နေ့မှာ ကီတီဟာ အရာရှိတစ်ယောက်ဖြစ်လာပြီး အိုမင်းမစွမ်းမိဘနှစ်ပါးကို ကျွေးမွေးစောင့်ရှောက်နိုင်သတဲ့။ အခုဆို မစ္စတာချုံဟာ အဘိုးတစ်ယောက်ဖြစ်လာရပြီပေါ့။ သူဟာ သားဖြစ်သူအကြောင်းကို နှစ်တိုင်း အမြဲပြောတယ်။

သူ့စကားကို နောက်ဆုံး ဒီလိုအဆုံးသတ် ဂုဏ်ယူပြောဆိုသတဲ့

“သားသမီးဝတ်ငါးပါးဆပ်ဖို့ နည်းလမ်းတွေ အများကြီးရှိတယ် မိဘနှစ်ပါးရဲ့ကျေးဇူးတရားကို သိမယ်ဆိုရင် အထက်အရပ်အောက်အရပ်က နတ်တွေက ဒီသားသမီးကို ကူညီစောင့်မ,တယ်”တဲ့။

လင်းထွန်း

www.burmeseclassic.com